# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၇)ရက် ၊ အင်္ဂါနေ့ ၊ (21-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၈၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးချုပ်မှ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ယာယီလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး H.E. Mr. Indrika Ratwatte ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

## ဒုတိယသမ္မတ ဦးညိုစော ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ယာယီလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၀**

ဒုတိယသမ္မတ ဦးညိုစောသည် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးချုပ်မှ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ယာယီလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး H.E. Mr. Indrika Ratwatte ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးနှင့် နားလည်မှုမြှင့်တင်နိုင်ရေး၊ ငလျင်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စာမျက်နှာ ၂၂ ကော်လံ ၁

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပ** စာမျက်နှာ - ၁၈

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပ** စာမျက်နှာ - ၂၁

## လိုင်ဗားရေလှောင်တမံမှ ချင်းပြည်နယ် ဖလမ်းမြို့ သောက်သုံးရေရရှိနိုင်ရေးဆောင်ရွက်

**ဖလမ်း ဇူလိုင် ၂၀**

ဖလမ်းမြို့နယ်ရှိ လိုင်ဗားရေလှောင်တမံမှ ဖလမ်းမြို့သို့ ရေပေးဝေသော ပိုက်လိုင်းများမှာ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရာ ချင်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး၏ ကြီးကြပ်မှုဖြင့် ပြန်လည်ထူထောင်ရေးနှင့် စာမျက်နှာ ၂၅ ကော်လံ ၄





## မိတ္ထီလာမြို့တွင် ရေကြီးမှုရှာဖွေကယ်ဆယ်ရေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြသခြင်းအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့ ဝန်ဇင်းကန်ပေါင် မိတ္ထီလာမြောက်ကန်(ကန်ပေါင်)တွင် မိတ္ထီလာခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က ကြီးမှူးပြုလုပ်သည့် ရေကြီးမှုရှာဖွေကယ်ဆယ်ရေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြသခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ ဖွဲ့စည်းထားမှု၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုများကို စာမျက်နှာ ၂၅ ကော်လံ ၄

**(၉၉)နှစ်မြောက် တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော် ဆောင်းပါး** စာမျက်နှာ - ၂၃

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(NCA-S EAOs)တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲကျင်းပ** စာမျက်နှာ - ၁၆

## ဆင်သေဆည်ရေသောက်စနစ်မှ မိုးစပါးစိုက်ပျိုးရေ ပေးဝေလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆင်သေရေလှောင်တမံ ရေသောက်စနစ်တွင်ပါဝင်သည့် စိုက်ကေများကို စိုက်ပျိုးရေပေးဝေလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း မိုးစပါးစိုက်ကေ ၁၀၉၆၃ ကေ စိုက်ပျိုးရန် လျာထားသည့်အနက် စိုက်ကေ ၁၂၀၀ စိုက်ပျိုးပြီးဖြစ်ပြီး စာမျက်နှာ ၂၅ ကော်လံ ၁



ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၂၁ ရက်

အယ်ဒီတာ့အာဘော်

# စားရေရိက္ခာဖူလုံရေး စိုက်ပျိုးမွေးမြူရေးကဏ္ဍမြှင့်တင်ပေး

စားရေရိက္ခာဆိုသည်မှာ သက်ရှိသတ္တဝါများအားလုံး ရှင်သန်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာပင်ဖြစ်ပေသည်။ အစာအာဟာရမှရရှိသော စွမ်းအင်များသည် နေ့စဉ်သွားလာနိုင်ရေး၊ ခန္ဓာကိုယ်ဖွံ့ဖြိုးရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးရေးနှင့် ရောဂါဘယများအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် စားရေရိက္ခာသည် လူသားတစ်ဦး၏ လူနေမှုဘဝတွင် အခြေခံအကျဆုံး လိုအပ်ချက်ဟုဆိုနိုင်ပေသည်။

စားရေရိက္ခာဖူလုံရေးသည် မိသားစုတစ်စုအတွက် အခြေခံအကျဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်သည်သာမက နိုင်ငံတစ်နိုင်ငံ၏တည်ငြိမ်ရေး၊ အေးချမ်းသာယာဝပြောရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပဓာနကျလှပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကိုမူတည်ပြီး စားရေရိက္ခာကြွယ်ဝရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများ စားရေးအဆင်ပြေမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို ဒေသအလိုက် မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းသည် အကျိုးအမြတ်ရရှိရေးအဓိကမဟုတ်ဘဲ ပြည်သူလူထုအနေဖြင့် အသား၊ ငါးနှင့် ရာသီသီးနှံများကို သက်သာသောဈေးနှုန်းများဖြင့် လုံလောက်စွာဝယ်ယူစားသောက်နိုင်စေရေးအတွက်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နိုင်သည့်ရေခံ၊ မြေခံရှိသည့်အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် ကျေးလက်နေပြည်သူများမှာ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းပိုများသည်။ ထို့အတွက် စပါးအပါအဝင်သီးနှံများစွာကို စိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသည့် နည်းလမ်းများအတိုင်း စနစ်တကျလက်တွေ့ လိုက်နာဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်ခြင်း၊ မြေများကို စနစ်တကျပြုပြင်ခြင်း၊ စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲခြင်းနှင့် ခေတ်မီနည်းစနစ်အသုံးပြုခြင်းတို့ကို စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများက လိုက်နာလုပ်ဆောင်ကြရမည်ဖြစ်သည်။ ထို့ပြင် စိုက်ကေများ တိုးချဲ့စိုက်ပျိုးခြင်းထက် တစ်ဧကအထွက်နှုန်းတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ ရှိပြီးသားမြေအရင်းအမြစ်များပေါ်တွင် သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်မည်ဆိုပါက ယခုထက်ပို၍ တောင်သူတို့၏ဝင်ငွေတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ ထိုသို့ကျေးလက်ဒေသတိုင်းတွင် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းမှသည် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာပေမည်။

စားရေရိက္ခာဖူလုံရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများရရှိရေးအပြင် ဂေဟစနစ်များတည်ငြိမ်ကောင်းမွန်ရေးအတွက် အစိုးရ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအပါအဝင် ဆက်စပ်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြသွားကြရမည်ဖြစ်သည်။ သို့မှသာ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းစနစ်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအလေ့အကျင့်ကောင်းများရရှိလာပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးတက်ထွက်ရှိလာကာ ဘေးကင်းပြီး အာဟာရပြည့်စုံသော အစားအစာများဖူလုံပေါကြွယ်ဝပြီး နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# တံတားဦးမြို့နယ် အုတ်ကျွတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ကျွတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အုတ်ကျွတ်ဖိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၃ ဦးကို ရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **အောင်ရဲကျော်**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရွှေဘို ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၇၃၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၇၅၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲစင်းငုံ ၇၃၀၅ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၅၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ပုသိမ်မြို့နယ်တွင် ပီလောပီနံဥများ အရောင်းအဝယ်ကောင်းမွန်နေ



**ပုသိမ် ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ဒေသထွက် ပီလောပီနံဥများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးသူက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ပီလောပီနံဥများ ဝယ်ယူအား ကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ လက်ရှိအချိန်သည် ပီလောပီနံဥများ ပေါ်ချိန်ဖြစ်ပြီး တစ်ရက်လျှင် ပီလောပီနံဥပိဿာချိန် ၃၅၀၀ မှ ၄၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပီလောပီနံဥတွေ ဒေသဈေးကွက်မှာ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒီနှစ် ပီလောပီနံဥတွေ အရောင်းအဝယ် ကောင်းနေတာက စိုက်သူတွေနည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် အခြားဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေတာပါ။ အရောင်းအဝယ်ဖြစ်နေတဲ့ ပီလောပီနံဥတွေက အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ ပိုးမွှားအန္တရာယ်လဲ ကင်းရှင်းတာ တွေ့ရတယ်။ အခုလို ပီလောပီနံဥတွေပေါ်နေတဲ့အချိန် အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေနဲ့ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာတာတွေ့ရတယ်"ဟု ပုသိမ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးသူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် လက်ရှိ ပီလောပီနံဥကို ကိတ်မုန့်လုပ်ငန်းများကပါ အဝယ်လိုက်နေကြောင်း၊ အဆိုပါ ပီလောပီနံဥတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပုသိမ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးသူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# မြစ်သားမြို့နယ် ခန္တောကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မြစ်သား ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ခန္တော ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီ ဖွဲ့စည်းခြင်းကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက် များ၊ စီမံကိန်းဆိုင်ရာ လုပ်ငန်းစဉ် များအကျိုးကျေးဇူးများ၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာ များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာ ရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြ သော ကျေးရွာသူကျေးရွာသားများ က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ခန္တောကျေးရွာ၌ ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း အသုံးပြု၍ မြို့နယ်ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဝန်ထမ်းများ၏ နည်းပညာ ပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဝမ်းတွင်းမြို့နယ် သဘွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက သဘွတ်ကုန်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက် နေမှုကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်း က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ဝမ်းတွင်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦး နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် နွား မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေ မှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယား ပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့သည်။

အဆိုပါ သဘွတ်ကုန်းကျေးရွာ ၌ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင် သည့် ထူးခြားအောင်အဖွဲ့၊ အောင် ချမ်းသာအဖွဲ့၊ အောင်ပြည့်စုံအဖွဲ့၊ အောင်မြင်သူအဖွဲ့ လေးဖွဲ့မှ အဖွဲ့ ဝင်ဦးရေ ၂၀ ကို ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦး ထံမှ သိရသည်။

**အောင်ရဲကျော်**

# မော်လိုက်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၃၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မော် လိုက်ခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၃၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ၌ မော်လိုက်ခရိုင်တွင် ဟင်းသီး ဟင်းရွက် ၂၆၄၅ ဧက စိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ၈၆၃ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၁၅၁၂ ဧက စုစုပေါင်း ၂၃၇၅ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ ဟင်းသီး ဟင်းရွက် ဧက ၂၆၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ ထိ ဧက ၂၃၀၀ ကျော် စိုက်ပျိုးပြီးစီး ပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင် ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်း ရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေစိုက်ပျိုး ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီး ဟင်းရွက်အားလုံးကို GAP နည်း စနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတု ဓာတ်ကြွင်း အနည်းဆုံးဖြစ် အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီ အောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ဟင်းသီး ဟင်းရွက်စိုက်ပျိုးရန် မြို့နယ် အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၁၁၀၉ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၁၅၃၆ ဧက စုစုပေါင်း ၂၆၄၅ ဧက ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက် နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင် ပါက ဒေသတွင်း စားသုံးမှုဖူလုံစေ မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင် သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင် ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# သာစည်မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ဘုရားကုန်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက် နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် သာစည်မြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက် ဝင်း၊ သာစည်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဘုရားကုန်းကျေးရွာ၌ မြစိမ်း ရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၆၃ ဒသမ ၆ သန်းဖြင့် စိုက်ပျိုး ရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း နှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ နှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့သည်။

ဘုရားကုန်းကျေးရွာ၌ စိုက် ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို ရန်ပုံ ငွေကျပ် ၆၃ ဒသမ ၆ သန်း ထုတ် ချေးပေးထားကြောင်း မြို့နယ် ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးပိမျိုးစုံပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက် သို့ ဇွန်လအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသန်း က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေး ကွက်သို့ ငါးပိ၊ ငါးခြောက်များကို တင်ပို့ ရောင်းချလျက်ရှိရာ မေလအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသ ထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းကြောင့် တင်ပို့အား မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ဇွန်လအတွင်း ကျိုက်လတ် မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးပိ မျိုးစုံပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ် က ထွက်ရှိတဲ့ ငါးပိတွေ ရန်ကုန်ဈေးကွက် ကို အများဆုံး တင်ပို့ရောင်းချတာဖြစ်ပါ တယ်။ လက်ရှိ ဇူလိုင်လထဲမှာလဲ ငါးပိ တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက် နေပါတယ်။ အခုလို ငါးပိတွေ ဝယ်ယူ အားကောင်းလာတော့ ငါးပိလုပ်ငန်း လုပ်ကိုင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ၊ ကုန်တင် ကုန်ချ လုပ်သားတွေ၊ ကုန်တင်ယာဉ်အငှား လိုက်သူတွေ အဆင်ပြေလာပါတယ်။ လက်ရှိမှာ ငါးပိတွေကို ရန်ကုန်ဈေးကွက် အပြင် အခြားဒေသတွေကပါ မှာယူနေပါ တယ်'' ဟု ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေး ကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချ ခဲ့သည့် ငါးပိများမှာ ငါးရံ့ငါးပိ၊ ငါးခုံးမ ငါးပိ၊ ဂျပန်ငါးပိ၊ ငါးပနော်ငါးပိ၊ ငါးပြေမ ငါးပိတို့ဖြစ်ကြောင်း၊ အဆိုပါ ငါးပိများမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ မှ ၅၅၀၀၀ ထိ အမျိုးအစားလိုက် ဈေးနှုန်း အနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၁၁)

ပါမောက္ခကိုကိုအောင်




**ဖော့စဖရတ်(Phosphorus)**

ဖော့စဖရတ်သည် ခန္ဓာကိုယ်အတွက် အရေးကြီးသော သတ္တုဓာတ်တစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်ထဲရှိ ဖော့စဖရတ်၏ ၈၅ ရာခိုင်နှုန်းခန့်က အရိုးနှင့် သွားတို့တွင် ကယ်လ်စီယမ်နှင့်အတူ ပေါင်းစပ်ပါဝင်ခြင်းဖြင့် ၎င်းတို့ကို ကျန်းမာကြံ့ခိုင်စေသည်။

ခန္ဓာကိုယ်အတွင်းရှိ ATP ( Adenosine Triphos-phate)ဟုခေါ်ဆိုသော ဆဲလ်များ၏ စွမ်းအင်အခြေခံဒြပ်ပေါင်း၌ ဖော့စဖရတ်ပါဝင်ပြီး ခန္ဓာကိုယ်၏ လှုပ်ရှားမှုစွမ်းအင်အဖြစ် ATP ကို ခွဲထုတ်သုံးစွဲရသည့်အတွက် ဖော့စဖရတ်က စွမ်းအင်ထုတ်လုပ်မှုကို သွယ်ဝိုက်သောနည်းဖြင့် ပံ့ပိုးပေးသည်။

ဆဲလ်တိုင်း၏မျိုးဗီဇဆိုင်ရာ ပစ္စည်းများဖြစ်သော DNA နှင့် RNA တို့၌ ဖော့စဖရတ်ပါဝင်နေပြီး ဆဲလ်များကွဲပြားကြီးထွားရန်အတွက် ဖော့စဖရတ်က မရှိမဖြစ် သတ္တုဓာတ်ဖြစ်သည်။

ဆဲလ်တစ်ခု၏အပြင်ဘက်အလွှာဖြစ်သော အမြှေးပါးကို ဖွဲ့စည်းရာ၌လည်း ဖော့စဖရတ်က ပါဝင်သည်။ ခန္ဓာကိုယ်၏သွေးနှင့် တစ်ရှူးများထဲ၌ အက်စစ်ဓာတ်နှင့် အယ်လ်ကာလီဓာတ်ညီမျှမှုကို ထိန်းသိမ်းပေးခြင်းဖြင့် PH Level ကို တည်ငြိမ်စေသည်။

ဖော့စဖရတ်သည် အစားအစာ အများအပြားတို့၌ သဘာဝအလျောက် ပါဝင်နေသည်။ ပရိုတင်းဓာတ်ကြွယ်ဝသောအစားအစာများဖြစ်ကြသည့် အသား၊ ငါး (အထူးသဖြင့် ဆော်လမွန်ငါး၊ တူနာငါးကဲ့သို့သော ပင်လယ်ငါးများ)နှင့် ကြက်ဥအနှစ်၊ ဘဲဥအနှစ်တို့သည် ဖော့စဖရတ်ကြွယ်ဝသောအရင်းအမြစ်များ ဖြစ်ကြသည်။

နို့၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ အခွံမာသီးများနှင့် ပဲပိစပ်၊ ကုလားပဲ၊ မက္ကဒေးမီးယား၊ သစ်ကြားသီးတို့သည် ဖော့စဖရတ်ကြွယ်ဝပြီး သက်သတ်လွတ်စားသူများအတွက် သင့်လျော်ကောင်းမွန်သည့် အာဟာရများပင်ဖြစ်သည်။ ဂျုံကြမ်းနှင့် အနှံများ၌မူ ဖော့စဖရတ်က အလွန်ကြွယ်ဝစွာပါဝင်နေသည်။

ဖော့စဖရတ်သည် ခန္ဓာကိုယ်အတွက် အရေးကြီးသော်လည်း အလွန်အကျွံ စားသုံးမိပါက အန္တရာယ်ရှိနိုင်သည်ကို သတိပြုကြရန် လိုအပ်သည်။ အထူးသဖြင့် ကျောက်ကပ်မကောင်းသူတို့၏ ခန္ဓာကိုယ်ထဲ၌ ဖော့စဖရတ်က စုပုံများပြားလာနိုင်ပြီး နှလုံးနှင့် အရိုးတို့ကို ထိခိုက်စေနိုင်သည်။ ပုံမှန်အားဖြင့် ကျန်းမာသူတစ်ဦးအတွက် အစားအစာကို သင့်တင့်မျှတအောင် စားသုံးပါက ဖော့စဖရတ်ချို့တဲ့မှုနှင့် ကြုံတွေ့ရရန် အခွင့်အလမ်းက အလွန်နည်းပါးသည်။

**ဇင့်ဓာတ်**

ဇင့်ဓာတ်ကလည်း ခန္ဓာကိုယ်အတွက် အရေးပါသော သတ္တုဓာတ်ဖြစ်သည်။ ၎င်းက ဗီတာမင်များနှင့် အတူတကွလုပ်ဆောင်ကာ ခန္ဓာကိုယ်၏ များစွာသော ဇီဝကမ္မဖြစ်စဉ်ကို ထောက်ပံ့ပေးသည်။

ဇင့်ဓာတ်သည် ခန္ဓာကိုယ်အတွက် အဓိကကျသော အာဟာရဓာတ်တစ်မျိုးဖြစ်ပြီး ကိုယ်ခံအားစနစ်အားကောင်းစေရေးအတွက် ခန္ဓာကိုယ်ရှိကိုယ်ခံအားဆဲလ်များ၏ဖွံ့ဖြိုးမှုနှင့် လုပ်ငန်းဆောင်တာများအတွက် အထောက်အကူပြုသည်။ အနာဒဏ်ရာများဖြစ်ပွားသည့်အခါ အနာကျက်စေရန် အရေပြားဆဲလ်များ ပြန်လည်ဖွံ့ဖြိုးမှုအတွက် လိုအပ်သောဓာတ်တစ်မျိုးလည်းဖြစ်သည်။

ထို့ပြင် DNA ဖွဲ့စည်းခြင်းနှင့် ပရိုတင်းဓာတ်များ ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်၏ဆဲလ်များ ကြီးထွားမှုနှင့် ကွဲပြားမှုအတွက် အရေးပါသည်။ အလားတူပင် အရသာနှင့် အနံ့ခံစားမှုဆိုင်ရာ အာရုံကြောများ၏ လုပ်ဆောင်မှုများအတွက်လည်း အထောက်အကူပြုသည်။

အနီရောင်အသား(အမဲသား၊ ဆိတ်သား)၊ အထူးသဖြင့် အသည်းနှင့်အဆီမပါသောအသားတို့တွင် ဇင့်ဓာတ်ကို အများဆုံး တွေ့ရှိရသည်။ ဝက်သား၊ ကြက်သား (အထူးသဖြင့် အရေခွံမပါသော ရင်ပုံသား)၊ ပင်လယ်စာများဖြစ်ကြသော ခုံးကောင်၊ ကမာကောင်၊ ခရုတို့သည် ဇင့်ဓာတ်၏အကောင်းဆုံးသော အရင်းအမြစ်များဖြစ်ကြသည်။

ကဏန်း၊ ပုစွန်နှင့် ပဲအမျိုးမျိုးတို့ကို ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဂေါ်ဖီထုပ်တို့နှင့် တွဲဖက်ချက်ပြုတ်ပါက ဇင့်ဓာတ်စုပ်ယူမှုကို ပိုမိုကောင်းမွန်စေသည်။ အစေ့အဆန်များဖြစ်ကြသော ရွှေဖရုံစေ့၊ နေကြာစေ့၊ သီဟိုဠ်စေ့၊ နို့၊ ဒိန်ခဲ၊ ဒိန်ချဉ်တို့တွင်လည်း ဇင့်ဓာတ်က အနည်းငယ်စီပါဝင်သည်။

**သံဓာတ်**

သံဓာတ်သည် ဟေမိုဂလိုဘင်ဖွဲ့စည်းမှုအတွက် သွေးနီဥဆဲလ်များ ဖွဲ့စည်းဖြစ်ပေါ်ရာတွင် အဓိကလိုအပ်သော ဓာတ်တစ်မျိုးဖြစ်သည်။ ဟေမိုဂလိုဘင်က အောက်ဆီဂျင်ကို ခန္ဓာကိုယ်တစ်ရှူးများဆီသို့ သယ်ဆောင်ပေးသည်။

ဆဲလ်များအတွင်း စွမ်းအင်ထုတ်လုပ်မှုဖြစ်စဉ်တွင် သံဓာတ်က အရေးပါသည့်ကဏ္ဍ၌ ပါဝင်သည်။ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် လုပ်ငန်းစဉ်များအတွက်လည်း သံဓာတ်က အရေးပါပြီး ဉာဏ်ရည်ဆိုင်ရာလုပ်ဆောင်မှုကို အထောက်အပံ့ပေးသည်။

သံဓာတ်ကို Heme Iron နှင့် Non-heme Iron ဟူ၍ နှစ်မျိုးခွဲခြားထားသည်။ Heme Iron က ခန္ဓာကိုယ်၏ စုပ်ယူမှု အားကောင်းသော သံဓာတ်ဖြစ်ပြီး Non-heme Iron ကမူ ခန္ဓာကိုယ်က စုပ်ယူမှုနည်းပါးသည့် သံဓာတ်ဖြစ်သည်။

အနီရောင်အသားများဖြစ်သည့် အမဲသား၊ ဆိတ်သား၊ သိုးသား၊ အမဲအသည်း၊ ကြက်အသည်း၊ ဝက်သား၊ ငါး၊ ပုစွန်၊ ကြက်သား (အထူးသဖြင့် အရေခွံမပါသော ရင်ပုံသား)တို့က Heme Iron ကြွယ်ဝသော အစားအစာများဖြစ်ကြသည်။ ပဲနီလေး၊ ကုလားပဲ၊ ပဲပိစပ်၊ ပဲစိမ်း၊ ဟင်းနုနယ်အပါအဝင် အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များ၊ တိုဟူးနှင့် ပဲပြား၊ ရွှေဖရုံစေ့၊ နေကြာစေ့၊ စမုန်စေ့၊ ဆီးသီးခြောက်၊ စွန်ပလွံသီးခြောက်၊ အခွံပါအာလူး၊ ဆန်နှင့် ဂျုံတို့က Non-heme Iron ပါဝင်သော အစားအစာများ ဖြစ်ကြသည်။

**ဗီတာမင်များနှင့် ဆက်စပ်မှု**

ဇင့်ဓာတ်နှင့် သံဓာတ်တို့က ဗီတာမင်များနှင့်အတူတကွလုပ်ဆောင်ပြီး ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်များကို ထောက်ပံ့ပေးသည်။ ဗီတာမင် C က သံဓာတ်စုပ်ယူမှုကို မြှင့်တင်ပေးသည့်အတွက် သံဓာတ်ပါရှိသောအစားအစာများကို ဗီတာမင် C ပါဝင်သော အစားအစာများ (ဥပမာ-ချဉ်သောအသီးများ)နှင့် တွဲဖက်၍ စားသုံးခြင်းဖြင့် သံဓာတ်စုပ်ယူမှုကို ပိုမိုကောင်းမွန်စေသည်။

ဗီတာမင် A က ဇင့်ဓာတ်ကို ခန္ဓာကိုယ်အတွင်းသို့ သယ်ဆောင်ရာတွင် အထောက်အကူပြုသည်။ ဗီတာမင် D ကလည်း ကိုယ်ခံအားစနစ်အတွက် အရေးပါပြီး ဇင့်ဓာတ်နှင့်အတူ လုပ်ဆောင်သည်။

သတိပြုကြရမည့်အချက်မှာ ဖော်ပြပါဓာတ်များကို လိုအပ်သည်ထက် ပိုမိုစားသုံးမိပါက ခန္ဓာကိုယ်အတွက် ဆိုးကျိုးများကိုဖြစ်စေနိုင်သောကြောင့် မျှတစွာစားသုံးရန် အရေးကြီးသည်။

အကယ်၍ ဇင့်ဓာတ်နှင့် သံဓာတ်တို့အပါအဝင် သတ္တုဓာတ်များချို့တဲ့မှုကြောင့် ဖြည့်စွက်ဆေးများကို သောက်သုံးရန် လိုအပ်ပါကမူ ဆရာဝန် သို့မဟုတ် အာဟာရပညာရှင်နှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်မည်ဖြစ်သည်။

**ကြေးနီ**

ကြေးနီက သံဓာတ်၏ ဇီဝဖြစ်ပျက်မှု၊ အာရုံကြော၏လုပ်ငန်းဆောင်တာများနှင့် ဓာတ်တိုးဆန့်ကျင်အင်ဇိုင်းများကို ဖွဲ့စည်းရန် ကူညီဆောင်ရွက်ပေးသည်။

တိရစ္ဆာန်တို့၏ အသည်း၊ ကဏန်းနှင့် မုတ်ကောင်စသော ပင်လယ်စာများ၊ သီဟိုဠ်စေ့နှင့် နေကြာစေ့စသောအခွံမာသီးများနှင့် မှိုတို့သည် ကြေးနီဓာတ်ကြွယ်ဝသောအစာအာဟာရများ ဖြစ်ကြသည်။

**မဂ္ဂနိစ်**

ခန္ဓာကိုယ်၏ အရိုးဖွဲ့စည်းမှု၊ အရွတ်နှင့် အရိုးနုများဖွဲ့စည်းမှု၊ သွေးတွင်းသကြားဓာတ်၏ ဇီဝဖြစ်ပျက်မှုများကို မဂ္ဂနိစ်က ကူညီပံ့ပိုးပေးပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ်ပါ လုပ်ဆောင်ပေးသည်။

မဂ္ဂနိစ်ကို အဓိကရရှိနိုင်သော အစားအစာများမှာ လက်ဖက်ရည်ကြမ်း၊ အခွံမာသီးများ၊ ပဲပိစပ်၊ ကွေကာအုပ်နှင့် ဟင်းနုနယ်တို့ဖြစ်ကြသည်။

**အိုင်အိုဒင်း**

သိုင်းရွိုက်ဟော်မုန်းများ ဖြစ်ကြသော T3 နှင့် T4 တို့ကို ထုတ်လုပ်ရာတွင် အိုင်အိုဒင်းကို အဓိကလိုအပ်သည်။ အိုင်အိုဒင်းက ဇီဝဖြစ်ပျက်မှုနှုန်းကိုလည်း ထိန်းညှိပေးသည်။

အိုင်အိုဒင်းကို အဓိကအားဖြင့် အိုင်အိုဒင်းဆားအမျိုးမျိုး၊ ပင်လယ်ရေညှိများ၊ ပင်လယ်ငါးနှင့် နို့အမျိုးမျိုးကို စားသုံးခြင်းဖြင့် ရရှိနိုင်သည်။

**ခရိုမီယမ်**

ခန္ဓာကိုယ်အတွင်း၌ အင်ဆူလင်ဟော်မုန်း၏ လုပ်ဆောင်မှုကို ခရိုမီယမ်ကမြှင့်တင်ပေးခြင်းအားဖြင့် သွေးတွင်းသကြားဓာတ်ကိုထိန်းညှိရန်ကူညီပေးသည်။

ခရိုမီယမ်သတ္တုဓာတ်ကို ကွေကာအုပ်၊ အမဲသား၊ ပဲပိစပ်၊ ထောပတ်သီးနှင့် ပန်းဂေါ်ဖီစိမ်းတို့ကို စားသုံးခြင်းအားဖြင့် ရရှိနိုင်မည်ဖြစ်သည်။

**မိုလစ်ဒီနမ်**

မိုလစ်ဒီနမ်က အချို့သော အင်ဇိုင်းများ၏ အစိတ်အပိုင်းအဖြစ် ပါဝင်ကူညီပေးသည်။ အထူးသဖြင့် အမိုင်နိုအက်စစ်၏ ဇီဝဖြစ်ပျက်မှုတွင် ကူညီဆောင်ရွက်ပေးသည်။

ပဲအမျိုးမျိုး၊ ကွေကာအုပ်၊ နို့နှင့် ဟင်းနုနယ်တို့ကို ပုံမှန်စားသုံးလျှင် မိုလစ်ဒီနမ်သတ္တုဓာတ်ကို ရရှိနိုင်သည်။

**သတိပြုရန်**

ဖော်ပြပါ သတ္တုဓာတ်များအားလုံးကို ခန္ဓာကိုယ်က လိုအပ်သော်လည်း လိုအပ်သည့်ပမာဏကမူ အလွန်နည်းပါးလှသည်။ အစာအာဟာရများကို မျှမျှတတ စားသုံးမည်ဆိုလျှင် အဆိုပါသတ္တုဓာတ်များကို ခန္ဓာကိုယ်က လုံလောက်စွာရရှိနိုင်သည်။

အကယ်၍ ကျန်းမာရေးအခြေအနေအရ သို့တည်းမဟုတ် အာဟာရချို့တဲ့မှုတစ်ခုခုရှိနေသည်ဟု သံသယရှိနေပါက ဆရာဝန်၏ ညွှန်ကြားချက်ဖြင့် သွေးစစ်ပြီး ထွက်ရှိလာသည့် သွေးစစ်ဆေးမှုအဖြေများအပေါ် ဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ ဖြည့်စွက်စာများကို သောက်သုံးကြရမည်ဖြစ်သည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ဆားလင်းကြီး ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၈၅၇၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ နှမ်း ၁၈၅၇၆ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ဆားလင်းကြီးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ် မြောင်းဆုံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြောင်းဆုံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ပိုနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်ခင်ပိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြောင်းဆုံကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၂၈ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၁၉ ဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၇ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ပိုက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# လိပ်စာမှန်

\- ပျားကလေးရဲ့ စံနမူနာ၊
နန်းမြိုင်မှာ ပန်းခိုင်ညွတ်မျှ
ဝတ်ရည်ခပ်လာ၊
နှောင်အရေးကိုဖြင့်
ဆောင်တွေးလို့ စုဆောင်းကာ
ပြုကောင်းစွာ ဘယ်မချို့၊
သွားအပြန် သိက္ခာထယ်(ထည်)လို့
လိပ်စာလွယ် လမ်းမမှား
ပျားအုံဆီသို့။

\- ယင်ကောင်ကြီးတွေ တဝီဝီ၊
တစ်နပ်စားကြံ ဝိုင်းအုံဖွဲ့
ပုပ်အဲ့အညှီ၊
သူ့နေရာ ဘယ်ဌာနပါလိမ့်
ရွယ်ကာဆ အငူစခန်းမတည်
သူလှမ်းမည် ဘယ်ဆီအထိ၊
ဘဝအရေး
ခဏလေးတောင် သူမကြံဘု
မပူပန် အပျော်ကြိုက်ပါလို့
မူမဟန် အပျော်လိုက်ရှာလို့
ပျော်မိုက်ကာ အရှုပ်အဖွတွေနဲ့
ထုတ်ပြစရာ သိက္ခာမရှိ
လိပ်စာမသိ။ ။

**ချစ်စုအောင်**

# သဲကုန်းမြို့နယ် ကြို့ရပ်သာကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သဲကုန်း ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ရပ်သာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက ကြို့ရပ်သာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေများဖြင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကြို့ရပ်သာကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သောတင့်ခိုင်မြဲသာ၊ တိုးတက်ချမ်းသာ၊ ထွန်းလင်းထက်သာ၊ နေဝန်းသာအဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

## နိုင်ငံတကာ သတင်းများ

# ရုရှားသမ္မတနှင့် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံ



**မော်စကို ဇူလိုင် ၂၀**

ရုရှားသမ္မတ ပူတင်သည် မော်စကိုမြို့သို့ ရောက်ရှိနေသော မြောက်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီး ချိုဆွန်ဟွီးနှင့် ယနေ့တွင် ကရင်မလင်နန်းတော်၌ တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း RT သတင်း ဌာနက ဖော်ပြထားသည်။

ယူကရိန်း အထူးစစ်ဆင်ရေး တွင် စစ်ရေးအရ ပါဝင်ကူညီပေးခဲ့ သည့်အတွက် မြောက်ကိုရီးယား နိုင်ငံကို ကျေးဇူးတင်ကြောင်း မြောက်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးနှင့်တွေ့ဆုံစဉ် ရုရှားသမ္မတ ပူတင်က ထုတ်ဖော်ပြောကြား ခဲ့သည်။

မြောက်ကိုရီးယား တပ်များ သည် ၂၀၂၄ ခုနှစ်တွင် ရုရှား အနောက်ပိုင်း ခုချ်ဒေသအတွင်း ကျူးကျော် ဝင်ရောက်ခဲ့သည့် ယူကရိန်းတပ်များကို ပြန်လည် တိုက်ထုတ်ရာတွင် ရုရှားတပ်များ နှင့် ပူးပေါင်းတိုက်ပွဲဝင်ခဲ့သည်။

ရုရှားနှင့် မြောက်ကိုရီးယားတို့ ကြား ရယူထားသည့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် ကာကွယ် ရေး သဘောတူညီချက်အရ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ခုချ်ဒေသတိုက်ပွဲများ အတွက် တပ်ဖွဲ့ဝင်ဦးရေ ၁၄၀၀၀ ခန့် စေလွှတ်ပေးခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီး ချိုဆွန်ဟွီးသည် ဇူလိုင် ၁၈ ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့ သို့ စတင်ရောက်ရှိခဲ့သည်။

မော်စကိုမြို့သို့ ရောက်ရှိခဲ့ ပြီးနောက် ဇူလိုင် ၁၉ ရက်တွင် ချိုဆွန်ဟွီးသည် ရုရှားနိုင်ငံခြား ရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကာတာနိုင်ငံ၏လက်ဆောင် အဲဖို့စ်ဝမ်းလေယာဉ်ကို အဆင့်မြှင့်တင်မှုပြုလုပ်မည်ဟု သမ္မတဒေါ်နယ်ထရမ့် ပြောကြား




**ဝါရှင်တန် ဇူလိုင် ၂၀**

ကာတာနိုင်ငံက လက်ဆောင် အဖြစ်ပေးထားပြီး အဲဖို့စ်ဝမ်း သမ္မတစီးလေယာဉ်အဖြစ် အသုံး ပြုနေသော ဘိုးအင်း ၇၄၇-၈၀၀ လေယာဉ်ကို မကြာမီကာလ အတွင်း အဆင့်မြှင့်တင်မှုများ ပြုလုပ်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင် ၁၉ ရက် က ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါလေယာဉ်၏ လုံခြုံရေး စနစ်များနှင့်ပတ်သက်၍ မေးခွန်း ထုတ်မှုများ ပေါ်ထွက်လာခဲ့ပြီး နောက် ထိုလေယာဉ်ကို အဆင့် မြှင့်တင်မှုများပြုလုပ်ရန် သမ္မတ ဒေါ်နယ်ထရမ့်က စီစဉ်ထားခြင်း ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်သည် ကာတာနိုင်ငံ၏ လက်ဆောင် အဆိုပါလေယာဉ်ကို အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော် အကုန်အကျခံ၍ အဲဖို့စ်ဝမ်း သမ္မတစီး လေယာဉ်အဖြစ် ပြောင်းလဲမွမ်းမံခဲ့ပြီးနောက် ဇူလိုင် ၁ ရက် တွင် ပထမဆုံးအကြိမ် အသုံးပြုခဲ့သည်။

သို့ရာတွင် သမ္မတ ဒေါ်နယ် ထရမ့်သည် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)ထိပ်သီး ညီလာခံ တက်ရောက်ခဲ့ပြီးနောက် တူကီယဲမှ ဗြိတိန်သို့ သွားရောက် ချိန်တွင် အမေရိကန်လေတပ်၏ ယခင် အဲဖို့စ်ဝမ်းလေယာဉ်ဟောင်း ကို အသုံးပြုခဲ့ပြီး လန်ဒန်သို့ ရောက်ရှိချိန်တွင် ကာတာနိုင်ငံ၏ လက်ဆောင် လေယာဉ်သစ်ကို ပြောင်းလဲအသုံးပြုခဲ့သည်။

အီရန်နှင့် စစ်ရေးပဋိပက္ခများ ဖြစ်ပွားချိန်တွင် သမ္မတဒေါ်နယ် ထရမ့်က အဲဖို့စ်ဝမ်းလေယာဉ်ကို အပြောင်းအလဲ ပြုလုပ်ခဲ့မှုကြောင့် အဲဖို့စ်ဝမ်းလေယာဉ်သစ်၏ လုံခြုံ ရေးစနစ်များကို ကျွမ်းကျင်သူများ က မေးခွန်းထုတ်လာခဲ့ကြသည်။

အထူးသဖြင့် ကာတာနိုင်ငံ၏ လက်ဆောင် အဲဖို့စ်ဝမ်းလေယာဉ် သစ်တွင် ဒုံးကျည်ကာကွယ်ရေး စနစ်စွမ်းဆောင်ရည်များ ကင်းမဲ့ နေသည်ဟု ကျွမ်းကျင်သူများက သုံးသပ် ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဂူယာနာကမ်းလွန်၌ ကူးတို့သင်္ဘောတစ်စီး တိမ်းမှောက်၊ လူအများအပြားသေဆုံးနိုင်

**ဂျော့ရှ်တောင်း ဇူလိုင် ၂၀**

ဂူယာနာနိုင်ငံ ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ လူ ၁၃၃ ဦး လိုက်ပါလာသည့် ကူးတို့သင်္ဘော တစ်စီး ဇူလိုင် ၁၈ ရက်တွင် တိမ်းမှောက်ခဲ့ရာ လူအများအပြား သေဆုံးနိုင်ကြောင်း ဂူယာနာတာဝန် ရှိသူများက ထုတ်ဖော်ပြောကြား ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ခရီးသည် ၁၁၆ ဦးနှင့် ရေယာဉ် ဝန်ထမ်း ၁၇ ဦးတို့လိုက်ပါလာသော အမ်ဗွီဘာရီမာကူးတို့သင်္ဘောသည် ဂူယာနာနိုင်ငံ မြောက်အတ္တလန္တိတ် ကမ်းရိုးတန်းနှင့် ရေမိုင် ခုနစ်မိုင်ခန့်အကွာ ရေပြင်အတွင်း တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ရေယာဉ်တိမ်းမှောက်ပြီးနောက် ကလေး ၁၅ ဦးအပါအဝင် လူ ၆၇ ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းထိ အသက်ရှင်ကျန်ရစ်သူ တစ်ဦး တစ်ယောက်မျှ ထပ်မတွေ့ရသေး ကြောင်း ဂူယာနာတာဝန်ရှိသူ များက ပြောကြားထားသည်။

အမ်ဗွီဘာရီမာ ကူးတို့သင်္ဘော သည် ဂျော့ရှ်တောင်းမြို့မှ ပို့သ်ကိုင် တူမာဆိပ်ကမ်းသို့ ခုတ်မောင်းနေ စဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

သတ်မှတ်ဦးရေထက် ခရီးသည် များ ပိုမိုတင်ဆောင်မှုနှင့် ရေယာဉ် ဝန်ထမ်းများ မူးယစ်ဆေးသုံးစွဲ ထားမှုကြောင့် ရေယာဉ် တိမ်းမှောက်ခဲ့ရခြင်း ဖြစ်နိုင် ကြောင်း ဂူယာနာ တာဝန်ရှိသူများ က ပြောကြားထားသည်။

လက်ရှိတွင် ရေယာဉ်မှူးနှင့် ရေယာဉ်ဝန်ထမ်းများကို ဖမ်းဆီး ထိန်းသိမ်းထားပြီး ပျောက်ဆုံးနေ သူများကို ဆက်လက်ရှာဖွေနေဆဲ ဟု ဂူယာနာ တာဝန်ရှိသူများ က ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကွန်ဂို၌ အီဘိုလာဗိုင်းရပ်စ်ကပ်ဘေးကြောင့် သေဆုံးသူဦးရေ ၉၃၀ ထိ ရှိလာ

**ကင်ရှာဆာ ဇူလိုင် ၂၀**

ကွန်ဂို ဒီမိုကရက်တစ်သမ္မတ နိုင်ငံ၌ အီဘိုလာဗိုင်းရပ်စ် ကူးစက် ရောဂါကြောင့် သေဆုံးသူဦးရေမှာ ၉၃၀ ထိ ရှိလာခဲ့ပြီဖြစ်ကြောင်း ကွန်ဂို ကျန်းမာရေးဝန်ကြီးဌာန က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့ သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ထို့ပြင် အီဘိုလာဗိုင်းရပ်စ် ကူးစက်သူဦးရေမှာလည်း ဇူလိုင် ၁၈ ရက်တွင် ၂၃၄၄ ဦးထိ ရှိလာ ကြောင်း ကွန်ဂို ကျန်းမာရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် တွင် ဖော်ပြထားသည်။

ကွန်ဂိုနိုင်ငံ အရှေ့ပိုင်း၌ လက်ရှိဖြစ်ပွားနေသော အီဘိုလာ ဗိုင်းရပ်စ်ကူးစက်မှုကို သမိုင်းတစ် လျှောက် ကူးစက်မှုနှုန်း အမြန်ဆုံး အီဘိုလာဗိုင်းရပ်စ် ကူးစက်မှု ကပ်ဘေးအဖြစ် သုတေသနပညာ ရှင်များက သတ်မှတ်ထားသည်။

ကွန်ဂိုနိုင်ငံ၌ လက်ရှိ ကူးစက် နေသည့် အီဘိုလာဗိုင်းရပ်စ်မှာ Bundibugyo ခေါ် ရှားပါးမျိုးကွဲ ဖြစ်ပြီး ထိုဗိုင်းရပ်စ်အတွက် ကာကွယ်ဆေးနှင့် သီးသန့်ကုထုံး များ မရှိသေးကြောင်း ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO)က ပြောကြားထားသည်။

Bundibugyo အီဘိုလာဗိုင်းရပ်စ် သည် ကွန်ဂိုအရှေ့ပိုင်းပြည်နယ် ငါးခုတို့၌ ကူးစက်လျက်ရှိသည်။

လက်ရှိ ပေါ်ပေါက်နေသည့် အီဘိုလာဗိုင်းရပ်စ်ကပ်ဘေးသည် ၁၉၇၆ ခုနှစ်မှစ၍ ကွန်ဂိုနိုင်ငံ ရင်ဆိုင်ခဲ့ရသော ၁၇ ကြိမ်မြောက် အီဘိုလာဗိုင်းရပ်စ် ကပ်ဘေးဖြစ် ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# အီရန်ပစ်မှတ်များကို အမေရိကန်ဆက်လက်တိုက်ခိုက် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများမြင့်တက်လာ

**ဝါရှင်တန် ဇူလိုင် ၂၀**

အမေရိကန်နိုင်ငံက အီရန်စစ် ရေးပစ်မှတ်များကို နဝမမြောက် နေ့အဖြစ် ဆက်လက်တိုက်ခိုက်ခဲ့ ပြီးနောက် ယနေ့တွင် ကမ္ဘာ့ရေနံ ဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ယနေ့တွင် အာရှရေနံဈေးကွက် ၌ ရေနံစိမ်းဈေးနှုန်းမှာ တစ်စည် လျှင် အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၅ ဒေါ်လာထိ မြင့်တက်လာ ခဲ့သည်။



အဆိုပါ ရေနံစိမ်းတစ်စည် ဈေးနှုန်းသည် ယခုနှစ် ဇွန်လ နောက်ပိုင်း အာရှရေနံဈေးကွက် အတွက် အမြင့်ဆုံး ရေနံဈေးနှုန်း ဖြစ်လာခဲ့ကြောင်း ကျွမ်းကျင်သူ များက သုံးသပ်ပြောကြား ထားသည်။

ယနေ့တွင် အမေရိကန်နိုင်ငံက နဝမမြောက်နေ့အဖြစ် အီရန် စစ်ရေးပစ်မှတ်များကို တိုက်ခိုက် ခဲ့ရာ အီရန်နိုင်ငံကလည်း ကူဝိတ်၊ ဆီးရီးယား၊ ဂျော်ဒန်နိုင်ငံတို့ရှိ အမေရိကန် စစ်စခန်းများကို လက်တုံ့ပြန်တိုက်ခိုက်ခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံ တို့ကြား စစ်ရေးပဋိပက္ခများ ပြန်လည် ပြင်းထန်လာမှု ကြောင့် ဟော်မုဇ်ရေလက်ကြား တစ်လျှောက် ရေနံသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ ထိခိုက် ပျက်ပြားမည့်အရေးကို နိုင်ငံ တကာက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အိန္ဒိယနိုင်ငံအခြေစိုက် ပုဂ္ဂလိကအာကာသကုမ္ပဏီတစ်ခုဖြစ်သော စကိုင်းရုကုမ္ပဏီက ဗီခရမ်-၁ ဒုံးပျံကို အောင်မြင်စွာလွှတ်တင်ခဲ့



**နယူးဒေလီ ဇူလိုင် ၂၀**

အိန္ဒိယနိုင်ငံအခြေစိုက် ပုဂ္ဂလိကအာကာသကုမ္ပဏီတစ်ခုဖြစ်သော စကိုင်းရုကုမ္ပဏီသည် ဗီခရမ်-၁ ဒုံးပျံကို ဇူလိုင် ၁၈ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၁၉ ရက် သတင်းများအရ သိရသည်။

အဆိုပါမစ်ရှင်သည် ဒုံးပျံ၏ စွမ်းဆောင်ရည်များကို ဆန်းစစ်ရေးအတွက် လွှတ်တင်ခဲ့သည့် စမ်းသပ်မစ်ရှင် ဖြစ်သော်လည်း ဗီခရမ်-၁ သည် သယ်ဆောင်ထားသည့် ဂြိုဟ်တုငယ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဗီခရမ်-၁ မစ်ရှင် အောင်မြင်ခဲ့မှုကြောင့် အိန္ဒိယနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ပြီးလျှင် ပုဂ္ဂလိက အာကာသကုမ္ပဏီတစ်ခုက ဒုံးပျံအောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည့် တတိယမြောက် ကမ္ဘာ့နိုင်ငံဖြစ်လာခဲ့သည်။

ဗီခရမ်-၁ ဒုံးပျံသည် အလေးချိန် ပေါင် ၇၇၀ (ကီလိုဂရမ် ၃၅၀) ရှိသော ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း စကိုင်းရုကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

စကိုင်းရုကုမ္ပဏီသည် ဗီခရမ်-၁ ဒုံးပျံကို ဆရီဟာရီကိုတာကျွန်းဆာတစ်ရှ်ဒါဝန် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

စကိုင်းရုအာကာသနည်းပညာကုမ္ပဏီသည် ဟိုက်ဒရာဘတ်မြို့ အခြေစိုက် အာကာသနည်းပညာကုမ္ပဏီဖြစ်ပြီး အိန္ဒိယအာကာသ အေဂျင်စီ အင်ဂျင်နီယာဟောင်းများက ၂၀၁၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။


Ref : Russia Today
Trs : KKO

## LHS 1140b အမည်ရှိ နေအဖွဲ့အစည်းပြင်ပ ကျောက်သားဂြိုဟ်တစ်စင်းက လေထုလွှာပိုင်ဆိုင်ထား

**ဝါရှင်တန် ဇူလိုင် ၂၀**

LHS 1140b အမည်ရှိ နေအဖွဲ့အစည်းပြင်ပ ကျောက်သားဂြိုဟ်တစ်စင်းသည် လေထုလွှာပိုင်ဆိုင်ထားကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏အဆိုကိုကိုးကား၍ ဇူလိုင် ၁၉ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

LHS 1140b ဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၄၉ နှစ် အကွာတွင်တည်ရှိသော ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသည့် ကျောက်သားဂြိုဟ်တစ်စင်း ဖြစ်ကြောင်း သိရသည်။



အဆိုပါဂြိုဟ်သည် ဒြပ်ထုအားဖြင့် ကမ္ဘာဂြိုဟ်ဒြပ်ထုထက် ၅ ဒသမ ၆ ဆ ထိရှိသော ကျောက်သားဂြိုဟ်တစ်စင်း ဖြစ်သည်။

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက LHS 1140b ဂြိုဟ်ကို ချီလီနိုင်ငံအခြေစိုက် မက်ဂျယ်လန်ရေဒီယိုတယ်လီစကုပ်ဖြင့် စူးစမ်းလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ LHS 1140b ဂြိုဟ်ပေါ်တွင် လေထုလွှာရှိနေသည်ကို တွေ့ရကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ရှေးယခင်က နိုင်ငံတကာသိပ္ပံပညာရှင်များအနေဖြင့် Sub Neptunes ခေါ် ခတ်ငွေ့ဂြိုဟ်များတွင်သာ လေထုလွှာကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

လေထုလွှာ ပိုင်ဆိုင်ထားမှုကြောင့် LHS 1140 b ဂြိုဟ်အနေဖြင့် ရေခဲတက်ကိုထိန်းထားနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News
Trs : KKO

## နာဆာ၏ ဆိုက်ခီအာကာသယာဉ်က အင်္ဂါဂြိုဟ်မျက်နှာပြင်ကို ဂမ်မာရေးအာရုံခံစနစ်ဖြင့် လေ့လာတိုင်းတာနိုင်ခဲ့

**ဝါရှင်တန် ဇူလိုင် ၂၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော ဆိုက်ခီအာကာသယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်ကို ဂမ်မာရေးအာရုံခံစနစ်ဖြင့် လေ့လာတိုင်းတာနိုင်ခဲ့ကြောင်း ဇူလိုင် ၁၉ ရက် သတင်းများအရ သိရသည်။

နာဆာ၏ ဆိုက်ခီအာကာသယာဉ်သည် ယခုနှစ် မေ ၁၅ ရက်တွင် ဆိုက်ခီဂြိုဟ်သိမ်ခရီးစဉ်အတွက် ဒြပ်ဆွဲအားအကူအညီရယူရန် အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့သည်။

ထိုသို့ အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်တွင် ဆိုက်ခီအာကာသယာဉ်သည် ဂမ်မာရေးရောင်ခြည် အာရုံခံစနစ်ဖြင့် အင်္ဂါဂြိုဟ်မျက်နှာပြင်ကို စူးစမ်းလေ့လာခဲ့ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် ဂမ်မာရေး ရောင်ခြည် အာရုံခံစနစ်သည် အင်္ဂါဂြိုဟ်၏ ဂမ်မာရောင်ခြည်ထုတ်လွှတ်မှုကို တိုင်းတာနိုင်ခဲ့သည်ဟု နာဆာ သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ဆိုက်ခီအာကာသယာဉ်သည် မေ ၁၅ ရက်တွင် အင်္ဂါဂြိုဟ်ကို ဂြိုဟ်မျက်နှာပြင်နှင့် ၂၈၆၄ မိုင်အကွာမှတစ်ဆင့် တစ်နာရီ မိုင် ၁၂၀၀၀ အမြန်နှုန်းဖြင့် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း၊ နာဆာအဖွဲ့သည် ဆိုက်ခီ အမည်ရှိ သတ္တုဂြိုဟ်သိမ်တစ်စင်းကို လေ့လာရေးအတွက် ဆိုက်ခီအာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၉ ခုနှစ် ဩဂုတ်လတွင် ဆိုက်ခီဂြိုဟ်သိမ်ဆီသို့ ရောက်ရှိမည်ဖြစ်သည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ပန်ကရိယကင်ဆာ ကာကွယ်ဆေးတစ်မျိုးကို အမေရိကန် သုတေသနပညာရှင်များ စမ်းသပ်နေ

**နယူးယောက် ဇူလိုင် ၂၀**

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်း တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ပန်ကရိယကင်ဆာရောဂါ ကာကွယ်ဆေးတစ်မျိုးကို စမ်းသပ်နေကြောင်း ဇူလိုင် ၁၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ကာကွယ်ဆေးသည် မျိုးဗီဇကြောင့် ပန်ကရိယကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားသူများ၌ ၎င်းရောဂါဖြစ်ပွားနိုင်မှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ ပန်ကရိယကင်ဆာရောဂါ ကာကွယ်ဆေးသည် ဖောက်ပြန်နေသော မျိုးဗီဇများအား သယ်ဆောင်ထားသည့် ဆဲလ်များကို ရှာဖွေဖျက်ဆီးရန် လူ့ခုခံအားစနစ်ကို လေ့ကျင့်ပေးခြင်းဖြင့် ပန်ကရိယကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အထက်ပါကာကွယ်ဆေးမျိုးဗီဇကြောင့် ပန်ကရိယကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားသူဦးရေ ၂၀ တို့ဖြင့် စမ်းသပ်ခဲ့ရာ စမ်းသပ်မှုတွင် ပါဝင်သူများအနက် ၁၈ ဦးတို့၏ ခုခံအားစနစ်မှာ ကာကွယ်ဆေးကို တုံ့ပြန်နိုင်ခဲ့ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အဆိုပါကာကွယ်ဆေး၏ အာနိသင်ကို အတည်ပြုနိုင်ရေးအတွက် လက်တွေ့စမ်းသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန် လိုအပ်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ဟင်းသီးဟင်းရွက် ဓာတုဒြပ်ပေါင်းအားဖြည့်ဆေးက သက်ကြီးပိုင်းများ၏ တက်စတိုစတာရုန်းဟော်မုန်းကို မြှင့်တင်

**နယူးယောက် ဇူလိုင် ၂၀**

ပန်းဂေါ်ဖီစိမ်း၊ လက်ဖက်စိမ်း၊ တလည်းသီး၊ ဘယ်ရီသီး စသည့် ဟင်းသီးဟင်းရွက် ဓာတုဒြပ်ပေါင်းများပါဝင်သည့် အားဖြည့်ဆေးတစ်မျိုးသည် သက်ကြီးပိုင်းများ၏ တက်စတိုစတာရုန်း ဟော်မုန်းအဆင့်ကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇူလိုင် ၁၉ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တက္ကသိုလ်မှ သုတေသန ပညာရှင်များသည် အထက်ပါ အားဖြည့်ဆေးကို အသက် ၇၀ နှစ်အထက် သက်ကြီးပိုင်းများဖြင့် လေးလကြာ စမ်းသပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ စမ်းသပ်မှုတွင် ပါဝင်သူများတွင် လက်ညှစ်အား ပိုကောင်းလာပြီး တက်စတိုစတာရုန်းဟော်မုန်းအဆင့် မြင့်တက်လာသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ဟင်းသီးဟင်းရွက် ဓာတုဒြပ်ပေါင်းများ ထည့်သွင်းထားသည့် အထက်ပါအားဖြည့်ဆေးကို သုံးစွဲပြီးနောက် သက်ကြီးပိုင်းများ၏ လက်ညှစ်အားမှာ ရှစ်ရာခိုင်နှုန်း မြင့်တက်လာပြီး တက်စတိုစတာရုန်း ဟော်မုန်းအဆင့်မှာ ၁၂ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)တွင် ရောဝတီအသင်းနှင့် မြဝတီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရောဝတီအသင်းနှင့် မြဝတီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရောဝတီအသင်းတို့ ကစားခဲ့ရာ ရောဝတီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရောဝတီအသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် ရီတူက သွင်းယူခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရောဝတီအသင်း ခံစစ်ကစားသမား ဖြူဖွေးက ဆွတ်ခူးခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ရန်ကုန်စီးတီးအသင်းနှင့် မြဝတီအသင်းတို့ ကစားခဲ့ရာ မြဝတီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး မြဝတီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ငါးမိနစ်နှင့် ၁၄ မိနစ်တို့တွင် ပုံ့ပုံ့ပြည့်မောင်၊ ပွဲချိန် ၂၂ မိနစ်တွင် မြနှင်းဝေတို့က သွင်းယူခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို မြဝတီအသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့သည့် ပုံ့ပုံ့ပြည့်မောင်က ဆွတ်ခူးခဲ့သည်။

အလားတူ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် ဇူလိုင် ၂၁ ရက်(**ယနေ့**)တွင် ISPE အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# WBC ကမ္ဘာ့ဖယ်သာဝိတ်တန်းချန်ပီယံဟောင်း ဟန်နာရပ် ယာဉ်မတော်တဆမှုကြောင့် ကွယ်လွန်




တက္ကဆက် ဇူလိုင် ၂၀

WBC အမျိုးသမီး ကမ္ဘာ့ဖယ်သာဝိတ်တန်း ချန်ပီယံဟောင်း အမေရိကန်လက်ဝှေ့မယ် ဟန်နာရပ်သည် ဇူလိုင် ၁၉ ရက်က ယာဉ်မတော်တဆမှုကြောင့် ကွယ်လွန်ခဲ့ကြောင်း မိသားစုဝင်များက ထုတ်ပြန်ခဲ့သည်ဟု Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟန်နာရပ်သည် စက်ဘီးစီးကာ လမ်းမကြီးကိုဖြတ်သန်းစဉ် မော်တော်ယာဉ်တစ်စီးက ဝင်တိုက်ခဲ့ရာမှ သေဆုံးခဲ့ခြင်းဖြစ်သည်။

အသက် ၂၆ နှစ်ရှိ ဟန်နာရပ်သည် ပြီးခဲ့သော ဇွန် ၁၃ ရက်က လက်ရှိ ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်ကို ထိုးသတ်ခဲ့ရာ ထိုပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ပြီး ကမ္ဘာ့ချန်ပီယံခါးပတ်ကို လက်လွှတ်ခဲ့ရသူဖြစ်သည်။

WBC အဖွဲ့ချုပ်က "WBC ကမ္ဘာ့ဖယ်သာဝိတ်တန်း ချန်ပီယံဟောင်း ဟန်နာရပ်ဟာ ယာဉ်မတော်တဆမှုကြောင့် ရုတ်တရက် ကွယ်လွန်သွားကြောင်း ကြားသိရပါတယ်။ WBC အဖွဲ့ချုပ်အနေနဲ့ ဟန်နာရပ်ရဲ့ မိသားစုနဲ့ ထပ်တူဝမ်းနည်းပါတယ်"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Boxing Scene**
**Trs : AZL**

# အသက် ၂၀ မပြည့်မီ ကမ္ဘာ့ဖလားနှင့် ယူရိုဖလားဆွတ်ခူးနိုင်သည့် ပထမဆုံးကစားသမားအဖြစ် စပိန်အသင်းမှ လမိုင်းယာမယ်ရပ်တည်




မက်ဒရစ် ဇူလိုင် ၂၀

စပိန်အသင်း လူငယ်တိုက်စစ်ကစားသမား လမိုင်းယာမယ်သည် အသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ပြီးနောက် အသက် ၂၀ မပြည့်မီ ကမ္ဘာ့ဖလားနှင့် ယူရိုဖလားဆွတ်ခူးနိုင်သည့် ပထမဆုံး ကစားသမား ဖြစ်လာခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်ရှိ လမိုင်းယာမယ်သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ စပိန်အသင်း ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက်လုံးအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့သူဖြစ်သည်။

ထို့ပြင် လမိုင်းယာမယ်သည် ယူရို ၂၀၂၄ ပြိုင်ပွဲတွင်လည်း စပိန်အသင်းနှင့်အတူ ပါဝင်ကစားခဲ့ပြီး အကောင်းဆုံး ခြေစွမ်းပြသခဲ့ကာ ၎င်းအနေဖြင့် အသက် ၁၇ နှစ်မှာပင် ယူရိုဖလားဆွတ်ခူးနိုင်ခဲ့သကဲ့သို့ လက်ရှိ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အသက် ၁၉ နှစ်ဖြင့် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သည့်အတွက် ယူရိုဖလားနှင့် ကမ္ဘာ့ဖလား ချန်ပီယံဆုဖလားများကို အသက် ၂၀ မပြည့်မီ ဆွတ်ခူးနိုင်သည့် ပထမဆုံးကစားသမားအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

လမိုင်းယာမယ်သည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု အတွက်လည်း နောက်ဆုံး ဆန်ခါတင်ကစားသမားစာရင်းထိ ပါဝင်ခဲ့သကဲ့သို့ လက်ရှိတွင်လည်း စပိန်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ပြီးနောက် လာမည့် ၂၀၂၆ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ထိပ်ဆုံးမှ ရေပန်းစားနေကြောင်းသိရသည်။

**Ref : One Football**
**Trs : STA**

# ပြင်သစ်အသင်းတိုက်စစ်မှူး အမ်ဘတ်ပီ ကမ္ဘာ့ဖလားပြိုင်ပွဲနှစ်ကြိမ်ဆက် ရွှေဖိနပ်ဆုဆွတ်ခူးနိုင်သည့် ပထမဆုံးကစားသမားဖြစ်လာ

ပဲရစ် ဇူလိုင် ၂၀

ပြင်သစ်အသင်း တိုက်စစ်မှူး အမ်ဘတ်ပီသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး အများဆုံး ကစားသမားဆုဖြစ်သော ရွှေဖိနပ်ဆုကို နှစ်ကြိမ်ဆက် ဆွတ်ခူးနိုင်သည့် ပထမဆုံး ကစားသမားဖြစ်လာခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်ဘတ်ပီသည် လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီး သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ် မတိုင်မီက အမ်ဘတ်ပီနှင့် အာဂျင်တီးနားအသင်းမှ မက်ဆီတို့သည် သွင်းဂိုး ရှစ်ဂိုးစီ တူညီနေခဲ့သော်လည်း အမ်ဘတ်ပီသည် တတိယလုပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် စုစုပေါင်း သွင်းဂိုး ၁၀ ဂိုးထိရှိလာခဲ့ကာ မက်ဆီက ဗိုလ်လုပွဲစဉ်တွင် တစ်ဂိုးမျှ သွင်းယူနိုင်ခြင်း မရှိသည့်အတွက် အမ်ဘတ်ပီက သွင်းဂိုး ၁၀ ဂိုးဖြင့် ရွှေဖိနပ်ဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အမ်ဘတ်ပီသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း သွင်းဂိုး ရှစ်ဂိုးဖြင့် ရွှေဖိနပ်ဆုဆွတ်ခူးနိုင်ခဲ့သကဲ့သို့ လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း သွင်းဂိုး ၁၀ ဂိုးဖြင့် ထပ်မံဆွတ်ခူးခဲ့သည့်အတွက် နှစ်ကြိမ်ဆက် ရွှေဖိနပ်ဆုဆွတ်ခူးနိုင်သည့် ကစားသမားအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

အလားတူ အမ်ဘတ်ပီသည် ကမ္ဘာ့ဖလား ပြိုင်ပွဲများတွင် စုစုပေါင်း သွင်းဂိုး ၂၂ ဂိုးထိ ရှိခဲ့သည့်အတွက် မက်ဆီကို တစ်ဂိုးအသာဖြင့် ကျော်ဖြတ်ပြီး ပြိုင်ပွဲတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားစာရင်း၌ ထိပ်ဆုံးတွင် ရပ်တည်နေကြောင်း သိရသည်။

**Ref : B/R Football**
**Trs : STA**

# EFG Swiss Open Gstaad တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စတီဖာနို့စ် ဆွတ်ခူး



ဂတ်စတက် ဇူလိုင် ၂၀

ဆွစ်ဇာလန်နိုင်ငံ ဂတ်စတက်မြို့တွင်ကျင်းပခဲ့သည့် EFG Swiss Open Gstaad တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်နှင့် ဘယ်လ်ဂျီယံတင်းနစ်ကစားသမား ကိုလီဂွန်တို့ ယှဉ်ပြိုင်ခဲ့ရာ စတီဖာနို့စ်က (၆-၄၊ ၆-၇၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စတီဖာနို့စ်အတွက် ATP တင်းနစ်ပြိုင်ပွဲ အမျိုးအစားတွင် ၁၆ လတာကာလအတွင်း ပထမဆုံးအကြိမ် ချန်ပီယံဆုကို ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

EFG Swiss Open Gstaad တင်းနစ်ပြိုင်ပွဲသည် အဓိကပြိုင်ပွဲကြီးတစ်ရပ် မဟုတ်သော်လည်း စတီဖာနို့စ်အတွက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းသည် အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ပြန်လည်လျှောက်လှမ်းနိုင်ရန် တွန်းအားတစ်ရပ်ဖြစ်စေကြောင်း ပြောကြားခဲ့သည်။

စတီဖာနို့စ်က "အောင်မြင်မှုလမ်းကြောင်းပေါ် ပြန်ရောက်လာလို့ဝမ်းသာဂုဏ်ယူပါတယ်။ ဗိုလ်လုပွဲစဉ်ကို ပြန်လည်သုံးသပ်ကြည့်ရင် ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်က ကျွန်တော်လိုချင်တဲ့ ကစားပုံမျိုးပါပဲ။ ပထမပွဲငယ်မှာ အဆင်ပြေခဲ့ပြီးတော့ ဒုတိယပွဲငယ်မှာတော့ ကိုလီဂွန် ကစားသွားတာ သိပ်ကောင်းပါတယ်။ ကျွန်တော့်အနေနဲ့လဲ အမှားတချို့ရှိခဲ့ပါတယ်။ တတိယပွဲငယ်မှာတော့ အမှားတွေကိုပြင်ဆင်နိုင်ခဲ့လို့ ပထမပွဲငယ်မှာလို ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RTE**
**Trs : AZL**

# ပြင်သစ်နိုင်ငံတောင်ဘက်ပိုင်း ဗာနယ်မြေတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ



**ပဲရစ် ဇူလိုင် ၂၀**

ပြင်သစ်နိုင်ငံတောင်ဘက်ပိုင်း ဗာနယ်မြေတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးသည် လူနေအိမ်ခြေများဆီသို့ ကူးစက် လောင်ကျွမ်းနေသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း ပြင်သစ်အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် ဗာနယ်မြေ တာရာဒေါ်ဒေသနှင့် လက်အာ့ဒေသတို့တွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး လေတိုက်နှုန်းမြင့်မားသည့်အတွက်ကြောင့် တောမီးလောင်ကျွမ်းမှုသည် တစ်နေရာမှ တစ်နေရာသို့ ကူးစက်မှုနှုန်း မြင့်မားနေကြောင်း၊ တောမီးအမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုပါ ရယူထားသည်။

အဆိုပါ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဟက်တာ ၉၀ ထိ ပျက်စီးနေပြီဖြစ်ကြောင်း တောမီးကို အမြန်ဆုံး ငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၂၂၀ ထိ အသုံးပြုထားသကဲ့သို့ မီးသတ်ယာဉ်အစီးရေ ၁၀၀ ထိ အသုံးပြုထားပြီး မီးသတ်လေယာဉ်နှစ်စီးနှင့် ရဟတ်ယာဉ်သုံးစီး အသုံးပြုနေကြောင်း ဗာနယ်မြေ မီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်။

"တောမီးလောင်ကျွမ်းမှုဟာ လူနေအိမ်ခြေတွေနဲ့ အခြေခံအဆောက်အအုံတွေဆီ ကူးစက်လောင်ကျွမ်းနေပါတယ်။ ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းနေရပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေကလဲ ဘေးလွတ်ရာရွှေ့ပြောင်းနေတဲ့ ပြည်သူတွေကို ကူညီပေးနေပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေကလဲ တောမီးကို အမြန်ဆုံး ငြိမ်းသတ်ပေးနိုင်ဖို့ ကြိုးစားပေးနေပါတယ်" ဟု လက်အာ့အာဏာပိုင် အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပေါ်

**နယူးဒေလီ ဇူလိုင် ၂၀**

အိန္ဒိယနိုင်ငံ နာဂလန်ပြည်နယ် ဂျမ်မူနှင့် ကက်ရှ်မီးယားဒေသတို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပေါ်ခဲ့ကြောင်း အိန္ဒိယ အမျိုးသားသဘာဝဘေး တုံ့ပြန်ရေးတပ်ဖွဲ့ (NDRF) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် နာဂလန်ပြည်နယ်အပြင် ဂျမ်မူနှင့် ကက်ရှ်မီးယားဒေသတို့တွင်လည်း ဖြစ်ပေါ်နေကြောင်း၊ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် ဒေသခံ ၁၉ ဦး သေဆုံးခဲ့ကြောင်း၊ နာဂလန်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် ပြည်နယ်ဖြစ်ပြီး မြေပြိုကျမှုကြောင့် ဒေသခံအမြောက်အမြား ဘေးလွတ်ရာရွှေ့ပြောင်းနေရသည်။

"နာဂလန်ပြည်နယ်၊ ဂျမ်မူနဲ့ ကက်ရှ်မီးယားဒေသတို့မှာ မိုးသည်းထန်စွာ ရွာသွန်းနေပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောင်ကျရေတွေကြောင့် မြေပြိုကျမှုတွေ ဖြစ်ပေါ်နေပြီးတော့ ဒေသခံ ၁၉ ဦးထက်မနည်း သေဆုံးသွားခဲ့ပါတယ်။ သေဆုံးသူ ၁၉ ဦးမှာ နာဂလန်ပြည်နယ်က ရှစ်ဦး ဂျမ်မူနဲ့ကက်ရှ်မီးယားဒေသတို့က ၁၁ ဦးသေဆုံးသွားခဲ့ပါတယ်။ ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းနေရပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကိုတော့ ယာယီကယ်ဆယ်ရေးစခန်းမှာ နေရာချပေးထားပါတယ်။ စာသင်ကျောင်းတွေကို ယာယီကယ်ဆယ်ရေးစခန်း အဖြစ် အသုံးပြုနေပြီးတော့ ထိခိုက်ဒဏ်ရာရရှိသူ ၁၅ ဦးကိုလဲ ဆေးကုသမှုတွေ ပြုလုပ်ပေးနေပါတယ်"ဟု အိန္ဒိယအမျိုးသား သဘာဝဘေး တုံ့ပြန်ရေးတပ်ဖွဲ့ (NDRF)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဗီယက်နမ်နိုင်ငံ လိုင်ချောင်ပြည်နယ်ရှိ မွမ်သန်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုကြောင့် လူသေဆုံးမှုဖြစ်ပေါ်ခဲ့

**ဟန္နိုင်း ဇူလိုင် ၂၀**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း လိုင်ချောင်ပြည်နယ်ရှိ မွမ်သန်ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုကြောင့် လူသေဆုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း ဗီယက်နမ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၈ ရက်က ဖြစ်ပွားခဲ့သည့် ရေကြီးမှုနှင့် မြေပြိုမှုကြောင့် သေဆုံးသူလေးဦး၊ ပျောက်ဆုံးသူလေးဦးရှိကြောင်း၊ ယနေ့ထိ ဒဏ်ရာရရှိသူကိုးဦးရှိပြီး ကယ်ဆယ်ရေးအဖွဲ့များက ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း၊ အဆိုပါ ရေကြီးမှုကြောင့် လိုင်ချောင်၊ လာအိုကိုင်၊ ဒိန်ဘီယန်နှင့် ဆွန်လာပြည်နယ်များရှိ နေအိမ် ၂၁ လုံး ပြိုကျခဲ့ပြီး ၁၄၄ လုံး ထိခိုက်ပျက်စီးခဲ့ကာ အိမ်ထောင်စု ၂၇၅ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ထို့ပြင် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုကြောင့် လမ်းများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် အခြေခံအဆောက်အအုံများလည်း ပျက်စီးခဲ့ကြောင်း၊ ဗီယက်နမ် မိုးလေဝသဌာနက ယနေ့တွင် မြောက်ပိုင်းဒေသများ၌ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ပြီး အချို့နေရာများ၌ မိုးရေချိန် ၈၀ မီလီမီတာကျော်မှ ၂၅၀ မီလီမီတာထိ ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။



ထို့ကြောင့် ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုကျနိုင်ခြေများ ဆက်လက်ရှိနေသဖြင့် ဒေသခံများကို အထူးသတိပြုနေထိုင်ကြရန် အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဂျပန်နိုင်ငံ တိုကျိုမြို့အနီး တိုချီဂီစီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွား

**တိုကျို ဇူလိုင် ၂၀**

ဂျပန်နိုင်ငံ တိုကျိုမြို့အနီး တိုချီဂီစီရင်စု အာရှီကာဂါမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း ဒေသခံအာဏာပိုင်များက ယနေ့တွင် အတည်ပြုခဲ့သည်။

ထိုသို့မြေပြိုစဉ် တောင်စောင်းမှနွံ့မြေများ ပြိုဆင်းလာပြီး နှစ်ထပ် နေအိမ်တစ်လုံးအတွင်းသို့ ဝင်ရောက်ခဲ့ရာမှ အဆောက်အအုံပြိုကျခဲ့ခြင်းဖြစ်ကာ နေအိမ်အတွင်းရှိ အသက် ၆၀ ကျော်အရွယ် ဇနီးမောင်နှံနှစ်ဦးနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေမှုများ ဆက်လက်ဆောင်ရွက်ခဲ့သော်လည်း အမျိုးသမီး၏ ရုပ်အလောင်းကို ဇူလိုင် ၁၉ ရက်တွင် တွေ့ရှိခဲ့ပြီး အမျိုးသား၏ ရုပ်အလောင်းကို အဆိုပါနေ့ ညပိုင်းတွင် ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

ဒေသမိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ အာရှီကာဂါမြို့တွင် ယနေ့ထိ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ပြီး မိုးရေချိန် ၂၃၂ ဒသမ ၅ မီလီမီတာထိ ရောက်ရှိခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းနေဆဲဖြစ်သည့်အတွက်ကြောင့် မြေပြိုမှုအန္တရာယ် မြင့်တက်နိုင်ပြီး လူနေအိမ်များနှင့် အခြေခံ အဆောက်အအုံများ ထိခိုက်ပျက်စီးနိုင်ကြောင်း ဒေသခံအာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ



# ပီရူးနိုင်ငံ ချူပါကာပြည်နယ်တွင် မြေငလျင်လှုပ်ခတ်မှုနှစ်ကြိမ်ဖြစ်ပွား လူနေအိမ်များပျက်စီးပြီး လူခြောက်ဦးသေဆုံး၊ ၂၁ ဦးဒဏ်ရာရရှိ

**လီမာ ဇူလိုင် ၂၀**

ပီရူးနိုင်ငံအလယ်ပိုင်း ချူပါကာပြည်နယ်တွင် ဇူလိုင် ၁၉ ရက်က မြေငလျင်လှုပ်ခတ်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး လူနေအိမ်များ ပျက်စီးခဲ့ပြီး ဒေသခံ လူခြောက်ဦးသေဆုံးကာ ၂၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

မြေငလျင်သည် ပထမတစ်ကြိမ်တွင် ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိခဲ့ပြီး ဒုတိယတစ်ကြိမ်လှုပ်ခတ်မှုမှာ ပြင်းအား ၃ ဒသမ ၇ မဂ္ဂနီကျူရှိခဲ့ကြောင်း၊ ပြင်းအားမများသော်လည်း မြေငလျင် ဗဟိုချက်မှာ ၂၄ ကီလိုမီတာအကွာခန့်မှ လှုပ်ခတ်ခဲ့ခြင်း ဖြစ်သည့်အတွက် မြေငလျင်လှိုင်း ရိုက်ခတ်မှုနှုန်းမြင့်မားခဲ့ကြောင်း၊ မြေငလျင်လှိုင်းသည် ချူပါကာပြည်နယ် ဂျူနင်နယ်မြေမှ လီမာနယ်မြေ အရှေ့ဘက်ပိုင်းထိ ရိုက်ခတ်ခဲ့ကြောင်း သိရသည်။

"ချူပါကာပြည်နယ်မှာ မြေငလျင်နှစ်ကြိမ်ဆက်တိုက် လှုပ်ခတ်ခဲ့ပါတယ်။ ပထမတစ်ကြိမ် လှုပ်ခတ်မှုက အားပြင်းခဲ့ပါတယ်။ ဒုတိယအကြိမ် လှုပ်ခတ်မှုကတော့ အန္တရာယ်ရှိတဲ့ ပြင်းအားမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ပထမတစ်ကြိမ်က အားပြင်းခဲ့တဲ့အတွက် နောက်တစ်ကြိမ် လှုပ်ခတ်မှုက ပျက်စီးမှုတွေဖြစ်ပေါ်စေခဲ့ပါတယ်။ မြေငလျင်ဟာ မြေအောက်အနက် ၂၄ ကီလိုမီတာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်း ဖြစ်ပါတယ်"ဟု အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# မတ်ပဲခင်းများတွင် အကွက်လိုက်အပင်သေခြင်းမှ ကာကွယ်နိုင်မည့် ဘက်စုံမြေပြင်ရမည့်ကုထုံး

မတ်ပဲသီးနှံဟာ မြန်မာနိုင်ငံ ပဲစိုက်ပျိုးမှုမှာ အရေးပါတဲ့သီးနှံဖြစ်ပြီးတော့ မြန်မာနိုင်ငံ အောက်ပိုင်းမှာ စပါးရိတ်သိမ်းပြီးချိန် သီးထပ်သီးနှံအဖြစ်လည်းကောင်း၊ မြစ်ရေကျချိန်မှာ ကိုင်းကျွန်းများ၌လည်းကောင်း စိုက်ပျိုးကြပါတယ်။ မတ်ပဲစိုက်ဧကအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းခန့်ဟာ မြန်မာနိုင်ငံ အောက်ပိုင်း မိုးများတဲ့ဒေသတွေမှာ စိုက်တာဖြစ်ပါတယ်။ စပါးစိုက်ပြီးနောက် သီးထပ်အနေနဲ့ မတ်ပဲစိုက်ပျိုးတဲ့အခါမှာ တောင်သူတွေ ရင်ဆိုင်နေရတဲ့ အဓိကပြဿနာတစ်ခုရှိပါတယ်။ အဲဒါကတော့ စပါးရိတ်ပြီး မတ်ပဲစိုက်ပျိုးတဲ့အခါ ပဲခင်းတွေဟာ အဖူးအပွင့်မတင်မီ တဖြည်းဖြည်းအရွက်တွေ ဝါလာကာ ညှိုးခြောက်ပြီး အကွက်လိုက်သေသွားတာပဲဖြစ်ပါတယ်။ ဒီပြဿနာဖြစ်နိုင်ခြေ အကြောင်းရင်းများစွာရှိပါတယ်။ မြေဆောင်မှိုရောဂါတွေကြောင့်လဲ ဖြစ်နိုင်ပါတယ်။ တောင်သူတွေက မှိုသတ်ဆေးတွေ စုံနေအောင် ဖျန်းသည့်တိုင်အောင် ပဲပင်တွေအသေမရပ်တာကြောင့် စာရေးသူအနေနဲ့ မြေဆီလွှာနဲ့ရေဆိုင်ရာရှုထောင့်ကနေပြီး အဖြေရှာခြင်းကို ဖော်ပြလိုက်ပါတယ်။

**သမန်းပြင်ရာမှ စတင်ခဲ့သော အောက်ခံမြေမာအလွှာ**

စပါးပင်ဟာ ရေဝပ်တာကြိုက်တဲ့အတွက် စပါးစိုက်ပျိုးစဉ်မှာ တောင်သူဦးကြီးတွေက ရေမစိမ့်အောင် လယ်ကွင်းကို ထွန်မွှေပြီး သမန်းအကြိမ်ကြိမ်ညှိကြရပါတယ်။ ဒီလိုနှစ်ပေါင်းများစွာ လုပ်လာတဲ့အခါ မြေအောက် ၆ လက်မကနေ ၁ ပေဝန်းကျင်လောက်မှာ ကျောက်ပြားတစ်ချပ်လို မာနေတဲ့ မြေမာအလွှာကြီးတစ်ခု သဘာဝအလျောက် ဖြစ်ပေါ်လာတတ်ပါတယ်။ နောက်တစ်ချက်ကလဲ စက်ယန္တယားကြီးတွေကိုအသုံးပြုပြီး စိုက်ပျိုး၊ ရိတ်သိမ်းလာတဲ့အတွက် လေးလံတဲ့စက်ကိရိယာတွေ လယ်ကွက်ထဲမှာ ဝင်ထွက်သွားလာမှုများပြီး မြေတွေကျစ်လျစ်သွားနိုင်ပါတယ်။ ဒီလိုနဲ့ မြေတွေတဖြေးဖြေးမာခဲလာနိုင်ပါတယ်။ အဲဒီမြေမာအလွှာကြီး ရှိနေတဲ့အတွက် စပါးရိတ်ပြီးရှိတဲ့အစိုဓာတ်လေးနဲ့ မတ်ပဲကိုတိုက်ရိုက်စိုက်လိုက်တဲ့အခါ မတ်ပဲပင်ရဲ့ အမြစ်တွေဟာ အောက်ကိုမဆင်းနိုင်တော့ဘဲ ဘေးကိုပဲ ကန့်လန့်ဖြန့်ပြီး အမြစ်တိုတိုလေးတွေပဲ ဖြစ်နေပါတယ်။

**ရေစိမ့်ဝင်မှုညံ့ခြင်းနှင့် အနိမ့်ပိုင်း ရေဝပ်သည့်ပြဿနာ**

ဒီမြေအမာလွှာကြီးဟာ မြေအောက်မှာ ကွန်ကရစ်ခင်းထားသလို ပိတ်ဆို့ထားတဲ့အတွက် မိုးရေ ဒါမှမဟုတ် လယ်ထဲမှာကျန်ခဲ့တဲ့ ရေငုံနေတဲ့နေရာတွေဟာ အောက်ခြေမြေလွှာထဲကို စိမ့်ဆင်းသွားဖို့ (Infiltration) အလွန်ညံ့ဖျင်းသွားပါတယ်။ အထူးသဖြင့် မြေစေးတွေမှာ ပိုဖြစ်တတ်ပါတယ်။ ရလဒ်အနေနဲ့ လယ်ကွင်းရဲ့အနိမ့်ပိုင်းနေရာတွေမှာ ရေကအောက်ကို စိမ့်မဝင်နိုင်တော့ဘဲ ရေဝပ်လာတာမျိုး ဖြစ်တတ်ပါတယ်။ မတ်ပဲဟာ ရေဝပ်တာကို လုံးဝ မခံနိုင်တဲ့အပင်မျိုးဖြစ်လို့ လေဝင်လေထွက်ပိတ်ဆို့ပြီး မှိုရောဂါများစွဲကပ်ကာ အမြစ်များပုပ် အကွက်လိုက်ဝါပြီးသေရခြင်း ဖြစ်နိုင်ပါတယ်။

**ရေအပေါ်မတက်နိုင်ခြင်းနဲ့ အမြင့်ပိုင်း ရေငတ်သည့်ပြဿနာ**

တစ်ဖက်မှာလဲ လယ်ကွင်းရဲ့ အမြင့်ပိုင်း သို့မဟုတ် ကုန်းပိုင်းနေရာတွေကျတော့ ပြောင်းပြန်ပြဿနာ ကြုံရနိုင်တယ်။ ဆောင်းဦးပေါက် နေပူလာတဲ့အခါ အပေါ်ယံမြေ (သုံးလက်မခန့်)က အစိုဓာတ်ဟာ အမြန်ဆုံးခန်းခြောက်သွားပါတယ်။ သဘာဝအရ မြေအောက်ထဲမှာ အစိုဓာတ်ရှိနေရင် မြေမှုန်လေးတွေရဲ့ကြားက ပြွန်လိုင်းငယ်လေးတွေကတစ်ဆင့် မြေအောက်ရေဟာ အပေါ်ယံမြေဆီနိမ့်ရာမှမြင့်ရာသို့ စိမ့်တက်လာရပါတယ်။ ဒါပေမဲ့ မြေအလယ်မှာ အမာလွှာကြီး ကန့်လန့်ခံပြီး ပိတ်ဆို့ထားတဲ့အတွက် အောက်ကရေဟာအပေါ်ကို ပြန်တက်လာလို့ မရတော့ပါဘူး။ မတ်ပဲပင်ရဲ့အမြစ်ကလဲ တိုတိုလေးဆိုတော့ အောက်ကရေကို လှမ်းမမီ၊ အောက်ကရေကလဲ အပေါ်တက်မလာနိုင်တဲ့အတွက် အမြင့်ပိုင်းက မတ်ပဲခင်းတွေဟာ ရေငတ်ပြီး အကွက်လိုက်ဝါပြီးခြောက်သေကုန်ရပြန်ပါတယ်။

**ကယ်လ်စီယမ် (Ca) ငတ်မွတ်ခြင်းနှင့် အမြစ်တိုသွားခြင်း**

မတ်ပဲ၊ ပဲတီစိမ်းတို့လို စေ့ရွက်စုံပင် (Dicot) တွေဟာ စပါး၊ ပြောင်းတို့လို (Monocot) အပင်တွေထက် ကယ်လ်စီယမ် (Ca ) ကို လေးဆမှ ငါးဆထိ ပိုမိုပြီး မဖြစ်မနေလိုအပ်ကြပါတယ်။ ကယ်လ်စီယမ်ဟာ ပဲပင်တွေရဲ့ ဆဲလ်နံရံတွေခိုင်မာဖို့နဲ့ အထူးသဖြင့် အမြစ်ထိပ်ဖျားလေးတွေ ရှည်လျားသန်မာဖို့အတွက် အဓိက ဆဲလ်ဘိလပ်မြေအဖြစ် အလုပ်လုပ်ရလို့ ဖြစ်ပါတယ်။



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ဒါပေမဲ့ မိုးအဆမတန်များတဲ့ မြန်မာနိုင်ငံအောက်ပိုင်းမြေတွေမှာတော့ မြေချဉ်မှုကို ထိန်းပေးမဲ့ ကယ်လ်စီယမ်ဓာတ်တွေဟာ မိုးရေနဲ့အတူ မြေလွှာထဲကို အကုန်တိုက်စားမျောပါ ကုန်ကြတာကြောင့် မြေကြီးဟာ တအားချဉ်သွားသလို ကယ်လ်စီယမ်လဲ လုံးဝနည်းပါး သွားပါတော့တယ်။ နောက်တစ်ချက်ကလဲ စပါးစိုက်တဲ့အခါ တောင်သူတွေက ယူရီးယားမြေဩဇာတွေ သုံးတာများခဲ့တဲ့အခါ မြေတွေကချဉ်လာတတ်ပါတယ်။ မြေချဉ်တွေမှာ ကယ်လ်စီယမ်ချို့တဲ့တဲ့အခါ မတ်ပဲရဲ့ အမြစ်ထိပ်ဖျား လေးတွေဟာ ရှေ့ဆက်မတိုးနိုင်တော့ဘဲ ပုပ်သွား၊ တိုသွားတတ်ပါတယ်။ ဒါကြောင့် အမြစ်တွေဟာ ပျော့ခွေသွားပြီး မြေအောက်က မြေမာအလွှာကို လုံးဝမဖောက်နိုင်တော့ဘဲ ဒုက္ခရောက်ကြရပါတယ်။

**ပဲမြစ်ဖုများ ပိတ်ဆို့သွားခြင်းနှင့် မိုလစ်ဒီနမ် (Mo) ချို့တဲ့မှု**

ရေဝပ်လို့ အမြစ်ပုပ်တာ၊ ရေငတ်လို့ အမြစ်တိုတာတွေ ကြုံရတဲ့အပြင် ကယ်လ်စီယမ်ဟာ ပဲမျိုးရင်းဝင်အပင်တွေနဲ့ အမြစ်ဖုဘက်တီးရီးယားတို့ကြား ပေါင်းစပ်ညီညွတ်မှုဖြစ်စဉ်မှာ အဓိကကျတဲ့ အခန်းကဏ္ဍမှ ပါဝင်တာဖြစ်လို့ သူမရှိခဲ့ရင် ပဲမြစ်ဖုဘက်တီးရီးယားလေးတွေဟာ ပဲမြစ်ထဲကို ဝင်ရောက်နေထိုင်မဲ့ မြစ်ဖုအိမ်ကြီးကိုလဲ မတည်ဆောက်နိုင်တော့ပါဘူး။

အကယ်၍ ပဲမြစ်ဖုလေးတွေ ဖြစ်လာခဲ့ရင် အနည်းလိုအာဟာရဓာတ်တစ်ခုဖြစ်တဲ့ မိုလစ်ဒီနမ် (Mo) က နောက်ထပ်ပြဿနာတစ်ခုအဖြစ် စောင့်ကြိုနေပါတယ်။ မိုလစ်ဒီနမ်ဟာ ပဲမြစ်ဖုလေးတွေထဲမှာ နိုက်ထရိုဂျင်ဓာတ် ချက်လုပ်ပေးမဲ့ အင်ဇိုင်းရဲ့ အလယ်ဗဟိုချက်မ ဒြပ်စင်ဖြစ်ပါတယ်။ ဒီဓာတ်ဟာအပင်က အနည်းငယ်လိုတာဖြစ်ပေမဲ့ ပဲမျိုးစုံစိုက်ပျိုးသူတွေအတွက် အရေးကြီးဆုံးဖြစ်ပါတယ်။ မိုလစ်ဒီနမ်ဟာ အခြားအနည်းလိုဓာတ်တွေနဲ့ ပြောင်းပြန်ဖြစ်ပြီး မြေချဉ်လေလေ အပင်စုပ်မရအောင် ပိတ်မိလေလေဖြစ်ပါတယ်။ မြန်မာနိုင်ငံအောက်ပိုင်းမြေက တအားချဉ်နေတဲ့အတွက် မြေထဲမှာ မိုလစ်ဒီနမ်ရှိနေခဲ့ရင်တောင် အပင်ကစုပ်မရတဲ့ပုံစံအဖြစ် ပြောင်းလဲသွားတတ်ပါတယ်။ အဲဒီအခါ ပဲမြစ်ဖုလေးတွေ အလုပ်မလုပ်တော့ဘဲ ပဲခင်းတွေဝါပြီး ပျက်စီးတတ်ပါတယ်။

အကျိုးဆက်အနေဖြင့် အမြစ်ကလဲ ရေမရ၊ ပဲမြစ်ဖုကလဲ အာဟာရ (နိုက်ထရိုဂျင်) မပေးနိုင်တော့ဘဲ ပြိုင်တူငတ်ပြီး အမြစ်တွေပါ ပုပ်ခြောက်လာတဲ့အတွက် မတ်ပဲခင်းတွေဟာ နေရာကွက်ကျားတဖြည်းဖြည်းဝါကာ အစုလိုက်အပြုံလိုက် သေကုန်ခြင်းဖြစ်နိုင်ပါတယ်။

**တောင်သူများအတွက်ဘက်စုံကုထုံး**

ဒီမြေအောက်အမာလွှာနဲ့ အာဟာရပိတ်မိတဲ့ပြဿနာကို ထိထိရောက်ရောက် ဖြေရှင်းဖို့ဆိုရင် အောက်ပါအတိုင်း ဘက်စုံပြုပြင်ပေးရပါမယ်—

**၁။ မြေအောက်အမာလွှာကို ခွဲပေးပါ**

နှစ်နှစ် သို့မဟုတ် သုံးနှစ်တစ်ကြိမ် ထယ်ရေးဝင်ချိန်မှာ မြေအောက်တစ်ပေခွဲခန့်ထိ နက်နက်ရှိုင်းရှိုင်း ဖောက်ခွဲနိုင်တဲ့ Subsoiler (မြေအောက်အက်ကြောင်းပေးထွန်)ဖြင့် မြေအောက်အမာလွှာကို ခွဲပေးရပါမယ်။ ဒါမှသာ အမာလွှာပွင့်သွားပြီး ရေစိမ့်ဝင်မှုနဲ့ မြေထဲကရေ အပေါ်ပြန်တက်မှုပါ ပြန်လည်ကောင်းမွန်လာပြီး ပဲပင်အမြစ်တွေ အောက်ကိုလွတ်လပ်စွာ ထိုးဆင်းနိုင်မှာဖြစ်ပါတယ်။

**၂။ မြေပြင်ချိန်တွင် ထုံး သို့မဟုတ် ဒိုလိုမိုက် မဖြစ်မနေထည့်ပါ**

ဒါဟာ မြေဆီလွှာဓာတုဗေဒကိုပြုပြင်ဖို့ နံပါတ်တစ် အရေးကြီးဆုံးအချက် ဖြစ်ပါတယ်။ စပါးရိတ်ပြီးချိန် သို့မဟုတ် ပဲမစိုက်ခင်မှာ စိုက်ပျိုးရေးသုံးထုံး ($CaCO_3$) သို့မဟုတ် ဒိုလိုမိုက် (Dolomite) ကို သီးနှံမစိုက်ပျိုးမီ အနည်းဆုံး သုံးပတ်မှ တစ်လအလို မြေထဲသို့ သမအောင်မွှေနှောက်ထည့်သွင်းထည့်ပေးခြင်းဖြင့် မြေရဲ့အချဉ်ဓာတ်ကို လျှော့ချပေးပြီး pH ကို ပြန်လည်မြင့်တက်လာစေပါတယ်။ ထုံးဘယ်လောက်ပမာဏ ထည့်ရမယ်ဆိုတာက မြေကြီးရဲ့ ချဉ်ငံဓာတ်နဲ့ မြေအမျိုးအစားပေါ်မှာ မူတည်ပါတယ်။ ယေဘုယျအားဖြင့် မြေချဉ်ငံဓာတ် ၅ ဒသမ ၅ အောက်မှာ ရှိနေတဲ့မြေတွေမှာ pH ကို ၀ ဒသမ ၅ မှ ၁ ယူနစ်ခန့် မြှင့်တင်ရန်အတွက် သဲဆန်သည့်မြေဆိုပါက (၂၀၀ မှ ၃၀၀ ပိဿာခန့်)၊ နုန်းဆန်သည့်မြေဆိုပါက (၄၀၀ မှ ၅၀၀ ပိဿာခန့်)၊ မြေစေးမြေဆိုပါက (၆၀၀ မှ ၈၀၀ ပိဿာခန့်) ထိ ထည့်သင့်ပါတယ်။ ထုံးထည့်တဲ့အခါ အရေးကြီးဆုံး သတိထားရမှာက တစ်ကြိမ်တည်းနှင့် အများကြီးထည့်ခြင်းထက် တစ်ဧကလျှင် ပိဿာ ၃၀၀ မှ ၄၀၀ ထက်မပိုဘဲ ခွဲထည့်ခြင်းက ပိုမိုထိရောက်ပြီး မြေဆီလွှာ အဏုဇီဝသက်ရှိများကို မထိခိုက်စေပါဘူး။ သီးနှံမစိုက်ပျိုးမီ မြေဆီလွှာဓာတ်ခွဲခန်းတွင် pH စစ်ဆေးပြီးမှ အတိအကျ တွက်ချက်ထည့်သွင်းခြင်းက အကောင်းဆုံးဖြစ်ပါတယ်။ မြေရဲ့ pH ပြန်တက်လာတဲ့အခါ ပဲပင်တွေ အလွန်လိုအပ်တဲ့ ကယ်လ်စီယမ် (Ca) ကို မြေထဲကနေ တိုက်ရိုက်ရရှိစေလို့ အမြစ်တွေ ပြန်လည်သန်မာလာစေနိုင်ပါတယ်။ မြေချဉ်လို့ ပိတ်မိနေတဲ့ မိုလစ်ဒီနမ်ဓာတ်တွေဟာလဲ ပြန်လည်လွတ်လပ်လာပြီး ပဲမြစ်ဖုလေးတွေ ဖြစ်ထွန်းအောင် ကူညီပေးနိုင်မှာဖြစ်ပါတယ်။

**၃။ သဘာဝမြေဆွေး များများထည့်ပါ**

ထုံးထည့်ရုံတင်မကဘဲ နွားချေးဆွေး၊ ကြက်ချေးဆွေး သို့မဟုတ် သစ်ရွက်ဆွေးကဲ့သို့သော သဘာဝမြေဆွေးတွေကိုပါ ဒွန်တွဲပြီး များများထည့်ပေးဖို့ လိုအပ်ပါတယ်။

သဘာဝမြေဆွေးက ကျောက်ပြားလို မာနေတဲ့ မြေမာအလွှာကို တဖြည်းဖြည်း ပွမွပြီးအက်ကွဲလာအောင် အောက်ခြေကနေ ပြုပြင်ပေးနိုင်ပါတယ်။ မြေကြီးပွလာတဲ့အတွက် အနိမ့်ပိုင်းမှာ ရေမစိမ့်နိုင်တဲ့ပြဿနာ ကင်းဝေးသွားပြီး ရေဝပ်အမြစ်ပုပ်ခြင်းမှ ကာကွယ်ပေးပါတယ်။ တစ်ပြိုင်တည်းမှာပဲ မြေဆီလွှာရဲ့ ပြွန်လိုင်းငယ်လေးတွေကို ပြန်ပွင့်စေလို့ ဆောင်းဦးပေါက် နေပူချိန်မှာ သဘာဝအတိုင်း အောက်ခြေကရေ အပေါ်ကိုစိမ့်တက်လာမဲ့ (Capillary Action) စနစ်ကို ပြန်လည်ရှင်သန်စေတာကြောင့် အမြင့်ပိုင်းမှာ ပဲခင်းတွေ ရေငတ်ခြင်းမှ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။

**၄။ ရေနုတ်မြောင်းလုပ်ပေးပြီး မိုလစ်ဒီနမ်ကို ရွက်ဖျန်းကျွေးပါ**

အနိမ့်ပိုင်းနေရာတွေမှာရေဝပ်ပြီး အမြစ်မပုပ်စေဖို့ စပါးရိတ်ပြီးတာနဲ့ ရေနုတ်မြောင်း သို့မဟုတ် ဘောင်ကြောင်းတွေကို စနစ်တကျ ဆွဲပေးရပါမယ်။ မြေချဉ်နေတဲ့အတွက် မိုလစ်ဒီနမ်ကို မြေထဲကျွေးရင် ပြန်ခဲသွားမှာဖြစ်လို့ မြေကြီးထဲကို မထည့်ဘဲ ပဲပင်သက်တမ်းနုပျိုစဉ် (ပင်ပိုင်းကြီးထွားချိန်) မှာ မိုလစ်ဒီနမ်ပါဝင်တဲ့ အနည်းလို ရွက်ဖျန်းမြေဩဇာကို ရေ ၂၀ လီတာလျှင် ဂရမ်အနည်းငယ် (၂ ဂရမ်မှ ၁၀ ဂရမ်) မျှသာ ထည့်သွင်း၍ အရွက်ပေါ် တိုက်ရိုက်ဖျန်းကျွေးရပါမယ်။ အနည်းလိုဓာတ်ဖြစ်၍ အလွန်အကျွံဖျန်းပါက အပင်အဆိပ်သင့်တတ်ပါတယ်။ မိုလစ်ဒီနမ်ဟာ အရွက်ကနေတစ်ဆင့် ပဲမြစ်ဖုလေးတွေဆီ အရောက်သွားပြီး သဘာဝနိုက်ထရိုဂျင်ထုတ်ပေးမှုကို အရှိန်အဟုန်နဲ့ ထုတ်ပေးနိုင်ပါလိမ့်မယ်။ ဇီဝမြေဩဇာဖြစ်တဲ့ ရိုင်ဇိုဘီယမ်ဘက်တီးရီးယားများကို မစိုက်ပျိုးမီ မျိုးစေ့နဲ့လူးနယ်ခြင်းစနစ်ဖြင့် ကြိုတင်ထည့်သွင်းခဲ့မယ်ဆိုရင်တော့ ပဲမြစ်ဖုတည်ဆောက်မှုကို အစောပိုင်းကတည်းက အရှိန်အဟုန်မြှင့်ပေးနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ရာ မတ်ပဲအစိုက်များသော အောက်မြန်မာပြည်က မတ်ပဲစိုက်တောင်သူကြီးများအနေနဲ့ မိမိတို့မြေရဲ့ ရုပ်ပိုင်းဆိုင်ရာနဲ့ ဓာတုဗေဒသဘာဝကို နားလည်ပြီး စနစ်တကျပေါင်းစပ်ပြုပြင် ကျွေးမွေးခြင်းဖြင့် ပဲပင်တွေ အကွက်လိုက်ဝါသေခြင်းမှ ကာကွယ်နိုင်ပြီး ပဲအထွက်နှုန်း တိုးတက်အောင်မြင်ကြစေဖို့ လိုက်နာဆောင်ရွက်သင့်တဲ့အချက်တွေကို အလေးထားသတိပြု ဆောင်ရွက်နိုင်စေဖို့ ဖော်ပြလိုက်ရပါတယ်။

**ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့မည့်အစီအစဉ်ကို ဇူလိုင် ၂၅ ရက်တွင် ပြုလုပ်မည်



ယခင်နှစ်က ပညာသင်ကြားရေးပံ့ပိုးကူညီထောက်ပံ့ပွဲအခမ်းအနားကို တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အစည်းအရုံးဝင် ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ထောက်ပံ့ပေးမည့် အစီအစဉ်ကို ဇူလိုင် ၂၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

အဆိုပါ အစီအစဉ်ကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရှိ ရွှေရတုခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ပညာသင်ကြားနေကြသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင် အစည်းအရုံးဝင်တွေရဲ့ သားသမီးတွေကို ပညာသင် စရိတ် ထောက်ပံ့ကြေးတွေကို နှစ်စဉ် ပေးအပ် နေတာဖြစ်ပါတယ်။ အစည်းအရုံးက မတည်ပြီးတော့ အခြားအလှူရှင်တွေရဲ့ လှူဒါန်းမှုတွေနဲ့အတူ ရုပ်ရှင်လောကသားတွေရဲ့ သား၊ သမီးတွေအတွက် ပညာသင်စရိတ် ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနဲ့ ကျောင်းသုံးပစ္စည်းတွေကို နှစ်စဉ်လှူဒါန်းပေးလျက်ရှိပါတယ်။ ယခုနှစ်မှာလဲ ယခင်နှစ်များအတိုင်း ပေးအပ်သွားမှာဖြစ်ပါတယ်။ ကျောင်းသူကျောင်းသား ဦးရေ ၁၀၀ ကျော်ကို ထောက်ပံ့မှာပါ"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ရုပ်ရှင်လောကသားများ၏ မိသားစုဝင်များကို တစ်ဖက်တစ်လမ်းမှ ကူညီပေးသည့်အနေဖြင့် ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးနှင့်အတူ လိုအပ်သည့် ကျောင်းသုံး ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံ၊ ခဲတံချွန်စက်၊ ကွန်ပါဘူး၊ ထီးနှင့် ကျောင်းဝတ်စုံတို့ကို ပေးအပ်သွားမည်ဟု သိရသည်။ ASH

# ထိတ်လန့်သည်းဖို Crush ဇာတ်ကားကို ဒါရိုက်တာ ဂျူးလီးယပ်အက်ဗီရီ ရိုက်ကူးမည်ဖြစ်

**နယူးယောက် ဇူလိုင် ၂၀**

၂၀ ရာစု ရုပ်ရှင်စတူဒီယို၏ မြေအန္တရာယ်နောက်ခံ ထိတ်လန့်သည်းဖို Crush ဇာတ်ကားသစ်ကို ဩစတြေးလျ ဒါရိုက်တာ ဂျူးလီးယပ်အက်ဗီရီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဇူလိုင် ၁၉ ရက် သတင်းများအရ သိရသည်။

Crush အမည်ရှိ အဆိုပါ ဇာတ်ကားသည် အဲဗားဂလိတ်သစ်တောအတွင်း လေ့လာရေးခရီးထွက်စဉ် စပါးကြီးမြွေ တစ်ကောင်၏ အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသော အမျိုးသမီး တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျွန်ဖစ်ချာက တာဝန်ယူ ရေးသားပေးထားသည်။

ဩစတြေးလျ ဒါရိုက်တာဂျူးလီးယပ်အက်ဗီရီသည် Overlord နှင့် The Pope's Exorcist ကဲ့သို့ ဇာတ်ကားများကို တာဝန်ယူရိုက်ကူးပေးခဲ့သူဖြစ်သည်။

လက်ရှိအချိန်တွင် Crush ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ၂၀ ရာစု ရုပ်ရှင် စတူဒီယိုက ရွေးချယ်နေဆဲဖြစ်သည်။

Crush ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ၂၀ ရာစု ရုပ်ရှင်စတူဒီယိုက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# တေးသံရှင် ဇော်ဝင်းထွဋ်၏ Rock the City တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ဇမ္ဗူသီရိမြို့နယ်ရှိ Excellent Bar & Restaurant တွင် ပြုလုပ်မည်ဖြစ်

**ရန်ကုန် ဇူလိုင် ၂၀**

တေးသံရှင် ဇော်ဝင်းထွဋ်၏ Rock the City တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ Excellent Bar & Restaurant တွင် ဇူလိုင် ၃၁ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

တေးသံရှင် ဇော်ဝင်းထွဋ်၏ Rock the City တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဇော်ဝင်းထွဋ်နှင့်အတူ Emperor Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"နေပြည်တော်က Rock ချစ်သူတွေဆီကို ဇူလိုင် ၃၁ ရက်မှာ ရောက်ရှိလာမှာဖြစ်ပါတယ်။ Rock the City ဖျော်ဖြေပွဲမှာ Emperor Band ရဲ့ တီးခတ်မှုတွေကို တိုက်ရိုက်ခံစားနိုင်ကြမှာဖြစ်ပါတယ်။ အမှတ်တရဟောင်းတွေကို ပြန်လည်လွမ်းဆွတ်ရင်း၊ သီချင်းကောင်းတွေကို စီးမျောရင်းနဲ့ အပန်းဖြေချင်တဲ့ ရော့ဂီတချစ်သူတွေအတွက် အထူးသီးသန့်ပြင်ဆင်ထားတဲ့ Live Show တစ်ညပဲဖြစ်ပါတယ်"ဟု တေးသံရှင်ဇော်ဝင်းထွဋ်က ပြောပြ၍ သိရသည်။





တေးသံရှင် ဇော်ဝင်းထွဋ်၏ Rock the City တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Excellent Bar & Restaurant တွင် ဇူလိုင် ၃၁ ရက် ညနေ ၆ နာရီမှ စတင်ကာ ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# 13 Going On 30 ဇာတ်ကား၌ သရုပ်ဆောင်သုံးဦး ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇူလိုင် ၂၀**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ 13 Going On 30 ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား တေလာအော်တေးဂါ၊ မင်းသား တင့်မဲဒိုးနှင့် ဒန်းဘူကာတင်စကီးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၉ ရက် သတင်းများအရ သိရသည်။

13 Going On 30 ဇာတ်ကား၌ အဆိုပါ သရုပ်ဆောင်သုံးဦးပါဝင်ရမည့် ဇာတ်ကောင်နေရာများကို လျှို့ဝှက်ထားဆဲ ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် ၎င်း သရုပ်ဆောင် သုံးဦးတို့သည် မင်းသား လိုဂန်လာမင်၊ မင်းသမီး ဂျက်ဆီကာအယ်ဘာ၊ အမ်မီလီဘာဒါတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

13 Going On 30 ဇာတ်ကားသည် ကိုလံဘီယာရုပ်ရှင်ကုမ္ပဏီ၏ 13 Going On 30 2004 ကို ပြန်လည် ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

13 Going On 30 (2004) သည် အသက် ၃၀ ဘဝသို့ ရုတ်ခြည်းဆိုသလို ထူးဆန်းစွာရောက်ရှိသွားသည့် အသက် ၁၃ နှစ်အရွယ် မိန်းကလေးတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဟာသဒရာမာဇာတ်ကားဖြစ်သည်။

**Ref : Russia Today**
**Trs : KKO**



# မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)က ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သဘင်သက်ကြီးပူဇော်ပွဲကို ဩဂုတ်လတွင် ကျင်းပပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)က ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သဘင်သက်ကြီးပူဇော်ပွဲကို ဩဂုတ်လတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ပဉ္စမအကြိမ်မြောက်အဖြစ် ကျင်းပမည့် သဘင်သက်ကြီးပူဇော်ပွဲကို မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် စာရင်းကောက်ယူမှုအရ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးကန်တော့ခံ သဘင်ပညာရှင်ဦးရေ ၁၀၀၀ ကျော်ကို ပူဇော်ကန်တော့မည်ဖြစ်ကြောင်း သိရသည်။

"သဘင်အစည်းအရုံးဆိုတာကတော့ ကဏ္ဍပေါင်းစုံပါဝင်ပါတယ်။ သဘင်ရဲ့အစုအဖွဲ့မှာက ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ ဆိုင်း၊ ဆပ်ကပ်၊ မျက်လှည့်နဲ့ နတ်ဒေဝါစတာတွေပါတာပေါ့ဗျာ။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အသက် ၇၅ နှစ်အထက် သက်ကြီးတွေတင် လူ ၁၀၀၀ ကျော်လောက် ရှိပါတယ်။ ရန်ကုန်မြို့၊ မန္တလေးမြို့ တစ်ခုစီပဲ ကွက်ပြီး လုပ်ဆောင်တာမဟုတ်ဘဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နိုင်သလောက်နဲ့ ကန်တော့ပွဲလုပ်ဆောင်တာပါ။ ကန်တော့ခံသဘင်ပညာရှင်တွေကို နှစ်စဉ်လှူဒါန်းမြဲ စံနှုန်းအတိုင်း မလျော့ဘဲ ပညာရှင်ကြီးတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းနဲ့ လှူဖွယ်ပစ္စည်းတွေကို လှူဒါန်းသွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဇာတ်မင်းသား ဖိုးချစ်က ပြောပြသည်။

မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ သဘင်သက်ကြီးပူဇော်ပွဲကို မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) ရုံးသစ်တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန် ဘူတာရုံလမ်းနှင့် လမ်းသစ် လမ်းထောင့်တွင် ကျင်းပ သွားမည်ဖြစ်ကြောင်း သိရ သည်။

ASH

# Vice-President U Nyo Saw receives delegation led by United Nations Acting Assistant Secretary-General for Humanitarian Affairs and Deputy Emergency Relief Coordinator



**Nay Pyi Taw July 20**

Vice-President U Nyo Saw received the delegation led by H.E. Mr. Indrika Ratwatte, the United Nations Acting Assistant Secretary-General for Humanitarian Affairs and Deputy Emergency Relief Coordinator from the United Nations Office for the Coordination of Humanitarian Affairs, at the Reception Hall of the State President's Office in Nay Pyi Taw at 11:00 am today.

During the meeting, they cordially and frankly exchanged views on enhancing cooperation and understanding between the two sides regarding disaster management in Myanmar, the implementation of post-earthquake rehabilitation tasks, prospects for cooperation in providing humanitarian assistance, the government's humanitarian aid provisions, the successful and transparent holding of the 2025 multiparty democracy general election, and the political developments in Myanmar.

The meeting was attended by the Vice-President along with Deputy Minister for Foreign Affairs U Ko Ko Kyaw, Deputy Minister for Social Welfare, Relief and Resettlement Dr. Than Soe, and officials.

MNA

**Vice-President U Nyo Saw receives H.E. Mr. Indrika Ratwatte, UN Temporary Assistant Secretary-General for Humanitarian Affairs and Deputy Emergency Relief Coordinator.**

# PDF terrorists blew up national grid transmission tower No. 338 near Paunglaungkan Village in Pakokku Township, resulting in socioeconomic losses in the region



**This photo shows the collapse of transmission tower No. 338 destroyed by terrorists of the 132 kV Nyaungbingyi-Buddhagon national grid on 19 July 2026.**

**Nay Pyi Taw July 20**

As the electric power sector is crucial for development of the national economy, improvement of living standard of the people and safety and improvement of socioeconomy, the government gives priority to development of the electricity sector. PDF terrorists and other EAOs attack and destroy electric power sector and other sectors being implemented for the development of the nation, in various ways and means.

PDF terrorists planted mines to explode transmission tower No. 338 of the 132 kV national grid near Paunglaungkan Village in Pakokku Township at 7.30 pm on 19 July. Consequently, supply of electricity along the power lines connecting with Pakokku, Yesagyo, Myaing and Kanma were cut off.

The destruction of the power line also affected the stability of the 132 kV power supply network system in Magway Region. As a result, voltage drops and occasional power outages have been occurring in other towns and villages across Magway Region.

Staff from the Township Electrical Engineer Office and relevant officials, together with local security squads, have rushed to the transmission tower No. 338, which was collapsed and damaged by the mine blast, and are making efforts to carry out repairs and restore the facility as soon as possible.

As soon as the power lines were destroyed, electricians made efforts to carry out repairs and restore the power supply as quickly as possible. However, due to attacks and harassment by PDF terrorists, as well as the planting of mines along the routes, some staff members have been killed, lost limbs, or sustained injuries. As a result, human resources have also been lost.

The PDF terrorist groups have taken advantage of political change processes and carried out acts against the State under the pretext of serving regional development and ensuring public security. At present, these terrorists, relying on armed force, have been unlawfully committing brutal acts against innocent civilians who are peacefully living and working, including threatening and coercing them, extorting money, and arbitrarily arresting and killing them. The local people are disgusted with and condemn the terrorists who have irrationally planted mines and destroyed essential electricity supply lines that are vital for the development and improvement of the socioeconomic lives of the public. Security forces, in cooperation with responsible members of the public, are intensifying necessary security measures to swiftly identify and arrest these terrorists.

100



**Photo record of a staff officer injured after stepping on a landmine while carrying out power line repair work.**

# Farmers grow more than 4,000 acres of rainfed paddy in Kanbalu Township



**A pigeon pea plantation.**

**Kanbalu July 20**

More than 4,000 acres of rainfed paddy have already been planted during this year's monsoon cropping season in Kanbalu Township, Kanbalu District, Sagaing Region, according to statistics from the Kanbalu Township Department of Agriculture.

For the 2026-2027 monsoon cropping season, Kanbalu Township has set a target of cultivating 145,358 acres of monsoon paddy. Planting began in June this year, and 4,156 acres have been planted as of today.

"This year's monsoon cropping season, Kanbalu Township has planned to cultivate more than 140,000 acres of monsoon paddy. More than 4,000 acres have already been planted as of today.

We are working to ensure that the targeted acreage is fully cultivated. We will provide necessary agricultural techniques and seeds for monsoon paddy cultivation. We are also conducting field visits to help farmers plant monsoon paddy on time," said U Myo Myint, Head of the Kanbalu Township Department of Agriculture.

During this year's monsoon cultivation period, the Township Department of Agriculture and local farmers are cooperating to ensure that monsoon paddy is cultivated systematically without difficulties.

The Department of Agriculture is providing farmers in Kanbalu Township with agricultural technology assistance, awareness on pest prevention, measures to prevent crop damage and losses, and guidance on ensuring harvested paddy is stored under proper shelter in a timely manner.

To ensure successful growth and good yields of this year's monsoon paddy fields in Kanbalu Township, officials from the Township Department of Agriculture are conducting field activities to provide technical guidance, including selecting and using quality seeds, monitoring pest infestations, carrying out weed control, removing off-type plants, and applying fertilizers systematically. 206

# Pwintbyu Township grows more than 200 acres of chilli

**Pwintbyu July 20**

The Township Agriculture Department stated that local farmers planted more than 200 acres of chilli in Pwintbyu Township, Magway Region.

During this year's monsoon cropping season, farmers in Pwintbyu Township plan to cultivate 570 acres of chilli peppers. Planting began in June, and as of today, more than 200 acres have already been planted.

"During this year's monsoon cropping season, Pwintbyu Township has earmarked the cultivation of 570 acres of chilli peppers. As of today, 210 acres have already been planted. We are continuing our efforts to achieve the planned cultivation target. Because the chilli market is favorable, more farmers are choosing to grow chilli peppers as a reliable source of income. We are also working to help chilli growers expand their cultivation area year by year," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

During this year's monsoon cropping season, the Township Department of Agriculture has been working closely with local chilli growers by providing agricultural extension services aimed at increasing yields, improving market access, preventing pest and disease outbreaks, promoting Good Agricultural Practices (GAP) to ensure food safety, and encouraging the proper use of fertilizers and other agricultural inputs to improve soil fertility.

According to Daw Moe Moe Wai, increasing chilli cultivation and improving productivity will not only meet local consumption needs but also generate surplus production for sale, thereby increasing farmers' incomes and contributing to socio-economic development. She added that efforts should therefore be made to expand chilli cultivation wherever conditions are suitable.

Ye Win Naung (NyaungU)

# Khamti Township sees completion of growing vegetables this year

**Khamti July 20**

According to the Khamti Township Agriculture Department, local farmers planted all plantations of vegetables in Khamti Township of Sagaing Region this monsoon.

During the 2026-2027 monsoon cropping season, Khamti Township has targeted the cultivation of 1,120 acres of vegetable crops. Planting began in May this year, and as of today, the entire target area has been fully planted.

"This year's monsoon cropping season in Khamti Township has a target of cultivating more than 1,000 acres of vegetable crops. At present, planting has been completed on 100 percent of the target area. The crops include mustard, chilli peppers, culinary herbs, potatoes, cabbage, eggplant, and cauliflower. We provide farmers with technical guidance to enable them to cultivate all vegetable crops in accordance with Good Agricultural Practices (GAP). We also educate farmers on cultivation techniques that minimize chemical residues and ensure that the vegetables produced are safe and healthy for consumers," said Daw Su Su Khaing, Head of the Khamti Township Department of Agriculture.

This year, the Khamti Township Department of Agriculture has been providing vegetable growers with technical training on GAP cultivation methods, guidance on producing safe and healthy vegetables, and assistance to encourage farmers to expand vegetable cultivation.

A wide variety of seasonal vegetables are cultivated annually in Khamti Township, and these crops have been successfully grown, providing income for farming households. The Township Department of Agriculture is also providing farmers with education on proper cultivation practices, pest prevention and control, and the preparation and use of organic fertilizers, organic pesticides, and natural pest repellents. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Cultivation of more than 2,700 acres of groundnut completes in Pwintbyu Township

**Pwintbyu July 20**

The Township Department of Agriculture stated that local farmers have planted 2,720 acres of groundnut in Pwintbyu Township of Magway Region this year.

During this year's monsoon cropping season, Pwintbyu Township has targeted the cultivation of 3,619 acres of groundnut. Planting began in June, and as of today, 2,720 acres have been planted.

"This year's target is to cultivate 3,619 acres of groundnut in Pwintbyu Township. As of today, 2,720 acres have already been planted. We are conducting field visits to ensure that the target acreage is achieved. We are also providing support to help farmers expand groundnut cultivation and adopt Good Agricultural Practices (GAP) to improve yields," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

According to the Department of Agriculture, extension services are being provided to groundnut farmers in Pwintbyu Township to improve both yield and quality. These include promoting the use of high-quality certified seed, encouraging proper cultivation techniques, supporting pest and disease management, and educating farmers on the systematic use of agricultural inputs through field-based extension activities.

Daw Moe Moe Wai said that increasing groundnut production would not only help meet local edible oil demand but also generate additional income through the sale of surplus produce, thereby contributing to the socioeconomic development of local communities. She added that efforts should therefore be made in all suitable areas to expand groundnut cultivation.

Ye Win Naing (NyaungU)

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပြင်သစ်နိုင်ငံက ဒရုန်းခြိမ်းခြောက်မှုများကိုတုံ့ပြန်ရန် Tigre Mk2 ရဟတ်ယာဉ်များတွင် Mistral 3 ဒုံးကျည်များ တပ်ဆင်အသုံးပြုခဲ့



ပြင်သစ်နိုင်ငံသည် Tigre Mk2 တိုက်ခိုက်ရေးရဟတ်ယာဉ်များတွင် MBDA ကုမ္ပဏီထုတ် Mistral 3 ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များကို အောင်မြင်စွာ တပ်ဆင်အသုံးပြုနိုင်ခဲ့ပြီး ဒရုန်းခြိမ်းခြောက်မှုတုံ့ပြန်နိုင်စွမ်း ပိုမိုမြင့်တက်လာခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခင်ရှိပြီးသား Mistral 2 ဒုံးကျည်ပစ်ခတ်မှုစနစ်ကို အခြေခံ၍ ဆော့ဖ်ဝဲပိုင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ အဆင့်မြှင့်တင်လိုက်ခြင်းဖြင့် Mistral 3 ဒုံးကျည်ကို သယ်ဆောင်ပစ်ခတ်နိုင်မည်ဖြစ်ပြီး Mistral 3 တွင် အနီအောက်ရောင်ခြည်ဖြင့် ပစ်မှတ်ရှာဖွေနိုင်သည့်စနစ်၊ ရန်သူ့လှည့်စားမှုများကို ကျော်လွှားနိုင်စွမ်းနှင့် ရှစ်ကီလိုမီတာ ဝေးကွာသော ပစ်မှတ်များကို တိုက်ခိုက်နိုင်သည့် စွမ်းရည်များ ပါဝင်သည်။

အဆိုပါ တပ်ဆင်မှုနှင့် လက်တွေ့ပစ်ခတ်စမ်းသပ်မှုများကို MBDA ကုမ္ပဏီ၊ ပြင်သစ်ကာကွယ်ရေး ဝယ်ယူရေးဌာန (DGA) နှင့် ပြင်သစ်တပ်မတော်တို့ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ သတ်မှတ်ထားသော အချိန်ကာလအတိုင်းအတာအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

Mistral 3 ဒုံးကျည်သည် ခြောက်ပေနှစ်လက်မရှည်လျားကာ သုံးကီလိုဂရမ်အလေးချိန်ရှိသော ယမ်းတုံးကို သယ်ဆောင်နိုင်ပြီး တစ်စက္ကန့်လျှင် မီတာ ၉၃၀ နှုန်းဖြင့် ပျံသန်းနိုင်သည်။ Mistral ဒုံးကျည်သည် မြေပြင်မှ အမြင့်ပေ ၁၉၆၈၅ ထိ ပျံသန်းသောအနိမ့်ပျံလေယာဉ်အမျိုးမျိုးကို ခုခံကာကွယ်ပေးနိုင်ပြီး ပစ်မှတ်ကို မီတာ ၅၀၀ မှ မီတာ ၈၀၀၀ အတွင်း ကြားဖြတ်ဖျက်ဆီးနိုင်သည်။ လေကြောင်းသာမက မြေပြင်နှင့် ရေတပ်သုံးပလက်ဖောင်းများမှလည်း ၎င်းဒုံးကျည်ကို ပစ်ခတ်အသုံးပြုနိုင်ကြောင်း သိရသည်။

Tigre Mk2 ရဟတ်ယာဉ်သည် Airbus Helicopters ကုမ္ပဏီမှထုတ်လုပ်သည့် အင်ဂျင်နှစ်လုံးတပ်ကင်းထောက်နှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်အမျိုးအစားဖြစ်သည်။ ၎င်းတွင် နှောင့်ယှက်မှုဒဏ်ခံနိုင်သော GPS စနစ်၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်သည့် IFF mode 5 စနစ်တို့ပါဝင်ပြီး ယခင်မျိုးဆက်များထက် ပိုမိုကောင်းမွန်သော ပစ်ခတ်မှုကာကွယ်ရေးစနစ်များ တပ်ဆင်ထားသည်။ ၎င်းရဟတ်ယာဉ်၏ လက်နက်စနစ်များတွင် ၃၀ မီလီမီတာ Nexter M781 အမြောက်၊ Hellfire ဒုံးကျည်များ၊ Mistral ဒုံးကျည်များနှင့် ၆၈ မီလီမီတာ ဒုံးပျံများပါဝင်သည်။

ပြင်သစ်၏ Tigre Mk2 ရဟတ်ယာဉ်များတွင် Mistral 3 ဒုံးကျည်များ တပ်ဆင်ခြင်းသည် ခေတ်သစ်စစ်မြေပြင်၏ အဓိကခြိမ်းခြောက်မှုဖြစ်သော ဒရုန်းများကို ဝေဟင်မှတစ်ဆင့် တန်ပြန်ခုခံရာတွင် အလွန်ထိရောက်သော ဖြေရှင်းချက်တစ်ခုဖြစ်သည်။ Mistral 3 ဒုံးကျည်သည် ရန်သူ့၏လှည့်စားမှုများကို ကျော်လွှားနိုင်စွမ်းနှင့် ပိုမိုဝေးကွာသောအကွာအဝေးမှ ပစ်ခတ်နိုင်ခြင်းသည် ရဟတ်ယာဉ်များ၏စစ်ဆင်ရေးဆိုင်ရာ ရှင်သန်နိုင်စွမ်းကိုပိုမိုမြင့်မားစေသည်။ ရဟတ်ယာဉ်တပ်ဖွဲ့များအတွက် ဤကဲ့သို့သော ခေတ်မီဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များဖြင့် အဆင့်မြှင့်တင်ခြင်းသည် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း သိရသည်။

**French Tigre Mk2 Helicopter Integrates Mistral 3 Missile to Counter Drones ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးကုမ္ပဏီ Skapion က ဒရုန်းအုပ်စုတစ်ခုလုံးကို တစ်ပြိုင်တည်းချေမှုန်းနိုင်မည့် လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်ကို တီထွင်



အစ္စရေး Skapion ကုမ္ပဏီသည် ဒရုန်းအုပ်စုတစ်ခုလုံးကို တစ်ပြိုင်တည်း ချေမှုန်းနိုင်မည့် လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်ကို တီထွင်လျက်ရှိကြောင်း Next Gen Defense သတင်းဌာနက ဇူလိုင် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Skapion ကုမ္ပဏီ၏ထုတ်ပြန်ချက်အရ ၎င်းနည်းပညာသည် ရန်သူ့ဒရုန်းအုပ်စုတစ်ခုလုံးကို တပြိုင်တည်းရင်ဆိုင်ချေမှုန်းနိုင်ရန် ဒီဇိုင်းဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။ ဤစနစ်ကြောင့် ဒရုန်းများကို ကြားဖြတ်ဟန့်တားရာတွင် ကုန်ကျစရိတ်ကို သိသိသာသာ လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ကြီးထွားလာနေသော ဝေဟင်ခြိမ်းခြောက်မှုများကိုပါ ထိရောက်စွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။

နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ကုမ္ပဏီဘက်က ထုတ်ဖော်ပြောကြားခြင်း မရှိသေးသော်လည်း ဤစနစ်သည် စစ်မြေပြင်တွင် အလွယ်တကူ ဖြန့်ကြက်ရွှေ့ပြောင်းနိုင်သည့် မိုဘိုင်းဒီဇိုင်းဖြစ်ပြီး တပ်ဖွဲ့ဝင်များနှင့် အရေးကြီးအခြေခံ အဆောက်အအုံများကိုပြောင်းလဲတိုးတက်လာသော ဒရုန်းအန္တရာယ်မှကာကွယ်ပေးနိုင်ရန် အထူးသင့်လျော်သည်ဟုဆိုသည်။

ထို့ပြင် အဆိုပါစနစ်သည် ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံထားရသည့် ပတ်ဝန်းကျင်တွင် ပုံမှန်လည်ပတ် အလုပ်လုပ်နိုင်မည်ဖြစ်ပြီး ယှဉ်ပြိုင်မှုပြင်းထန်သော စစ်မြေပြင်အခြေအနေများအနေဖြင့် တပ်ဖွဲ့ဝင်များအတွက် ပိုမိုကောင်းမွန်သော တိုက်ခိုက်နိုင်စွမ်းကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုလိုတီထွင်ထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် Skapion ကုမ္ပဏီသည် ကနဦးမတည်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၃၆ သန်းကိုရရှိထားပြီးဖြစ်သည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုဝင်ငွေများကို ဝန်ထမ်းအသစ်များ ခန့်အပ်ခြင်း၊ စနစ်သစ်တီထွင်ခြင်းနှင့် စမ်းသပ်မှုများအပြင်၊ အစ္စရေး၊ အမေရိကန်၊ အခြားမဟာမိတ်နိုင်ငံများရှိ အေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

လေကြောင်းရန်ကာကွယ်ရေး ဝါရင့်ကျွမ်းကျင်သူများ ဦးဆောင်တည်ဆောက်ထားသော Skapion ကုမ္ပဏီ၏ ဦးဆောင်အဖွဲ့တွင် အစ္စရေးလေကြောင်းရန်ကာကွယ်ရေးလုပ်ငန်းနယ်ပယ်မှ ဝါရင့်ကျွမ်းကျင်သူများ (Veterans) ပါဝင်သည်။ အထူးသဖြင့် နာမည်ကျော် Iron Dome (သံမဏိအမိုးခုံး) နှင့် David's Sling ဒုံးကျည်ကာကွယ်ရေးစနစ်များကို ပူးတွဲတီထွင်ခဲ့သူ ဗိုလ်မှူးချုပ် ပီနီယန်းမန်း (Brig. Gen. Pini Yungman) က Chief Architect အဖြစ် ဦးဆောင်လျက်ရှိသည်။

အမှုဆောင်အရာရှိချုပ် CEO ဖြစ်သူ Ido Bar-On သည်လည်း ကမ္ဘာတစ်ဝန်းရှိ ကာကွယ်ရေးအဖွဲ့အစည်းများ၊ အစိုးရအေဂျင်စီများနှင့် ကျယ်ကျယ်ပြန့်ပြန့် လက်တွဲလုပ်ဆောင်ခဲ့ဖူးသူဖြစ်သည်။

ကုမ္ပဏီ၏ရုံးချုပ်ကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် ဖွင့်လှစ်ထားသော်လည်း အစ္စရေးနိုင်ငံ Ramat Gan မြို့တွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (R&D Center) ကို လည်းပတ်လျက်ရှိသည်။ ထိုစင်တာတွင် အီလက်ထရွန်နစ်၊ ဆော့ဖ်ဝဲလ်၊ အလိုအလျောက်ထိန်းချုပ်မှုစနစ်နှင့် အာကာသနည်းပညာဆိုင်ရာ ဝန်ထမ်းအင်အားကို လက်ရှိတွင် တိုးချဲ့ခန့်အပ်လျက်ရှိကြောင်း သိရသည်။

**Israeli Startup Wants to Stop Entire Drone Swarms, Not One Drome at a Time. ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၂၃၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကနီ ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၂၃၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၉၆၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၃၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ဖူးစားပြောင်းဧက ၂၉၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဖူးစားပြောင်းတွေဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ယခုနှစ် ကနီမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး ပြုလုပ်အသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေး လျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းရမည်ဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလက ကွမ်းသီးအစိမ်းအလုံးရေ ၅၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအစိမ်းအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇွန်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့နေတဲ့ ကွမ်းသီးအစိမ်းတွေက အရည်အသွေးလဲကောင်းပါတယ်။ လက်ရှိ ကွမ်းသီးအစိမ်းအလုံးရေ ၁၀၀ ကို ငွေကျပ် ၁၉၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအစိမ်းတွေ တင်ပို့ရောင်းချတာများလာတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြသည်။



ညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးအစိမ်းများကို ပွဲရုံပိုင်ရှင်များက ကွမ်းသီးခြံများ အရောက်သွားရောက် ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့နယ် ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက် ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၅၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇီးတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦး၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅၂ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**




# သာယာဝတီမြို့နယ် ရေတိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**သာယာဝတီ ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လေးလေးလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရေတိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် ရာသီပေါ်သီးနှံများ စိုက်ပျိုးထားရှိသော စိုက်ခင်းများနှင့် ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရေတိုက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ကြရန်နှင့် ရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၆၀ ထုတ်ချေးပေးထားပြီး လုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတို့ကို တွေ့ဆုံ




နေပြည်တော် ဇူလိုင် ၂၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်(C)ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတို့မှ ကော်မတီဝင်များကို တွေ့ဆုံသည်။

ဦးစွာ ကော်မတီများမှ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းမေဒ်ထွန်းနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးထင်အောင်ရှိန်တို့ကကော်မတီဖွဲ့စည်းမှုကော်မတီ၏လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းနှင့် ကော်မတီများအလိုက် လိုအပ်ချက်များနှင့်ပတ်သက်၍ အကောင်းဆုံး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြင့်မားတိုးတက်စေရေးအတွက်လည်း ဟောပြောပွဲများနှင့် သင်တန်းများဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ကပေးအပ်သော တာဝန်များကို အရည်အသွေးရှိရှိထမ်းဆောင်ကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့တွေ့ဆုံသော လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီများ၏ လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်တာဝန်များသည် ကျယ်ပြန့်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေးအတွက် အရေးကြီးပါကြောင်း၊ ကော်မတီများမှလေ့လာစိစစ်ရသည့်ဥပဒေများနှင့်ပတ်သက်၍ အသစ်ပြဋ္ဌာန်းသင့်သည့်ဥပဒေများနှင့် ပြင်ဆင်ဖြည့်စွက်ရမည့်ဥပဒေများကိုလည်း ပြန်လည်လေ့လာသုံးသပ်ကြစေလိုကြောင်း၊ကလေးသူငယ်၊ လူငယ်ရေးရာနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များတွင် အသက်အရွယ်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များ ကွဲလွဲမှုများရှိနေ၍ ဆွေးနွေးညှိနှိုင်းကြရန် လိုအပ်ပါကြောင်း၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် အားကစားရေးရာများကို အသေးစိတ်လေ့လာပြီး ကဏ္ဍတစ်ခုချင်းအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော ဥပဒေပြုရေးလုပ်ငန်းစဉ်များကို လေ့လာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်း လူသားအရင်းအမြစ်ဆုံးရှုံးမှုမရှိစေရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံအတွက် အားကိုးအားထားပြုရမည့် အနာဂတ်ပညာတတ်လူငယ်များ ထွက်ပေါ်လာစေရေးအတွက် KG+9 အခမဲ့ ပညာရေးစနစ် ဆောင်ရွက်ပေးခြင်းနှင့် ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် လူရည်ချွန်စီမံကိန်းများဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်မှာ ကောင်းမွန်သောလုပ်ရပ်များဖြစ်၍ ဥပဒေပိုင်းဆိုင်ရာ အထောက်အကူပြုနိုင်ရေးစီမံပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးသူငယ်တိုင်း ပညာသင်ကြားနိုင်ရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှင့် ကင်းကွာနေသူများကို ပညာဆက်လက်သင်ကြားခွင့်ရရှိရေးအတွက် ကျောင်းပြင်ပပညာရေးစနစ်တစ်ခု ဖြစ်မြောက်ရေး လုပ်ငန်းစဉ်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက မိမိမဲဆန္ဒနယ်မြေအလိုက် ဝိုင်းဝန်းကူညီအကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်ရေးအတွက်လည်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး(Technical and Vocational Education and Training–TVET)များဖွံ့ဖြိုးလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ဥပဒေပြုရေးတို့ကို တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

လူငယ်ရေးရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အားလုံးလွှမ်းခြုံနိုင်သော National Youth Development Law, Youth Volunteer Service Law များ ဖြစ်ပေါ်လာစေရေး လေ့လာသုံးသပ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ကိန်းဂဏန်းစစ်တမ်းများအရ အမျိုးသမီးဦးရေသည် ပိုမိုများပြားလျက်ရှိသည့်အတွက် ထိရောက်စွာအသုံးချနိုင်ရေး နိုင်ငံ့အင်အားစုတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်ကို ဥပဒေရှုထောင့်မှ ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ထို့အတူ အမျိုးသမီးများအပေါ် အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊အွန်လိုင်းအသုံးပြု၍ အမျိုးသမီးများကို အကြမ်းဖက်ခြင်း၊ ကလေးသူငယ်များကို နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သော အမျိုးသမီးများ၊ ကလေးသူငယ်များ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများရေးဆွဲပြဋ္ဌာန်းပေးနိုင်ရေးဆောင်ရွက်ရန်လိုအပ်လျက်ရှိပါကြောင်း၊ ထို့ပြင် သက်ကြီးရွယ်အိုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်ပြီး ဥပဒေများကိုဖြည့်စွက်ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ယနေ့တွေ့ဆုံသည့် ကော်မတီများသည် များပြားလှသည့် လုပ်ငန်းတာဝန်များရှိပြီး လွှတ်တော်ကဏ္ဍမြှင့်တင်ရေးအတွက် ကြိုးစား ဆောင်ရွက်ကြစေလိုပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်လည်း စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး တည်ဆဲဥပဒေများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်သည့်ဥပဒေသစ်များပြဋ္ဌာန်းပေးခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ကောင်းမွန်သော အရွေ့တစ်ခုဖြစ်အောင် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(NCA-S EAOs)တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးရှေးရှုလျက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပိုမိုထိရောက်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်နှင့် ရရှိပြီးသားဆွေးနွေးမှုရလဒ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများရှာဖွေဖော်ထုတ်ရန် ရည်ရွယ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(NCA–S EAOs)တို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ် ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA–S EAOs)၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီအတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ(NMSP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ရေးချုပ်စောစိန်ဝင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့်နန်းယဉ်ယဉ်စိုးတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ကြားမှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမည့်အခြေအနေ၊ NCA မှ ခွဲထွက်သွားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမည့်အခြေအနေ၊ NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များစုစည်း၍ ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်မည့်အခြေအနေ၊NCAလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် Bilateral တွေ့ဆုံဆွေးနွေးခဲ့သည့်အခြေအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်နိုင်ရေးကိစ္စများကို ပြောကြားသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA–S EAOs)၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းက ယနေ့ဆွေးနွေးပွဲသည် အလွတ်သဘောတွေ့ဆုံပွဲမှတစ်ဆင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ အစိုးရသစ်၏ ရက် ၁၀၀ အတွင်း ညှိနှိုင်းရေးကော်မတီ၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်များသည် ထင်ထားသည်ထက် ပိုမိုဆောင်ရွက်နိုင်သည်ကိုတွေ့ရပြီး တွေ့ဆုံခြင်းနည်းလမ်းကို အလေးထားဆောင်ရွက်သည်ကိုတွေ့ရကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်လာနိုင်စေရေးအတွက် နှစ်ဖက်ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအတွက် ရလဒ်ကောင်းများရလာမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ယင်းနောက် ညှိနှိုင်းရေးကော်မတီ

# ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာဉာဏ်ရည်တုနည်းပညာကွန်ဖရင့်နှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်ထိ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာဉာဏ်ရည်တုနည်းပညာကွန်ဖရင့်နှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာဉာဏ်ရည်တုနည်းပညာကွန်ဖရင့်ကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် AI အသုံးပြုနိုင်မှုကွာဟချက်ကို လျှော့ချရန်၊ မျှတမှုရှိသော ကမ္ဘာလုံးဆိုင်ရာ AI စီမံအုပ်ချုပ်မှုနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုမူဘောင်တို့ကို ထူထောင်ရန်နှင့် AI နည်းပညာများကို နိုင်ငံများနှင့် လူသားအားလုံး၏ အကျိုးစီးပွားအတွက် ပိုမို၍အသုံးချလာနိုင်စေရန်ဟူသည့် အဓိကရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်မှစတင်၍ တရုတ်နိုင်ငံကဦးဆောင်ပြီး နှစ်စဉ်ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၆ရက် ညနေပိုင်းတွင် Shanghai Grand Hall ၌ ပြုလုပ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ အခြားနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization – WAICO) ဖွဲ့စည်းခြင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးသည့်




အခမ်းအနားသို့တက်ရောက်ရာ အခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Wang Yi က အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ခဲ့သည်။

အဆိုပါသဘောတူညီချက်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။

၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာဉာဏ်ရည်တုနည်းပညာကွန်ဖရင့် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် Shanghai Expo Center ၌ ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။ သမ္မတ ရှီကျင့်ဖျင် က AI နည်းပညာနှင့်စပ်လျဉ်းပြီး လုံခြုံရေး၊ ကျင့်ဝတ်နှင့် အုပ်ချုပ်မှုဆိုင်ရာစိန်ခေါ်မှုများကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြေရှင်းရန်၊ AI ကို လူသား၏ထိန်းချုပ်မှုအောက်တွင်ထားရှိနိုင်ရေးပူးပေါင်းဆောင်ရွက်ရန်၊ AI အုပ်ချုပ်မှုပုံစံကိုပုံဖော်ရာတွင် မတူကွဲပြားသည့်ယဉ်ကျေးမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ထည့်သွင်းစဉ်းစားရန်၊ နိုင်ငံများ၏ ကိုယ်ပိုင်စီရင်အုပ်ချုပ်ပိုင်ခွင့်ကိုလေးစားပြီး အားလုံးပါဝင်နိုင်သည့် အုပ်ချုပ်မှုပုံစံဖြစ်စေရေးဆောင်ရွက်သွားရန်နှင့် ဖွံ့ဖြိုးဆဲ Global South နိုင်ငံများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဒစ်ဂျစ်တယ်ကွာဟမှုလျှော့ချရေးတို့ကို အဓိကထားဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့ပြီး ကွန်ဖရင့်ကို ညနေ ၅ နာရီထိ သက်ဆိုင်ရာကဏ္ဍခွဲများအလိုက် ဆက်လက်ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းတွင် Shanghai International Convention Center ၌ ကျင်းပသည့် WAICO ဖွဲ့စည်းထူထောင်ခြင်းအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက WAICO ကို ကျင့်ဝတ်နှင့်ညီညွတ်သော၊ အားလုံးပါဝင်နိုင်ပြီး ရေရှည်တည်တံ့သော AI ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်သည့်အဖွဲ့အစည်းဖြစ်လာစေရန်၊ လက်တွေ့ကျသောပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် AI ကွာဟမှုလျှော့ချရေး၊ ဆိုက်ဘာလုံခြုံရေး၊ သတင်းမှားပြန့်ပွားမှုတိုက်ဖျက်ရေးတို့ကဲ့သို့သောကဏ္ဍများတွင် အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း AI နည်းပညာသည် ကမ္ဘာ့လူသားအားလုံးကို စွမ်းဆောင်ရည်မြှင့်တင်ပေးသော၊ သာယာဝပြောရေးကို မြှင့်တင်ပေးသော၊ လုံခြုံရေးကိုကာကွယ်ပေးသောပုံစံဖြင့် တိုးတက်လာစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များသည် ဇူလိုင် ၁၇ရက် ညနေပိုင်းတွင် Shanghai Expo Center တွင် ပြသထားသည့် AI ပြခန်းများသို့ တရုတ်နိုင်ငံအစိုးရ၏အစီအစဉ်ဖြင့် သွားရောက်လေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၈ ရက်တွင် ကမ္ဘာလုံးဆိုင်ရာ AI အုပ်ချုပ်မှု အဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားရာတွင် AI ၏ ကြီးမားသည့်အလားအလာများကိုအပြည့်အဝအသုံးချနိုင်ရန်အတွက် AI နည်းပညာကွာဟချက်ကို နိုင်ငံအားလုံးပူးပေါင်းလျှော့ချသွားရန်အရေးကြီးပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများကို တိုးချဲ့ပေးရန်၊ ဒေတာအချက်အလက်ရရှိနိုင်မှုနှင့် ကွန်ပျူတာတွက်ချက်နိုင်စွမ်းကို မြှင့်တင်ပေးရန်နှင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုနှင့်လက်တွေ့ကျသောပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း၊ AI နည်းပညာကြောင့်ဖြစ်ပေါ်လာသော ဆိုက်ဘာလုံခြုံရေး၊ သတင်းအမှားများ၊ အွန်လိုင်းလိမ်လည်မှု၊ ကိုယ်ရေးအချက်အလက်ပေါက်ကြားမှုနှင့် အရေးကြီးအခြေခံအဆောက်အအုံများအပေါ်ခြိမ်းခြောက်မှု စသည့်အန္တရာယ်များကို ပူးပေါင်းကာကွယ်ရန်လိုကြောင်းနှင့် AI သည်လူသားအားလုံးအတွက် ပိုမိုတောက်ပပြီး ရေရှည်တည်တံ့သောအနာဂတ်ကိုဖော်ဆောင်ပေးသော အင်အားတစ်ရပ်ဖြစ်လာစေရန်တိုက်တွန်းပါကြောင်း၊ AI ကို လူသားဗဟိုပြုသည့်စနစ်ဖြစ်လာစေရေး၊ ဘေးကင်းလုံခြုံမှုရှိကာ ကျင့်ဝတ်နှင့်ညီညွတ်ပြီး တာဝန်ယူမှုရှိသော နည်းပညာအဖြစ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့်နိုင်ငံများ၏ ကိုယ်ပိုင်စီရင်အုပ်ချုပ်ပိုင်ခွင့်ကို လေးစားသည့် ကမ္ဘာလုံးဆိုင်ရာ AI အုပ်ချုပ်မှုမူဘောင်များတည်ဆောက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံအနေဖြင့်အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ကွန်ဖရင့်သို့တက်ရောက်ရန် ရှန်ဟိုင်းမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုဝန်ကြီးကို ကွမ်ရှီးပြည်နယ် Data Bureau of Guangxi ၏ အကြီးအကဲက ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုနေထိုင်ရာ Grand Central Hotel Shanghai သို့ လာရောက်တွေ့ဆုံ၍ China–ASEAN AI ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများ၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အစီအစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်ရန်ရှိသည့်အစီအစဉ်များကို ဆွေးနွေးသည်။

ဖွင့်ပွဲအခမ်းအနားနှင့် အစည်းအဝေးများသို့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၊ ကာဇက်စတန်သမ္မတနိုင်ငံသမ္မတ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့နှင့် နိုင်ငံများမှ ဝန်ကြီးအဆင့်ကိုယ်စားလှယ်များ၊ AI ဆိုင်ရာဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် ကိုယ်စားလှယ်ဦးရေ ၁၄၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NCA ၏ အဆင့်အတန်းနှင့်တရားဝင်မှု၊ ညှိနှိုင်းရေးကော်မတီအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက NCA ကိုအခြေခံသော အားလုံးပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ထုတ်ရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ ယန္တရားများကို အဆင့်ဆင့်ချမှတ်ဆောင်ရွက်နိုင်ရေး၊ ယုံကြည်မှုတည်ဆောက်ရေးအစီအစဉ်ဖော်ဆောင်နိုင်ရေး၊ သက်ဆိုင်သူများအားလုံး ပိုမိုပါဝင်လာနိုင်စေရေး၊ စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးမှုများဖြစ်ပေါ်လာစေရေး၊ ကြားကာလအစီအစဉ်ချမှတ်နိုင်ရေး၊ ထိရောက်သည့် ဆွေးနွေးပွဲများဖြစ်လာစေရန် ပုံမှန်ဆက်သွယ်ရေးလမ်းကြောင်း ဆောင်ရွက်ရေး၊ ပူးတွဲလေ့လာရေးအစီအစဉ်များဆောင်ရွက်နိုင်ရေး၊ ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ဒေသခံပြည်သူများအနေဖြင့် ငြိမ်းချမ်းရေး အသီးအပွင့်များခံစားနိုင်ရန်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နိုင်ငံတကာအကူအညီများ ရရှိနိုင်ရေးနှင့် သက်ဆိုင်သူများအားလုံး ပါဝင်နိုင်မည့် အစည်းအဝေးကျင်းပရာနေရာ ရွေးချယ်ဆောင်ရွက်နိုင်ရေးတို့ကို အကြံပြုဆွေးနွေးကြကာ တွေ့ဆုံဆွေးနွေးပွဲပထမနေ့ကိုရပ်နားခဲ့သည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်အတွင်း မြို့နယ် လေးမြို့နယ်မှ ကျေးရွာ လေးရွာကို ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲတက်ရောက်

မန္တလေး ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေစာရင်းဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ၏ ပေါင်းစပ်မှုနှင့်အတူ တာဝန်ရှိသူအဆင့်ဆင့်က အချိန်တိုအတွင်း ကွင်းဆင်းစိစစ်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် မိတ္ထီလာခရိုင်အတွင်းရှိမြို့နယ် လေးမြို့နယ်မှ ကျေးရွာလေးရွာရှိ အိမ်ခြေ ၂၇၇ လုံးအတွက် ကျေးရွာမြေငှားဂရန်များကို စနစ်တကျလွှဲပြောင်းထုတ်ပေးခဲ့သည်။

အခမ်းအနားကို မိတ္ထီလာမြို့ကန်တော်မင်္ဂလာခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ဌာနဆိုင်ရာများ၊ကျေးရွာနေပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်၊ မိတ္ထီလာခရိုင် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးကော်မတီဥက္ကဋ္ဌတို့က မြေငှားဂရန်များကို ပြည်သူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ရာ မြေငှားဂရန်ရရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။




ယနေ့ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲတွင် မိတ္ထီလာခရိုင်အတွင်း မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာအုပ်စု လဲတောကျေးရွာမှ အိမ်ခြေ ၂၃ လုံး၊ မလှိုင်မြို့နယ် ထန်းတောကျေးရွာအုပ်စု မုံပင်လေးကျေးရွာမှ အိမ်ခြေ ၉၀၊ သာစည်မြို့နယ် ငှက်ဖျင်းကုန်းကျေးရွာအုပ်စု ငှက်ဖျင်းကုန်းကျေးရွာမှ အိမ်ခြေ ၅၃ လုံးနှင့် ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာအုပ်စု ကန်သစ်တောင်ကျေးရွာမှ အိမ်ခြေ ၁၁၁ လုံးတို့ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၀**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းနှင့် တံတားများ ပြုပြင်ပေးနိုင်ရေး၊ မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရေး၊ ချောင်းတိမ်ကောမှု တူးဖော်ပေးနိုင်ရေး၊ ရေကာတာနံရံ တည်ဆောက်ပေးနိုင်ရေး၊ ကျောင်းအဆင့် မြှင့်တင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းနှင့် ဥပဒေကြမ်း တစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပခုက္ကူမဲဆန္ဒနယ်မှ ဦးလှဝင်းဦး၏ **ပခုက္ကူမြို့အနောက်ဘက်ရှိ ကျွန်းဦး၊ စပယ်ဦးနှင့် ကျွန်းညိုရွာသစ်ကျေးရွာတို့ကို ရေကြောင်းပြောင်းခြင်းနှင့် မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ပခုက္ကူမြို့၏အနောက်ဘက် မြစ်ကမ်းတစ်လျှောက် ကျေးရွာများဖြစ်သည့် ကျွန်းညိုကြီးအုပ်စု ကျွန်းဦးကျေးရွာ၊ စပယ်ဦးကျေးရွာနှင့် ကျွန်းညိုရွာသစ်ကျေးရွာတို့အပါအဝင် မြင်းကျွန်းကျေးရွာအုပ်စုနှင့် တင်းဂတ်ကျေးရွာအုပ်စုရှိ ကျေးရွာများမှာ နှစ်စဉ် မြစ်ရေတက်ချိန်များတွင် ရေဦးထိုးတိုက်စားမှုနှင့် မြစ်ကမ်းပါးပြိုမှုများ ထိန်းသိမ်းရန် တိုက်ရိုက်ကာကွယ်မှုနှင့် သွယ်ဝိုက်ကာကွယ်မှုတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိုက်ရိုက်ကာကွယ်မှုအနေဖြင့် လက်ရှိကမ်းပြိုမှုခံစားနေရသော ကျေးရွာများတစ်လျှောက် သဲအိတ်များ၊ Geo bags အိတ်ကြီးများချထားခြင်းနှင့် သွယ်ဝိုက်ကာကွယ်မှုအဖြစ် သောင်တူးဖော်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ကျွန်းညိုကြီးကျေးရွာ၊ မရိုးကုန်းကျေးရွာနှင့် မြင်းကျွန်းကျေးရွာအကြား ကမ်းပါးပြိုကျမှုသက်သာစေရေးအတွက် ပြည်ထောင်စုအထွေထွေ ပိုလျှံရန်ပုံငွေကျပ် ၂၁၅ သန်းဖြင့် သံမဏိကြိုးဆိုင်းရေကာ အလျားပေ ၂၀၀၊ ၁၅ ချောင်း အတန်းလိုက်ချထားခြင်းလုပ်ငန်းကို ဆောင်ရွက်၍ ထိန်းသိမ်းပေးနိုင်ခဲ့ပါကြောင်း။

ပခုက္ကူခရိုင်အတွင်းရှိ ကျေးရွာများ ရောဝတီမြစ်ရေတိုက်စားမှုမှ သက်သာစေရေး သံမဏိကြိုးဆိုင်းရေကာများဖြင့် ကမ်းပါးထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၏ မိုးရာသီရေများချိန် အရေးပေါ်ကာကွယ်ရေးလုပ်ငန်းရန်ပုံငွေဖြင့် ထပ်မံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေကြောင်းပြောင်းလဲခြင်းနှင့် မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများကို နယ်မြေအခြေအနေအရ လုံခြုံစိတ်ချ၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်အချိန်တွင် ရန်ပုံငွေရရှိရေးတင်ပြ၍ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခေါ် ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ်အတွင်းရှိ ဆားကျင်းချောင်း တိမ်ကောမှုကို တူးဖော်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက လပွတ္တာမြို့နယ်ရှိ ဆားကျင်းချောင်းသည် ဒီရေအတက်အကျရှိသောချောင်းဖြစ်၍ သင်္ဘောများ အချိန်မရွေးဝင်ထွက်သွားလာနိုင်ရေး ချောင်းအတွင်း ရေစူးအနက်ပိုမိုရရှိရန် ရေပါးသောင်များကို တူးဖော်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့သော် ဒီရေအတက်အကျရှိသော ချောင်းဖြစ်သည့်အတွက် သုံးနှစ်ခန့်အကြာတွင် နုန်းများပြန်လည်ပို့ချနိုင်ပါသဖြင့် နုန်းတားသောအစီအမံများဖြင့် ပူးတွဲဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရန် ချောင်းကိုအသေးစိတ်တိုင်းတာမှုများ၊ သင်္ဘောသွားလာမှုများကို တိုင်းဒေသကြီးအစိုးရက စိစစ်ဆောင်ရွက်ပြီး ဆောင်ရွက်သင့်သည့်အစီအမံများကို ရေးဆွဲရမည်ဖြစ်ပါကြောင်း။

ဆားကျင်းချောင်းတွင် သင်္ဘောများ အချိန်မရွေး ဝင်ထွက်သွားလာနိုင်ရေးအတွက် ချောင်းကိုအသေးစိတ်တိုင်းတာမှုများ ဆောင်ရွက်ပြီး ဆောင်ရွက်သင့်သည့် အစီအမံများကို ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဆားကျင်းချောင်း ရေပါးသောင်များကို တူးဖော်ရန်အတွက် ကုန်ကျစရိတ်နှင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို နှိုင်းယှဉ်သုံးသပ်၍ ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် လတ်တလော၌ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးကျော်ကျော်အောင်၏ **ဝိုင်းမော်မြို့နယ် မြစ်ကမ်းဘေးနေရာများတွင် ရေကာတာမြစ်ကမ်းထိန်းနံရံ ပေ ၈၂၅၀ ကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အပြီးဆောင်ရွက်နိုင်ခြင်းမရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုကာကွယ်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် နောင်တာလောကျွန်း သောင်တူးလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ရေလမ်းကြောင်း ဖြောင့်တန်းလာပြီး ဝိုင်းမော်မြို့ဘက်ခြမ်းတွင် ရေစီးနှုန်းလျော့ကျ၍ ရေတိုက်စားမှုသက်သာစေမည်ဖြစ်ပါကြောင်း။

ဝိုင်းမော်မြို့နယ်အတွင်း ကမ်းပြိုမှုအခြေအနေမှာအထက်ဘက် ရေကြောင်းချဉ်းကပ်သည့် မိုင်းနားနှင့် ဟိုးလော်ကျေးရွာတွင် အဓိကတိုက်စားမှုရှိပြီး အောက်ဘက် ဝိုင်းမော်မြို့နှင့် ခတ်ချိုကျေးရွာတို့တွင်လည်း မြစ်ကမ်းပါးတိုက်စားမှုရှိကြောင်း တွေ့ရှိရပါကြောင်း။

ဧရာဝတီမြစ် မြစ်ကြီးနားရေလမ်းကို မျှော်မှန်းရေလမ်းကြောင်းအတိုင်းဖြစ်ပေါ်စေရေးဆောင်ရွက်လျက်ရှိရာ အဆိုပါ ရေလမ်းကြောင်း စီးဆင်းမှုမှန်ကန်လာပါက ဝိုင်းမော်မြို့နယ် မုတ်လွဲနှင့် ခတ်ချိုကျေးရွာများ ကမ်းပြိုမှုမှ လျော့နည်းသက်သာလာမည်ဖြစ်ပါကြောင်း၊ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် ဝိုင်းမော်မြို့ မိုင်းနားကျေးရွာအုပ်စုရှိ ဟိုးလော်ရွာ မြစ်ဘေး၌ အလျားပေ ၃၀၀၀ တွင် ဆောင်ရွက်ရန်ကျန်ရှိသည့် အပေါ်ပိုင်း မြေထိန်းနံရံ၊ ကန့်လန့်ကျောက်ရိုးများနှင့် တမံစီခြင်းလုပ်ငန်းအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားမည်ဖြစ်ပါကြောင်းနှင့် အောက်ဘက် ရေလမ်းကြောင်း (Main Channel)တွင် ရေတိုက်စားနိုင်သည့် ခတ်ချိုကျေးရွာ အောက်ပိုင်း ဗောဓိကုန်းနှင့် မခန္တီးကျေးရွာကြားအပိုင်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် နှစ်အလိုက်လျာထား၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **ပေါင်းတည်မြို့နယ် မြို့တွင်းရွာ အခြေခံပညာ မူလတန်းကျောင်းကို အ.မ.က(မူလွန်)/ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပေါင်းတည်မြို့နယ် မြို့တွင်းရွာ အခြေခံပညာမူလတန်းကျောင်းသည် အနီးဆုံး အခြေခံပညာ အလယ်တန်းကျောင်းဖြစ်သည့် ဘုရားငါးဆူ အခြေခံပညာအလယ်တန်းကျောင်းနှင့် ၂ဒသမ ၂၅ မိုင်ခန့်သာ ကွာဝေးပါကြောင်း၊ အခြေခံပညာဦးစီးဌာန၏ ကျောင်းအဆင့်တိုးမြှင့်ရေးဆိုင်ရာ သတ်မှတ်ချက်များတွင် တစ်ဆင့်မြင့်ကျောင်းနှင့် သုံးမိုင်အထက်ကွာဝေးခြင်း၊ ကျောင်းမြေပိုင်ဆိုင်မှု ငါးဧကရှိရန်လိုခြင်း စသည့် လျာထားချက်များနှင့်ကိုက်ညီရမည်ဖြစ်ပါကြောင်း။

အဆိုပါ မြို့တွင်းရွာ အခြေခံပညာမူလတန်းကျောင်း၏ လက်ရှိအခြေအနေကို စိစစ်ရာတွင် ကျောင်းအဆင့်တိုးမြှင့်ရေး လျာထားချက်များနှင့် ကိုက်ညီမှုမရှိပါကြောင်း၊ သို့သော် အခြေခံပညာမူလတန်း (လွန်)ကျောင်း သို့မဟုတ် အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် လက်ရှိအချိန်တွင် အဆင့်တိုးမြှင့်ပေးရန် ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း အနာဂတ်တွင် ကျောင်းသားဦးရေ၊ ကျောင်းမြေအကျယ်အဝန်းနှင့် အခြားသတ်မှတ်စံနှုန်းများ ပြည့်မီလာပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ကျောင်းဆောင်သစ်ဆောက်လုပ်ပေးပြီး မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တိုက်ကြီးမြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ပေ ၆၀ x ၃၀ တစ်ထပ် သစ်သားဆောင်၊ ပေ ၈၀ x ၃၀ RC တစ်ထပ် စုစုပေါင်း ကျောင်းဆောင် နှစ်ဆောင်ရှိပါကြောင်း၊ မူလတန်းအဆင့် ကျောင်းသား ၇၆ ဦး စာသင်ခန်း ခြောက်ခန်းဖြင့် သင်ကြားလျက်ရှိသည့်အတွက် ကျောင်းသား၊ တန်းခွဲဦးရေအရ လက်ရှိအခြေအနေတွင် စာသင်ခန်း လုံလောက်မှုရှိပါကြောင်း။

အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ရန်အတွက် မူလတန်းအဆင့် ကျောင်းသားဦးရေ ၂၅၀ အထက်ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများ၊ သဘာဝဘေးအန္တရာယ်အတားအဆီးရှိသော ဒေသများဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် နှစ်မိုင်အထက်ကွာဝေးခြင်း၊ သွားလာရလွယ်ကူသော မြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် သုံးမိုင်အထက်ကွာဝေးခြင်း၊ မြေပိုင်ဆိုင်မှု ငါးဧကရှိရန်လိုခြင်း စသည့်လျာထားချက်များနှင့် ကိုက်ညီရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လက်ရှိတွင် အဆင့်တိုးမြှင့်ပေးရန် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် အနာဂတ်တွင် ကျောင်းသားဦးရေ၊ ကျောင်းမြေအကျယ်အဝန်းနှင့် အခြားသတ်မှတ်စံနှုန်းများ ပြည့်မီလာပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးကျေးရွာရှိ အခြေခံပညာ(တွဲ)ကျောင်းကို မူလတန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်နိုင်ခြင်းရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်အုပ်စု စိုက်ပျိုးရေးကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး အခြေခံပညာ(တွဲ)ကျောင်းသည် မူလတန်းအဆင့် ကျောင်းသား ၄၁ ဦးသာရှိခြင်း၊ ပင်မကျောင်းဖြစ်သော ကင်းတုံ-အခြေခံပညာမူလတန်းကျောင်းနှင့် နှစ်မိုင်ကျော်သာ ကွာဝေးသော်လည်း သတ်မှတ်ထားသည့် ကျောင်းသားဦးရေစံနှုန်းနှင့် ကျောင်းမြေပိုင်ဆိုင်မှုစံနှုန်းများ ပြည့်မီမှုမရှိသေးခြင်းတို့ကြောင့် အခြေခံပညာမူလတန်းကျောင်း (ခွဲ)အဖြစ် လက်ရှိအချိန်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် အနာဂတ်တွင် ကျောင်းသားဦးရေ၊ ကျောင်းမြေအကျယ်အဝန်းနှင့် အခြားသတ်မှတ်စံနှုန်းများ ပြည့်မီလာပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုးမိုးဇော်၏ **သဲကုန်းမြို့နယ် အင်းမ-ဆင်မြီးဆွဲကျေးလက်လမ်းမှ ကျန်ရှိသော ၁၄ မိုင်ခန့်ကို နှစ်အလိုက် ဆက်လက်ခင်းပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သဲကုန်းမြို့နယ် အင်းမ-ဆင်မြီးဆွဲလမ်းသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လမ်းမိုင်အရှည် ၁၆ မိုင် ၆ ဖာလုံရှိပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁ မိုင် ၁ ဖာလုံ၊ ကတ္တရာလမ်း ငါးမိုင်၊ ကျောက်လမ်း ၃ မိုင် ၆ ဖာလုံ၊ အမာခံလမ်း ၂ မိုင် ၃ ဖာလုံ၊ မြေသားလမ်း ၄ မိုင် ၄ ဖာလုံ စုစုပေါင်း ၁၆ မိုင် ၆ ဖာလုံဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် အဆိုပါလမ်း၏ မြေသားလမ်းအပိုင်းများကို ပထမအဆင့်အနေဖြင့် ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်း တစ်မိုင် ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသော အမာခံလမ်းနှင့် မြေလမ်းအပိုင်းများကို ကျောက်ခင်းလမ်းအဖြစ် **စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

ဆောင်ရွက်ပြီးပါက ၁၂ ပေအကျယ် ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် နှစ်အလိုက်လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် လမ်းများဖြစ်သော ရေခလုတ်-ဒေါင့်ကြီးလမ်း၊ ရုံးတော-ပုဂံစုလမ်း၊ ပန်းတောရိုး-ဝက်ခြံဂယက်လမ်းတို့ကို အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် မည်မျှဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများဖြစ်သော ရေခလုတ်-ဒေါင့်ကြီးလမ်း၊ ရုံးတော-ပုဂံစုလမ်းနှင့် ပန်းတောရိုး-ဝက်ခြံဂယက်လမ်းတို့သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းများဖြစ်ပြီး ရေခလုတ်-ဒေါင့်ကြီးလမ်းသည် အရှည် ၁၁ မိုင် ၁ ဖာလုံ၊ ရုံးတော-ပုဂံစု-ကျုံတာဖျားလမ်းသည် အရှည်ခြောက်မိုင်နှင့် ပန်းတောရိုး-ဝက်ခြံဂရက်-ပန်းပင်ချောင်လမ်းသည် အရှည် ၆ မိုင် ၆ ဖာလုံခန့်ရှိပါကြောင်း။

အဆိုပါလမ်းပိုင်းများ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် ရေခလုတ်-ဒေါင့်ကြီးလမ်း၏ ပျက်စီးမှုများပြားသည့် လမ်းပိုင်းတွင် ကျောက်ခင်းလမ်းအရှည် တစ်ဖာလုံကို ပြုပြင်ခြင်းလုပ်ငန်း၊ ရုံးတော-ပုဂံစု-ကျုံတာဖျားလမ်း၏ ပျက်စီးမှုများပြားသည့်လမ်းပိုင်းတွင် ကျောက်ခင်းလမ်းအရှည် သုံးဖာလုံကို ချောင်းကျောက်ရောမြေခင်း၍ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရေခလုတ်-ဒေါင့်ကြီးလမ်း လမ်းပိုင်းများ တစ်မိုင်ကို ကျောက်ခင်းလမ်းအသစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ရုံးတော - ပုဂံစု - ကျုံတာဖျား လမ်းအရှည် တစ်မိုင်ကို ကျောက်ခင်းလမ်း ခင်းခြင်းလုပ်ငန်း၊ ပန်းတောရိုး-ဝက်ခြံဂရက်-ပန်းပင်ချောင်လမ်း၏ ပျက်စီးမှုများပြားသောလမ်းအပိုင်းများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်း သုံးလမ်း၏ ကျန်ရှိနေသော လမ်းပိုင်းများကိုလည်း ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် နှစ်အလိုက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **မတ္တရာမြို့နယ်ရှိ တံငါတံတားကို ပြန်လည်တည်ဆောက်ပေးမည့် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တံငါတံတားသည် မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်းမကြီးပေါ်တွင်တည်ရှိပြီး တံတားအရှည် ပေ ၃၆၀ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် အကြမ်းဖက်အဖွဲ့များကြောင့် တံငါတံတား၏ ရေလယ်တိုင် P4 တစ်စိတ်တစ်ပိုင်း ကြေမွပျက်စီးခဲ့ပြီး မိုးကုတ်ဘက်ကမ်း ရေလယ်တိုင် P5 နှင့် ကမ်းကပ်ခုံ A2 ကြား ပေ ၆၀ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းများ ကျိုးကျပျက်စီးခဲ့ပါကြောင်း။

လက်ရှိတွင် တံငါတံတားကို တံတားဦးစီးဌာနနှင့် တပ်မတော်စစ်အင်ဂျင်နီယာတပ်ဖွဲ့တို့ပူးပေါင်း၍ အရှည်ပေ ၂၂၀ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားထိုးခဲ့ပြီး ဘေလီတိုင်စင် ငြမ်းထောက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်၍ တံတားခံနိုင်ဝန်တန် ၃၀ ယာဉ်များ ဖြတ်သန်းခွင့်ပြုထားပါကြောင်း။

တံတားကို ပြန်လည်ပြုပြင်ခြင်းအနေဖြင့် ပျက်စီးသွားသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တံတားပေါ်တွင် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ယာဉ်များဖြတ်သန်းခွင့်ပြုပေးထားသော ယာယီဘေလီတံတားကို ဖျက်သိမ်းခြင်းမရှိဘဲ ရေလယ်တိုင် P5 နှင့် ကမ်းကပ်ခုံ A2 ကြား ပေ ၆၀ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းကို ယာယီတံတားအောက်မှ ပြန်လည်တည်ဆောက်သွားမည်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ဆောင်ရွက်နေပြီဖြစ်ပါကြောင်းနှင့် ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် **"အခွန်စနစ်နှင့်ပတ်သက်၍ အခွန်ထမ်းပုံစံအမျိုးမျိုးကို တိကျလွယ်ကူစွာ ပေးသွင်းထမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ My Myanmar အမည်တပ် ဘားကုတ်စနစ်သုံး ဒစ်ဂျစ်တယ်(အခွန်ထမ်း)ကတ်ဖြင့် အခွန်ငွေများကို ဖြတ်တောက်ကောက်ခံသင့်ကြောင်း၊ ခေတ်မီအလိုအလျောက်ဖြတ်တောက်စနစ်ကို အသုံးပြုသင့်ကြောင်း တင်ပြပြီး အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များ၊ ငွေကြေးလည်ပတ်ပုံ၊ ငွေကြေးစီးဆင်းပုံ၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲစနစ်များကို အထူးတိကျစွာ အသုံးပြုနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အကြံပြုအဆို"**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း**က လက်ရှိအခွန်ငွေစီးဆင်းနေမှုသည် ဝင်ငွေရလုပ်ငန်းပမာဏအပေါ် အခွန်ဆိုင်ရာရုံးများ ခွဲခြားသတ်မှတ်ထားခြင်း၊ အခွန်ငွေပေးသွင်းခြင်း Payment System ကိုလည်း Self Assessment စနစ်ဖြင့် IRD Website သို့ တိုက်ရိုက်ငွေပေးသွင်းခြင်း၊ Bank Account, MPU, Debit card စနစ်ဖြင့် ငွေပေးသွင်းခြင်း၊ MEB သို့ ငွေသွင်းချလန်၊ ချက်လက်မှတ်ဖြင့် ငွေပေးသွင်းခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း၊ နည်းပညာမြင့် ဘားကုတ်စနစ်သုံး ဒစ်ဂျစ်တယ်ကတ်အသုံးပြုစနစ်အပေါ် နိုင်ငံ၏ဘဏ္ဍာငွေကြေး၊ ပြည်သူအားလုံး အခွန်ထမ်းဆောင်ရမည့်အပေါ် နားလည်သဘောပေါက်မှု၊ IRD ဌာန အဆင့်မြှင့်တင်ရန် လိုအပ်ချက်များရှိနေသောကြောင့် အဆိုကို မှတ်တမ်းအဖြစ်ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

**ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်**က Digital Taxpayer Card (Barcode/QR Code)ပါဝင်သော အခွန်ထမ်းကတ်သည် ယနေ့ခေတ် e-Government နှင့် Digital Economy အတွက် အလွန်ကောင်းမွန်ပြီး အရေးကြီးသော အခွန်စီမံခန့်ခွဲမှုစနစ်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများတွင် အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဘဏ်၊ အခွန်ရုံးနှင့် Online စနစ်ဖြင့် ငွေပေးချေနိုင်အောင် ချိတ်ဆက်ထားပြီး အခွန်ပေးဆောင်မှု မှတ်တမ်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ Update လုပ်နိုင်မည်ဖြစ်ပါကြောင်း။

ယင်းစနစ်သည် အစိုးရအတွက် အခွန်ရှောင်တိမ်းမှုများ နည်းလာခြင်း၊ အခွန်ငွေတိုးတက်လာခြင်း၊ အခွန်ထမ်းစာရင်း အတိအကျ ရယူမှတ်တမ်းတင်နိုင်ခြင်းနှင့် အခွန်ယိုစိမ့်မှုများ လျော့နည်းလာခြင်း စသည့် အားသာချက်များ ရနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ စာရွက်စာတမ်းအသုံးပြုမှု လျှော့ချခြင်း၊ ဝန်ထမ်းများ၏ ဝန်ဆောင်မှုလုပ်ငန်းစဉ်များ ပိုမိုသွက်လက်လာခြင်းနှင့် စာရွက်စာတမ်း၊ မှတ်တမ်းများ လျော့နည်းလာမည်ဖြစ်ပါကြောင်း။

အားနည်းချက်အနေဖြင့် စနစ်ချို့ယွင်းမှု(System error)ကြောင့် Customer များ ယုံကြည်မှုလျော့လာနိုင်ပါကြောင်း၊ IT infrastruture အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏများပြားခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခံရမှုများ တွေ့လာနိုင်ပါကြောင်း။

အချို့သော Internet မရသောဒေသများတွင် ဝန်ဆောင်မှု Agency များထားခြင်း၊ ဆိုက်ဘာလုံခြုံရေး အားကောင်းစေရန် ဆောင်ရွက်ခြင်း၊ Data Proctection Law ကို အသစ်ရေးဆွဲပြဋ္ဌာန်းစေခြင်း စသည့် ဆောင်ရွက်ရန်လုပ်ငန်းများ များပြားစွာရှိနေပါသဖြင့် အဆိုကို မှတ်တမ်းအဖြစ်ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

**ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးညဏ်ဝင်းထိုက်**က မိမိတို့နိုင်ငံတွင် ပြည်သူများအမှန်တကယ်လိုအပ်အသုံးပြုနေသည့် စားဝတ်နေရေးအတွက် မရှိမဖြစ် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်း၊ ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် ဒေသထွက်ကုန် သီးနှံ၊ အသား၊ ငါး၊ ကြက်ဥနှင့် နို့ထွက်ပစ္စည်းများအပြင် စားသောက်ကုန်ပစ္စည်းများကို အတတ်နိုင်ဆုံးအခွန်လျှော့ချပြီး အခြားမဖြစ်မနေသုံးစွဲရန်မလိုအပ်သည့် ပစ္စည်းများ၊ လုပ်ငန်းများနှင့်ပြည်သူများအတွက် ကျန်းမာရေးနှင့် လူနေမှုစနစ်ကို ထိခိုက်ပျက်စီးစေသော စားသောက်ကုန်၊ အသုံးအဆောင်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အခွန်တိုးမြှင့်ကောက်ယူမှုကို ဆောင်ရွက်သင့်ပါကြောင်း။

အမှန်တကယ် မိမိတို့နိုင်ငံတွင် အခွန်ပေးဆောင်မှုကို အွန်လိုင်းဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်သင့်သည်မှာ ကြာပြီဖြစ်ကြောင်း၊ နိုင်ငံတကာတွင် အခွန်နှင့်ပတ်သက်လျှင် နိုင်ငံသားတိုင်းသိရှိကျွမ်းဝင်ကြပြီး တာဝန်သိကြသကဲ့သို့ နိုင်ငံများအနေဖြင့် အခွန်ကြောင့် ပြည်သူများဝန်မပိစေရန် အခွန်စနစ်ကို ပွင့်လင်းမြင်သာပြီး စနစ်ကျအောင် လုပ်ဆောင်နေကြပါကြောင်း၊ နိုင်ငံတော်အခွန်ငွေများ မလေလွင့်ရအောင် အွန်လိုင်းဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဆိုလျှင် နိုင်ငံဘဏ္ဍာငွေ တိုးတက်ဖွံ့ဖြိုးတည်ငြိမ်လာပြီး အခွန်အလေအလွင့် နည်းပါးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများကို ပိုမိုတိုးချဲ့၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း**က အခွန်များကို ရှင်းရှင်းလင်းလင်း ထိရောက်စွာကောက်ခံနိုင်လျှင် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သော အချို့သောအခွန်များကို လျှော့ချနိုင်သကဲ့သို့ အချို့သော အရေးကြီးကိန်းဂဏန်းများတွင်လည်း အခွန်လွတ် tax free Iincentive များပေးပြီး ရင်းနှီးမြှုပ်နှံမှုများကို အားပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် digital tax system နှင့် e filing စနစ်များ အသုံးပြုခြင်းဖြင့် အခွန်စနစ်ပိုမိုကောင်းမွန်ရေးအတွက် အထောက်အကူရရှိစေမည်ဖြစ်ပါကြောင်း၊ Vice items များကို အခွန်များတိုးကောက်ရန် သင့်လျော်ကြောင်း၊ အခွန်စနစ် ပိုမိုရှင်းလင်းပြီး ထိရောက်အကျိုးရှိရန် လုပ်ဆောင်မည့် အကြံပြုချက်များကို ထောက်ခံပါကြောင်း ထောက်ခံဆွေးနွေးသည်။

**သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဟေသားကြီး**က ယနေ့ကမ္ဘာကြီးသည် ဒစ်ဂျစ်တယ်စီးပွားရေးခေတ်သို့ ရောက်ရှိနေပြီးဖြစ်ပါကြောင်း၊ ငွေသားဖြင့် အရောင်းအဝယ်ပြုလုပ်သည့်စနစ်မှ Mobile Phone, Bank Account, QR Code နှင့် Online ငွေပေးချေမှုများကို အခြေခံသည့်စနစ်သို့ ပြောင်းလဲလာကြပြီဖြစ်ကြောင်း၊ နိုင်ငံတိုးတက်မှုကို တိုင်းတာရာတွင် ဒစ်ဂျစ်တယ်ငွေပေးချေမှုနှင့် အခွန်စနစ်၏ထိရောက်မှုသည်လည်း အရေးပါသော ကဏ္ဍတစ်ခုဖြစ်လာပါကြောင်း၊ ကမ္ဘာ့နိုင်ငံများစွာသည် ဤစနစ်ကို အောင်မြင်စွာအသုံးပြုနေပြီးဖြစ်ပါကြောင်း၊ ဥပမာ ဂျပန်နိုင်ငံသည် My Number စနစ်ကို အသုံးပြု၍ နိုင်ငံသားတစ်ဦးချင်းစီ၏ အခွန်ဆိုင်ရာအချက်အလက်များ၊ လူမှုဖူလုံရေးနှင့် အစိုးရဝန်ဆောင်မှုများကို ချိတ်ဆက်စီမံခန့်ခွဲလျက်ရှိပါကြောင်း၊ ထို့ပြင် တောင်ကိုရီးယားနှင့် အက်စတိုးနီးယားတို့ကဲ့သို့သော နိုင်ငံများတွင်လည်း တစ်ဦးချင်း အမျိုးသားအမှတ်စဉ်နှင့် ဒစ်ဂျစ်တယ်စနစ်များကို အသုံးပြု၍ အခွန်ကောက်ခံမှုကို ပိုမိုတိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ခဲ့ကြပြီး အခွန်ရှောင်တိမ်းမှုများကိုလည်း ထိရောက်စွာ လျှော့ချနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံသားတိုင်းအတွက် တစ်ဦးချင်းအမျိုးသားအမှတ်စဉ်ကိုအခြေခံသည့် အခွန်ထမ်းမှတ်ပုံတင်စနစ်ကို အဆင့်လိုက်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း၊ အခွန်ထမ်းကတ် သို့မဟုတ် Smart Card များကို ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ်များနှင့် ချိတ်ဆက်အသုံးပြုနိုင်ပါက အခွန်ပေးသွင်းမှုများ လွယ်ကူမြန်ဆန်လာမည်ဖြစ်ပါကြောင်း။

ဒစ်ဂျစ်တယ်စနစ်၏ အားသာချက်များမှာ ပွင့်လင်းမြင်သာမှုအားကောင်းခြင်း၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲပြောင်းမှုတိုင်းကို မှတ်တမ်းတင်ထားနိုင်သဖြင့် စစ်ဆေးရလွယ်ကူပြီး အဂတိလိုက်စားမှုများကို လျော့ကျစေမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်အခွန်နှင့် ငွေကြေးစီမံခန့်ခွဲမှုစနစ်သည် ခေတ်မီနိုင်ငံတစ်နိုင်ငံ၏ မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံတစ်ရပ်ဖြစ်ပါကြောင်း သို့ဖြစ်ပါ၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ**က အခွန်သည် နိုင်ငံတော်က ပြည်သူထံမှ ရယူသော ငွေကြေးမျှသာ မဟုတ်ပါကြောင်း၊ အခွန်သည် နိုင်ငံတည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ မျိုးဆက်သစ်များ၏ အနာဂတ်အတွက် စုဆောင်းငွေ၊ ပြည်သူအချင်းချင်းမျှဝေခံစားသော လူမှုတာဝန်၊ အချုပ်အခြာအာဏာကို ထိန်းသိမ်းသည့် အမျိုးသားအင်အားတို့ဖြစ်ပါကြောင်း၊ မြန်မာလူမျိုးတို့သည် အလှူအတန်းကို မြတ်နိုးသော လူမျိုးဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ခြင်း၊ စာသင်ကျောင်းများ လှူဒါန်းခြင်း၊ ဆေးရုံများ တည်ဆောက်ခြင်း၊ တံတားများ ဆောက်လုပ်ခြင်းတို့ကို မိမိတို့၏စေတနာဖြင့် ပါဝင်လှူဒါန်းလေ့ရှိကြပါကြောင်း၊ ထိုသဘောတရားနှင့်တူညီစွာ အခွန်ပေးဆောင်ခြင်းသည်လည်း အမျိုးသားအကျိုးအတွက် ပြည်သူက စုပေါင်းလှူဒါန်းခြင်း တစ်မျိုးပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်တစ်ရပ်၏ အချုပ်အခြာအာဏာကိုခိုင်မာစေသော အခြေခံအုတ်မြစ်မှာ မိမိနိုင်ငံ၏ဘဏ္ဍာရေးကို မိမိနိုင်ငံသားများ၏အခွန်ဖြင့် ရပ်တည်နိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်ကို ဝင်ငွေရှာဖွေရေးကိရိယာတစ်ခုအဖြစ်သာ မမြင်ဘဲ နိုင်ငံဖွံ့ဖြိုးရေးမူဝါဒ၏ အဓိကအင်ဂျင်အဖြစ် မြင်သင့်ပါကြောင်း။

မြန်မာနိုင်ငံ၏ အခွန်ဝင်ငွေသည် စီးပွားရေးအရွယ်အစားနှင့် နှိုင်းယှဉ်လျှင် နည်းပါးနေဆဲဖြစ်ပါကြောင်း၊ ဤအခြေအနေသည် နိုင်ငံ၏စီးပွားရေးအင်အားနည်းပါးခြင်းကြောင့်သာ မဟုတ်ဘဲ အခွန်အခြေခံ(Tax Base) ကျဉ်းမြောင်းခြင်း၊ အခွန်ရှောင်တိမ်းမှုများခြင်း၊ အလွတ်စီးပွားရေး (Informal Economy) အရွယ်အစားကြီးမားခြင်း၊ ဒစ်ဂျစ်တယ်အခွန်စနစ် မပြည့်စုံသေးခြင်း၊ အခွန်ထမ်းယဉ်ကျေးမှု အားနည်းခြင်းတို့ကြောင့်လည်းဖြစ်ပါကြောင်း၊ နိုင်ငံတကာအတွေ့အကြုံများမှ သင်ခန်းစာများအနေဖြင့် အခွန်နှုန်းထားတိုးခြင်းထက် အခွန်စီမံခန့်ခွဲမှုကို ခေတ်မီအောင်ပြုပြင်ရန်၊ ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြု၍ အခွန်ရှောင်တိမ်းမှုကို လျှော့ချရန်၊ အခွန်ထမ်းများအတွက် လွယ်ကူမြန်ဆန်သော ဝန်ဆောင်မှုများ ပေးဆောင်ရန်၊ အခွန်ထမ်းသူဦးရေ တိုးချဲ့ပြီး Tax Base ကို ကျယ်ပြန့်စေရန်၊ အခွန်ငွေသုံးစွဲမှုကို ပွင့်လင်းမြင်သာစွာဖော်ပြ၍ ပြည်သူယုံကြည်မှုတည်ဆောက်ရန် အခွန်ပြုပြင်ပြောင်းလဲရေးကို နည်းပညာ၊ ဥပဒေ၊ အုပ်ချုပ်ရေးနှင့် ပြည်သူပူးပေါင်းပါဝင်မှုတို့ကို ပေါင်းစပ်ထားသော အမျိုးသားရေးစီမံကိန်းအဖြစ် အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။ **စာမျက်နှာ ၂၀ သို့**

# လှိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၀**

ကယားပြည်နယ် လှိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆရာဝန်၊ သူနာပြုများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဖြ၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများ ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။

---

**စာမျက်နှာ ၁၉ မှအဆက်**

မြန်မာနိုင်ငံအနေဖြင့် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းထက် အခွန်အခြေခံကို ချဲ့ထွင်ခြင်း၊ ဒစ်ဂျစ်တယ်အခွန်စီမံခန့်ခွဲမှု အကောင်အထည်ဖော်ခြင်း၊ ပြည်သူဗဟိုပြုဝန်ဆောင်မှု(Taxpayer-Centric Services) တိုးတက်စေခြင်းနှင့် ပွင့်လင်းမြင်သာမှု (Transparency)ကို မြှင့်တင်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း အကြံပြု ဆွေးနွေးသည်။

**သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး**က မိမိတို့နိုင်ငံ၏ အခွန်ဘဏ္ဍာ တိတိကျကျနှင့် ပြည့်ပြည့်ဝဝမရရှိခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပြည်ပချေးငွေများနှင့် အကူအညီများကို ပိုမိုမှီခိုရစေပြီး ရေရှည်တွင် နိုင်ငံတော်အတွက် ကြွေးမြီ ဝန်ထုပ်ဝန်ပိုးဖြစ်စေပါကြောင်း၊ မိမိတို့နိုင်ငံ၏ ကိုယ်ပိုင်အခွန်စနစ်ခိုင်မာမှသာ နိုင်ငံရေး၊ စီးပွားရေးအရ လွတ်လပ်စွာ ဆောင်ရွက်နိုင်ပြီး အချုပ်အခြာအာဏာအတွက်လည်း ပိုမိုတောင့်တင်းခိုင်မာစွာ ရပ်တည်ရန် တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ အခွန်ရှောင်မှုအတွက် အခွန်ရှောင်သူကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူရပါကြောင်း၊ စာရင်းစစ်ဆေးမှုကိုလည်း ပိုမိုထိရောက်စေရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုရန်လိုအပ်သကဲ့သို့ အခွန်ပေးမှုစနစ်များကို ခေတ်မီနည်းဖြစ်သည့် ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲပေးခြင်းဖြင့်လည်း အခွန်ရှောင်ရန် အခွင့်အလမ်းလျော့နည်းစေမည်ဖြစ်ပါကြောင်း။

အခွန်စနစ်ကို တိတိကျကျကျင့်သုံးခြင်းဖြင့် မှောင်ခိုလုပ်ငန်းများနှင့် တရားမဝင်စီးပွားရေးလုပ်ငန်းများကို စနစ်တကျထိန်းချုပ်နိုင်ပြီး တရားဝင် ရိုးသားစွာလုပ်ကိုင် အခွန်ဆောင်နေကြသည့် လုပ်ငန်းရှင်များကို ကာကွယ်ပေးရာရောက်ပါကြောင်း၊ မရှိမဖြစ်လိုအပ်သော လူသုံးကုန်၊ စားသုံးကုန်ပစ္စည်းများအပေါ် အခွန်ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးခြင်း၊ ကျန်းမာရေးထိခိုက်စေသော ကုန်ပစ္စည်းများအပေါ် သင့်လျော်သောအခွန်နှုန်းထားများ တိုးမြှင့်သတ်မှတ်ခြင်းကိစ္စများကို နိုင်ငံတော်က သတိကြီးစွာဖြင့် အကျိုးအပြစ်များတွက်ချက်၍ ဖြစ်သင့်သောအခွန်ကို စည်းကြပ်သင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုသည် နိုင်ငံတော်၏ ဘတ်ဂျက်ကိုအရှိန်အဟုန်ဖြင့် တိုးတက်စေမည့်အပြင် ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကိုပါ အထောက်အကူပြုနိုင်ခြင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျှတမှုရှိသော လူ့အဖွဲ့အစည်းတည်ဆောက်ရေးတို့အတွက် အလွန်ခေတ်မီပြီး မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စပါသည့် အဆိုတစ်ခုဖြစ်ပါသဖြင့် ဤလွှတ်တော်က အတည်ပြုပေးပါရန် အဆိုကို ထောက်ခံဆွေးနွေးသည်။

**မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ**က အခွန်ပေးဆောင်ခြင်းသည် ဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွယ်ကူဆုံးပါဝင်မှုတစ်ခုအဖြစ် ခံစားသိမြင်စေခြင်းသည် အခွန်စနစ်အောင်မြင်ရေး၏ အဓိကသော့ချက်တစ်ခုဖြစ်ပြီး ထိုသို့အောင်မြင်စေရန်အတွက် ဒစ်ဂျစ်တယ်စနစ်များ၊ ရိုးရှင်းသောပုံစံများနှင့် အခက်အခဲများမရှိစေရေးတို့ကို သတိပြုဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ဒစ်ဂျစ်တယ် အခွန်ကောက်ခံမှုစနစ်ဖြင့် အခွန်များ ဖြတ်တောက်ကောက်ခံခြင်း ဆောင်ရွက်နိုင်ပါက အခွန်ငွေတိုးပွားစေနိုင်ခြင်း၊ e-invoices စနစ်ကဲ့သို့ ပြောင်းလဲအသုံးပြုခြင်းဖြင့် အခွန်ထမ်းများ၏ အရောင်းအဝယ်စနစ်ကို ပိုမိုမြင်သာစေနိုင်ပြီး အခွန်ပိုမိုတိုးတက်ရရှိနိုင်ခြင်း၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုအရ လာဘ်ပေးလာဘ်ယူမှုများကို လျှော့ချနိုင်ကာ အခွန်ဌာနများအတွက် အချက်အလက်အရည်အသွေးနှင့် စောင့်ကြည့်နိုင်မှုတို့ကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံ (infrastructure) ဆိုင်ရာ အခက်အခဲအတားအဆီးများ၊ အင်တာနက်ဆက်သွယ်မှုစနစ်နှင့် လျှပ်စစ်မီးလိုအပ်ချက်များသည်လည်း ဒစ်ဂျစ်တယ်စနစ်ကို အကန့်အသတ်ဖြစ်စေနိုင်သောကြောင့် နိုင်ငံတကာက ဒစ်ဂျစ်တယ်စနစ်ဖြင့် အခွန်ငွေကောက်ခံရေးဆိုင်ရာ အောင်မြင်ဆုံးရှုံးမှုများကို စနစ်တကျလေ့လာအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ပါရန် အဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေးသည်။

**မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်**က မြန်မာနိုင်ငံတွင် ကောက်ခံလေ့ရှိသော အဓိကအခွန်ကြီးလေးမျိုးမှာ ဝင်ငွေခွန် တစ်ဦးချင်းစီ၏လစာဝင်ငွေ ကုမ္ပဏီလုပ်ငန်းများ၏ အမြတ်အစွန်းပေါ်တွင် သတ်မှတ်ရာခိုင်နှုန်းလိုက် ကောက်ခံခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကုန်စည်များ ထုတ်လုပ်ခြင်း၊ ပြည်ပမှတင်သွင်းခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ်တွင် ကျသင့်သည့် သတ်မှတ်ခွန်ဖြစ် အထူးကုန်စည်ခွန် (special good tax) ဆေးလိပ်၊ အရက်၊ ဘီယာ၊ လောင်စာဆီနှင့် ဇိမ်ခံပစ္စည်းများကဲ့သို့ သတ်မှတ်ထားသော အထူးကုန်စည်များအပေါ် သီးသန့်ကောက်ခံသည့် အခွန်နှင့် တံဆိပ်ခေါင်းခွန်စာချုပ်စာတမ်းများ၊ အိမ်ခြံမြေ အရောင်းအဝယ်ငှားရမ်းခြင်းစာချုပ်များ တရားဝင်အတည်ဖြစ်စေရန် တံဆိပ်ခေါင်းကပ်၍ ပေးဆောင်ရသော အခွန်တို့ဖြစ်ပါကြောင်း။

အခွန်ထမ်းပြည်သူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရာတွင် ငွေသား၊ ချက်လက်မှတ်များ အသုံးပြုပြီး လူကိုယ်တိုင်လာရောက် အခွန်ပေးသွင်းနေရမည့်အစား electronic ငွေပေးချေမှုစနစ်ကို အသုံးပြုပြီး အခွန်ပေးဆောင်ခြင်းဖြင့် သက်ဆိုင်ရာအခွန်ရုံးနှင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တို့သို့ သွားရောက်ရသည့် အချိန်နှင့် ကုန်ကျစရိတ်သက်သာခြင်း၊ ငွေကြေးများကိုင်ဆောင်၍ သွားလာရန် မလိုအပ်သဖြင့် ငွေကြေးဆုံးရှုံးမှုအန္တရာယ်မရှိနိုင်ခြင်း၊ အလွဲသုံးစားမှုနှင့် မသမာမှုအန္တရာယ်များ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးနှင့် digital အသွင်ကူးပြောင်းရေးကာလတွင် အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များအကြား ငွေကြေးလည်မှု၊ စီးဆင်းမှုနှင့် ငွေသွင်းငွေထုတ်ငွေလွှဲစနစ်များ တိကျခိုင်မာရေးသည် အခွန်ထမ်းကတ်စနစ်အောင်မြင်ရန်အတွက် အဓိကကျောရိုးဖြစ်ပါကြောင်း။

digital စနစ်ကူးပြောင်းခြင်း digitalization သည် အရှိန်အဟုန်ပြင်းစွာ ဖွံ့ဖြိုးတိုးတက်နေပြီး ပါဝင်ပတ်သက်နေသူများအတွက် အကျိုးကျေးဇူးများစွာကို ဆောင်ကြဉ်းပေးလျက်ရှိသော်လည်း နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်သည့် အခွန်ရှောင်ကွင်းရာနေရာများနှင့် အတုအယောင်အမြတ်စွန်း ပြောင်းရွှေ့ခြင်းလုပ်ငန်း လည်ပတ်ရာနိုင်ငံများရှိ ဥပဒေဟာကွက်များကို အခွင့်ကောင်းယူကြပြီး အဆင့်မြင့်အခွန်ဆိုင်ရာ စီမံဖန်တီးမှုများဖြစ်သည့် အထူးရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော လုပ်ငန်းဆောင်ရွက်မှုယန္တရားများ၊ အထူးအခွင့်အရေးပေးသည့် စနစ်များကိုအသုံးပြုကာ အခွန်နှုန်းထားပိုမိုသက်သာခွင့်ရရှိအောင် လုပ်ဆောင်ကြခြင်း စသည့်အခြေအနေများကိုရှောင်ရှားနိုင်ရန် ကြိုတင်စဉ်းစားပြီး မည်သို့ကာကွယ်ကြမည်ဆိုသည့် စီမံချက်များ ရေးဆွဲကြရန်လိုအပ်သကဲ့သို့ မိမိတို့နိုင်ငံ၏ လက်ရှိတည်ရှိနေသည့် အခြေခံအဆောက်အအုံများနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံတော်ကို ဆတက်ထမ်းပိုး ပံ့ပိုးနိုင်မည့် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖြစ်လာနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ **ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်**က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်လည်း အခွန်ထမ်းပြည်သူများက အခွန်ငွေပေးဆောင်ရာတွင် ဘဏ်များသို့ ငွေသားချက်လက်မှတ်များ၊ Payment Order(PO)များ၊ ငွေသွင်းချလန်များကို လူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်မှတစ်ဆင့် သွားရောက်ပေးသွင်းခြင်း နည်းလမ်းအစား လုံခြုံစိတ်ချမှုရှိပြီး အခွန်ပေးဆောင်မှုအဆင့်များတွင် လွယ်ကူမြန်ဆန်စွာ ပေးဆောင်နိုင်ရန်အတွက် အီလက်ထရောနစ် ငွေပေးချေမှုစနစ်များကိုအသုံးပြု၍ အခွန်ပေးဆောင်နိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

အကောက်ခွန်ဦးစီးဌာနအနေဖြင့်လည်း ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအတွက် အခွန်ငွေပေးသွင်းမှုများ တိကျမှန်ကန်စေရန် မြန်မာအလိုအလျောက် (Myanmar Automated Cargo Clearance System-MACCS)တွင် e-Payment စနစ်ကိုအသုံးပြု၍ အခွန်ပေးဆောင်ခြင်းဖြင့်လည်းကောင်း၊ MACCS Online Payment System-MOPS စနစ်အသုံးပြု၍ ပုဂ္ဂလိကဘဏ်ခြောက်ခုဖြင့် ချိတ်ဆက်၍ အခွန်ငွေပေးဆောင်ခြင်းဖြင့်လည်းကောင်း အခွန်ငွေများ စနစ်တကျပေးသွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းမှတ်ပုံတင်ခြင်းကို UID စနစ်နှင့်ချိတ်ဆက်နိုင်ခြင်းမရှိသေးသော်လည်း အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ အဆိုပါစနစ်ကို အသုံးပြုပြီး ကုမ္ပဏီ၊ တစ်ဦးချင်းပုဂ္ဂိုလ် စသည်ဖြင့် အခွန်ထမ်း ပုဂ္ဂိုလ်အမျိုးအစားအလိုက် ဂဏန်း ကိုးလုံးပါသည့် TIN နံပါတ်များကို သတ်မှတ်ပေးလျက်ရှိပါကြောင်း။

အခွန်ထမ်းများအနေဖြင့် TIN နံပါတ်လျှောက်ထားခြင်းကို ပြည်တွင်းအခွန်များဦးစီးဌာန website တွင်ရှိသည့် အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ်သို့ဝင်ရောက်၍ အွန်လိုင်းမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ လျှောက်ထားနိုင်ရန် စီမံဆောင်ရွက်ပေးထားပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးတင်ပြချက်များတွင် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာရေးအတွက် အခွန်များလျှော့ပေါ့ပေးနိုင်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုများအပေါ် အခွန်လျှော့ပေါ့ရေးကိစ္စ စသည့်ကိစ္စများလည်းပါဝင်သည်ကို တွေ့ရှိရပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း ပြဋ္ဌာန်းရခြင်းဖြစ်သည့်အတွက် အခွန်နှုန်း လျှော့ပေါ့ရေးကိစ္စကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတင်သွင်းသည့်အခါ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် ဝိုင်းဝန်းသုံးသပ်ဆွေးနွေး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုကို မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အဆိုအပေါ် ဆောင်ရွက်မည့် အဆင့်ဆင့်သောလုပ်ငန်းတိုးတက်မှုအခြေအနေများကို စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်သွားရန်နှင့် အဆိုကို မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် **"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း"**ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းက လွှတ်တော်သို့တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးတင်ရွှေက စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ဇူလိုင် ၂၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မွန်ပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဒေါ်အေးချမ်းမုံ၏ **လယ်ယာမြေအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ လက်ရှိဥပဒေပြဋ္ဌာန်းချက်များကို ကျင့်သုံးရာတွင် ဖြစ်ပေါ်နေသည့် စီရင်ပိုင်ခွင့်ဆိုင်ရာ မရှင်းလင်းမှုများအပေါ် ပြည်သူများအနေဖြင့် သံသယကင်းရှင်းစွာနားလည်နိုင်စေရန် လယ်ယာမြေအငြင်းပွားမှုများဖြစ်ပေါ်လာပါက တရားရုံးနှင့် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့တို့အနက် မည်သည့်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ကို အတည်ယူရမည်ဖြစ်ကြောင်း ရှင်းလင်းစွာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ ၇)ရရှိသူများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများပေါ်ပေါက်လာပါက လယ်ယာမြေဥပဒေပုဒ်မ ၂၂ နှင့်အညီ သက်ဆိုင်ရာရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် မူလမှုခင်းဖွင့်လှစ်ဆောင်ရွက်နိုင်ပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်အမိန့်ကို ကျေနပ်မှုမရှိပါက လယ်ယာမြေဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (က) နှင့်အညီ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်ရောက်နိုင်ပါကြောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက လယ်ယာမြေဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ(က)နှင့်အညီ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်ရောက်နိုင်ပါကြောင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက လယ်ယာမြေဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(က)နှင့်အညီ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ် ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်ရောက်နိုင်ပါကြောင်း၊ လယ်ယာမြေ ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ)အရ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပါကြောင်း။

လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုမဟုတ်ဘဲ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက လယ်ယာမြေဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ဂ)နှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ကို ခံယူခွင့်ရှိပါကြောင်း၊ သို့ပါ၍ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်၏အဆုံးအဖြတ်ကိုခံယူရမည်ဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှု မဟုတ်ဘဲ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက သက်ဆိုင်ရာတရားရုံး၏အဆုံးအဖြတ်ကို ခံယူခွင့်ရှိပါကြောင်းကို တည်ဆဲလယ်ယာမြေဥပဒေတွင် ရှင်းလင်းစွာ ပြဋ္ဌာန်းထားပါကြောင်း ဖြေကြားသည်။




မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးသိန်းမြင့်၏ **မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာရှိ ပက်ကလက်တူးမြောင်းနှင့် စံပယ်ဂူလမ်းဘေး တူးမြောင်းအနီးတွင် ရေထိန်းတံခါးတည်ဆောက်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပက်ကလက်တောင် တူးမြောင်းပေါ်ရှိ သစ်သားတံတားသည် ဟောင်းနွမ်းပျက်စီးနေ၍ ၆ x ၆ ပေ ရေတံခါးပေါက် ငါးပေါက်ပါဝင်ပြီး အကျယ် ၁၃ ပေရှိသော ရေထိန်းတံခါးတစ်ခု အစားထိုးတည်ဆောက်ပေးခြင်းဖြင့် မိုးရာသီကုန်ဆုံးချိန်တွင် အတ္တရံမြစ်မှ ရေချိုကို သွင်းယူပြီး ကလိုင်းကနိုင်ကျေးရွာ ကွင်းအမှတ်(၅၈၀-က)၊ (၅၈၀) ကျောက်တောင်ကွင်းနှင့် ကတုံကြပ်ကွင်းရှိ မြေဧရိယာ ဧက ၃၀၀ ခန့်နှင့် ရှင်စောပုရပ်ကွက် ကွင်းအမှတ်(၅၇၉-ခ) ကျုံဖွဲ့ကွင်းရှိ မြေဧရိယာ ဧက ၁၅၀ ခန့် စုစုပေါင်းမြေဧရိယာ ဧက ၄၅၀ ခန့်ကို နွေစပါး၊ ဆောင်းသီးနှံနှင့်ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် တောင်သူများအနေဖြင့် လယ်ယာကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နိုင်ရေးနှင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးအတွက် တံတားအဖြစ်ဖြင့် ရေထိန်းတံခါးပေါ်မှ အဆင်ပြေချောမွေ့စွာကူးသန်းသွားလာနိုင်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ ပက်ကလက်တောင်တူးမြောင်းပေါ်တွင် ရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် စီမံသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရခွီဖုန်(Rakwi Pung)၏ **ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုပြည်သူ့ဆေးရုံကို ခုတင် ၁၀၀ ဆံ့ဆေးရုံမှ ခုတင် ၃၀၀ ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံ တစ်ရုံ၊ ၂၅ ခုတင်ဆံ့ မူးယစ်ဆေးစွဲရောဂါကုဆေးရုံ တစ်ရုံ၊ မူလာရှီဒီးတိုက်နယ်ဆေးရုံ၊ လုံ့ရှာယန်တိုက်နယ်ဆေးရုံ၊ မန်စေတိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံ ငါးရုံဖွင့်လှစ်ထားရှိပါကြောင်း၊ ပူတာအိုပြည်သူ့ဆေးရုံသည် ခုတင် ၅၀၀ ဆံ့ မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီးနှင့် ၂၁၈ မိုင်ကွာဝေးပြီး ပူတာအို ပြည်သူ့ဆေးရုံ၏ သုံးနှစ်အတွင်း ပျမ်းမျှအတွင်းလူနာဦးရေမှာ ၄၀ နှင့် ဆေးရုံခွင့်ပြုခုတင်အသုံးပြုမှု ရာခိုင်နှုန်းမှာ ၄၀ ရာခိုင်နှုန်းရှိပါကြောင်း၊ ဆေးရုံခွင့်ပြုခုတင်အသုံးပြုမှု ရာခိုင်နှုန်းသည် သတ်မှတ်ထားသောမူအရ ခုတင် ၁၀၀ မှ ခုတင် ၂၀၀ အဆင့်သို့ ဦးစွာတိုးမြှင့်ပေးရမည်ဖြစ်ပြီး အဆင့်မြှင့်တင်ရန် ခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်း ပြည့်မီရန် လိုအပ်လျက်ရှိနေပါ၍ လတ်တလော ဆေးရုံအဆင့်မြှင့်တင်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးစောသွင်၏ **မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရွာသာယာကျေးရွာအုပ်စုတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို ၂၅ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီး တစ်ရုံ၊ ၂၅ ခုတင်ဆံ့ စကုဆေးရုံ တစ်ရုံ၊ ရွာသာယာတိုက်နယ်ဆေးရုံနှင့် မုန်တောင်တိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံ လေးရုံ ဖွင့်လှစ်ထားရှိပါကြောင်း၊ ရွာသာယာတိုက်နယ်ဆေးရုံသည် မကွေးပြည်သူ့ဆေးရုံကြီးနှင့် ၁၁ မိုင်၊ မင်းလှမြို့နယ်ဆေးရုံနှင့် ၁၀ မိုင်၊ မင်းဘူးပြည်သူ့ဆေးရုံကြီးနှင့် ကိုးမိုင်ခန့်သာ ကွာဝေးပါကြောင်း၊ ရွာသာယာတိုက်နယ်ဆေးရုံ၏ သုံးနှစ်အတွင်း တစ်ရက်ပျမ်းမျှအတွင်း လူနာဦးရေသည် ရှစ်ဦးသာရှိပြီး ဆေးရုံခွင့်ပြု ခုတင်အသုံးပြုမှုရာခိုင်နှုန်းမှာ ၅၀ ရာခိုင်နှုန်းသာရှိပါကြောင်း၊ သတ်မှတ်ချက်များအရ ဆေးရုံ အဆင့်မြှင့်တင်ရန် သုံးနှစ်အတွင်း ခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်း ပြည့်မီရန်လိုအပ်လျက်ရှိပါသဖြင့် လတ်တလော ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဆေးရုံ လုပ်ငန်းဆောင်ရွက်ချက်များ တိုးတက်လာပြီး စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်အချိန်တွင် ပြန်လည်ဆန်းစစ်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင်လည်း လိုအပ်လျက်ရှိသည့် ဆေးရုံအဆောက်အအုံများကို ကျန်းမာရေးဝန်ကြီးဌာန၏စံသတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးအောင်မင်းနိုင်၏ **ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံကြီးများတွင် အရေးပေါ်ကုသသူ ဆရာဝန်၊ ဆရာမများ အရေးပေါ်ပြုစုစောင့်ရှောက်မှုအရည်အသွေးများ မြင့်မားလာစေရန် တိုက်နယ်ဆရာဝန်များ၊ မြို့နယ်ဆရာဝန်များကို Emergency Care Training and Basic Life Sup-port သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက Emergency Care Training များကို အထူးအစီအစဉ်အနေဖြင့် ဆေးတက္ကသိုလ်များရှိ အရေးပေါ်ကုသမှုဆေးပညာဌာနများမှ ပါမောက္ခများဦးဆောင်ကာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ သွားရောက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ မြို့နယ်ကုသရေး ဦးစီးဌာနမှူးများ၊ တိုက်နယ်ဆေးရုံတာဝန်ခံဆရာဝန်၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများအတွက် သင်တန်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် သင်တန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်ကုသမှုဆေးပညာမဟာသိပ္ပံများကို ဆေးတက္ကသိုလ်များအလိုက် ဖွင့်လှစ်ကာ အရေးပေါ် ကုသမှုဆေးပညာဆိုင်ရာ အထူးကုဆရာဝန်များကို ပိုမိုမွေးထုတ်လျက်ရှိပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူးများ၊ တိုက်နယ်ဆေးရုံတာဝန်ခံဆရာဝန်များအတွက် အခြေခံအရေးပေါ်ကုသမှုဒီပလိုမာ(Online)သင်တန်းကိုလည်း လုပ်ငန်းခွင် မပျက်တက်ရောက်နိုင်ရန် ဖွင့်လှစ်ပေးထားပြီး ဒုတိယနှစ်ရောက်ရှိပြီဖြစ်ပါကြောင်း၊ သူနာပြုများအတွက် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ဆရာဝန်၊ သူနာပြုများအတွက်သာမက အထောက်အကူပြုကျန်းမာရေးဝန်ထမ်းများအတွက်လည်း ရှေးဦးအသက်ကယ်ပြုစုကုသမှုသင်တန်း (First Responder Course) များကို လိုအပ်ချက်နှင့်အညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အရေးပေါ်ကုသမှုဆိုင်ရာသင်တန်းများသည် စာတွေ့သာမက လက်တွေ့ကျွမ်းကျင်မှုတွင်လိုအပ်သည့် သင်တန်းများဖြစ်သောကြောင့် သင်တန်းများ ဆောင်ရွက်ရာတွင်လည်း အရည်အသွေးကောင်းမွန်စေရေးအတွက် ဆေးတက္ကသိုလ်များ၏ အရေးပေါ်ကုသမှု ဆေးပညာဌာနမှ ပါမောက္ခများက ဦးဆောင်ပြီး သင်ကြားရေးအထောက်အကူပြုပစ္စည်းများ အပြည့်အစုံဖြင့် နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားပေးနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ Emergency Care Training & Basic Life Support (BLS) Training များကို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်တိုးတက်မှုနှင့်အညီ ပိုမိုတိုးချဲ့ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဦးမျိုးသန့်၏ **လယ်ယာမြေနည်းဥပဒေ ၂၀၁၂ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၂ ၏ အခန်း ၁၂ ပါ ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၄၊ ပုဒ်မ ၁၀၆ ၏ ပုဒ်မခွဲ(က)(ခ)(စ) နှင့် ပုဒ်မ ၁၁၂ ၏ ပုဒ်မခွဲ(က)တို့ကို ပြင်ဆင်ပေးရန် ပြည်ထောင်စုအစိုးရကိုတိုက်တွန်းကြောင်းအဆိုကို** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်းက** အခန်း (၁၂) ပုဒ်မ (၁၀၃)တွင် "နှစ်စဉ်နှစ်တိုင်းပြောင်းလဲလေ့ရှိသဖြင့် ပေါ်ထွန်းသော မြေနုကျွန်း၊ ကျွန်းမြေနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ကို နှစ်စဉ်ချထားရမည်"ဟု ပါရှိပါကြောင်း၊ ရေကျ၍ကျွန်းပြန်ပေါ်လာချိန်တွင် ပုံသဏ္ဌာန်၊ တည်နေရာများ ပြောင်းလဲသွားသောမြေနုကျွန်းမြေအသစ်များကိုသာ လုပ်ပိုင်ခွင့်ထားနိုင်သဖြင့် လုပ်ပိုင်ခွင့်ရသူအငြင်းပွားခြင်း ပြဿနာကို လျှော့ချနိုင်ရေးအတွက် "နှစ်စဉ်နှစ်တိုင်းပြောင်းလဲလေ့ရှိသဖြင့် ပြောင်းလဲပေါ်ထွန်းလာသော မြေနုကျွန်းမြေအသစ်နှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ကို နှစ်စဉ်ချထားရမည်"ဟု ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း။

ပုဒ်မ ၁၀၄ တွင် "မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို တစ်နှစ်တစ်ရာသီအတွက်သာ ချထားရမည်ဖြစ်ပြီး နှစ်စဉ်နွေထယ်ရေးအမီ ကျွန်းရေမလွှမ်းမိုးမီ ကတည်းကပင် ကြိုတင်စီမံထားရမည်"ဟု ဖော်ပြထားပါကြောင်း၊ ထိုစာသားအစား "ရေကျ၍ ပြန်ပေါ်လာချိန်တွင် ပုံသဏ္ဌာန်တည်နေရာများ မပြောင်းလဲသည့်မြေနုကျွန်းကို မူလလုပ်ပိုင်ခွင့်ရထားသူကို

**စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၁ မှအဆက်**

ခွင့်ပြုပြီး ပြောင်းလဲသွားသော မြေနုကျွန်းမြေအသစ်၏လုပ်ပိုင်ခွင့်ကို စီးပွားရေးစစ်တမ်းအရ ထွန်ယက်စိုက်ပျိုးနိုင်သောအင်အားရှိသည့် လယ်မဲ့ယာမဲ့များ၊ သူရင်းငှားများနှင့် လယ်ယာလုပ်သားများကိုသာ လုပ်ပိုင်ခွင့်ချထားရန်ဖြစ်ပြီး နှစ်စဉ်နွေထယ်ရေးအမီ ကျွန်းရေမလွှမ်းမိုးမီကတည်းကပင် ကြိုတင်စီမံထားရမည်”ဟု ပြင်ဆင်ပေးစေလိုပါကြောင်း၊ ထိုသို့ ပြင်ဆင်ခြင်းဖြင့် မူလလုပ်ကိုင်သူ အခွင့်အရေးကို မထိခိုက်မနစ်နာစေရန်နှင့် မြေနုကျွန်းမြေအသစ်လုပ်ပိုင်ခွင့်ရရှိသူကို ပိုင်ရှင်အငြင်းပွားမှုမရှိဘဲ အရှုပ်အရှင်းကင်းစွာ လုပ်ကိုင်ခွင့်ရရှိစေမည်ဖြစ်ပါကြောင်းအဆိုကို ထောက်ခံဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်းက** နည်းဥပဒေပုဒ်မ ၁၀၃ နှင့် ၁၀၄ ပါ “တစ်နှစ်တစ်ရာသီလုပ်ပိုင်ခွင့်”စနစ်ကြောင့် တောင်သူများ ဘဝအာမခံချက်ပျောက်ဆုံးနေပါကြောင်း၊ မြေနုကျွန်းမြေခွဲဝေရရှိထားသော တောင်သူများ၏ စိုက်ပျိုးလုပ်ပိုင်ခွင့်၊ ဆက်ခံပိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်အာမခံချက်ပိုမိုခိုင်မာလာစေရန်ဥပဒေတွင် “သင့်လျော်သောကာလအပိုင်းအခြား သို့မဟုတ် ရေရှည်လုပ်ပိုင်ခွင့်” အဖြစ်ပြောင်းလဲကာ တိကျစွာပြဋ္ဌာန်းပေးသင့်ပါကြောင်း။

နည်းဥပဒေပုဒ်မ ၁၀၆ (က)၏ ပြဋ္ဌာန်းချက်ဖြစ်သော “ယခင်နှစ်က လုပ်ပိုင်ခွင့်ချထားပေးခဲ့မှုကို ထည့်သွင်းစဉ်းစားနိုင်သော်လည်း ယင်းအချက်ကို အဓိကအခြေခံခြင်းမပြုရ” ဟူသော ဝေဝါးချက်ကြောင့် မကြာခဏတိုင်ကြားစာများ၊ အငြင်းပွားမှုများ ဖြစ်ပွားနေရပါကြောင်း၊ ထိုကိစ္စရပ်များ မြေပြင်တွင် ဖြေရှင်းနိုင်ရန်အတွက် မြေနုကျွန်းမြေခွဲဝေခြင်းလုပ်ငန်းစဉ်များတွင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်၌ တောင်သူကိုယ်စားလှယ်များပိုမိုပါရှိစေခြင်း၊ ပွင့်လင်းမြင်သာစွာကြေညာ၍ခွဲဝေခြင်း စသည့်စိစစ်မှုဆိုင်ရာ နည်းဥပဒေပုဒ်မခွဲ(စ) အပါအဝင် အချက်အလက်များကို ပိုမိုတင်းကျပ်ပြတ်သားစွာ ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်း။

နည်းဥပဒေပုဒ်မ ၁၁၂ တွင် လုပ်ပိုင်ခွင့်ရသူများလိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားရာတွင် အသုံးအနှုန်းများနှင့် အချို့သောစကားရပ်များသည် စာသားအရ ကျယ်ပြန့်လွန်းပြီး တိကျပြတ်သားမှုမရှိသောကြောင့် မပြတ်သားသောစကားလုံးများနှင့် ဝေဝါးနေသော ပုဒ်မခွဲများကို ခေတ်စနစ်နှင့်အညီ တိကျပြတ်သားသော စကားလုံးများအဖြစ်သို့ ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ပါရန်အဆိုကို ထောက်ခံဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေက** နည်းဥပဒေ(၁၀၃)ပါ အချက်မှပေါ်ထွန်းလာသော မြေနုကျွန်းများသည် နှစ်စဉ်တည်နေရာပုံသဏ္ဌာန်အားဖြင့် ပြောင်းလဲလေ့ရှိသဖြင့် “ပြောင်းလဲ” ပေါ်ထွန်းလာသောမြေနုကျွန်းမြေ “အသစ်” ဟုစကားလုံးပြောင်းလဲသုံးစွဲခြင်းဖြင့် အဓိပ္ပာယ်အရ လုပ်ပိုင်ခွင့်ရသူအငြင်းပွားမှုများ လျှော့ချနိုင်မည်ဖြစ်သောကြောင့် သင့်မြတ်မှုရှိပါကြောင်း။

နည်းဥပဒေ ၁၀၄ အရ ပြောင်းလဲခြင်းမရှိသော မြေနုကျွန်းများလုပ်ပိုင်ခွင့်ကို မူလလုပ်ကိုင်ခွင့်ရထားသူကိုလုပ်ခွင့်ပြုခြင်း၊ ပြောင်းလဲသွားသော မြေနုကျွန်းအသစ်များကို ထွန်ယက်စိုက်ပျိုးနိုင်သော အင်အားရှိသည့် လယ်မဲ့ယာမဲ့သူရင်းငှားများကို လုပ်ကိုင်ခွင့်ပေးရေးအဆိုသည် မူလလုပ်ကိုင်သူ အခွင့်အရေးကို မထိခိုက်စေဘဲ မြေအသစ်လုပ်ပိုင်ခွင့်ရရှိသည့်သူများလည်း ပိုင်ရှင်အငြင်းပွားမှုမရှိဘဲ အရှုပ်အရှင်းကင်းစွာ လုပ်ကိုင်နိုင်မည်ဖြစ်သောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဒေါ်အေးချမ်းမုံက** ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီသည် နိုင်ငံတော်အား ကိုယ်စားပြု၍ လယ်ယာမြေလုပ်ပိုင်ခွင့်များကို ချထားခြင်း၊ ပြောင်းလဲခြင်း၊ ရုပ်သိမ်းခြင်း၊ အငြင်းပွားမှုများကို စီမံဆုံးဖြတ်ခြင်းစသဖြင့် အရေးကြီးသောမြေယာစီမံခန့်ခွဲမှုလုပ်ပိုင်ခွင့်များကို အပ်နှင်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ဥပဒေက လုပ်ပိုင်ခွင့်များကို အပ်နှံထားသော်လည်း ထိုလုပ်ပိုင်ခွင့်ကိုကျင့်သုံးမည့် အဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာကျွမ်းကျင်မှု၊ တရားမျှတစွာဖြင့် ဘက်မလိုက်ဘဲ ဆုံးဖြတ်နိုင်မှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို လုံလောက်စွာအာမခံထားနိုင်ခြင်း ရှိ၊ မရှိသည် ပြန်လည်သုံးသပ်သင့်သည့်ကိစ္စရပ်တစ်ခုဖြစ်လာပါကြောင်း။

အချို့ဒေသများတွင် ဥပဒေကိုနားလည်မှု မလုံလောက်ခြင်းကြောင့်ဖြစ်စေ၊ ဥပဒေကို နားလည်သော်လည်း ကိုယ်ကျိုးစီးပွားအရ ဥပဒေကိုမျက်ကွယ်ပြုခြင်းကြောင့်ဖြစ်စေ၊ မြေနုကျွန်းလုပ်ပိုင်ခွင့်ခွဲဝေမှုများနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများအကြား အငြင်းပွားမှုများ၊ တိုင်ကြားမှုများနှင့် တရားစွဲဆိုမှုများတိုးပွားလာနေသည်ကို မြင်တွေ့နေရပါကြောင်း၊ ထို့ကြောင့် လယ်ယာမြေနည်းဥပဒေ အခန်း(၁၂) ပါ ပုဒ်မ ၁၀၃၊ ၁၀၄၊ ၁၀၆ နှင့် ၁၁၂ တို့ကို ပြင်ဆင်ရာတွင် လုပ်ငန်းစဉ်များပိုမိုပွင့်လင်းမြင်သာစေရေး၊ ရပ်ကွက်၊ ကျေးရွာအဆင့် စိစစ်ဆုံးဖြတ်မှုများတွင် တာဝန်ခံမှုနှင့် တာဝန်ယူမှုကို ပိုမိုခိုင်မာစေရေး၊ ဆုံးဖြတ်ချက်များအပေါ် လွတ်လပ်သည့်ပြန်လည်သုံးသပ်မှုနှင့်အယူခံစနစ်များ ပိုမိုပြည့်စုံစေရေးတို့ကို ထည့်သွင်းပြင်ဆင်သင့်ပါကြောင်း၊ ထိုသို့ ပြင်ဆင်နိုင်မှသာ မြေနုကျွန်းလုပ်ပိုင်ခွင့်ချထားပေးခြင်းသည် ဥပဒေနှင့်အညီ၊ တရားမျှတမှုရှိပြီး တောင်သူလယ်သမားများ၏ ယုံကြည်မှုကိုရရှိသည့် စနစ်တစ်ခုအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါကြောင်း အဆိုအားထောက်ခံဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဒေါ်ဇင်ပပဦးက** ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေတွင် မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားခဲ့သော်လည်း မြေနုကျွန်းမြေများကို လုပ်ကိုင်ခွင့်ချထားပေးရာတွင် ပွင့်လင်းမြင်သာစွာ ရွေးချယ်ရန်လိုအပ်ပါကြောင်း၊ တစ်နှစ်တစ်ရာသီသာ လုပ်ပိုင်ခွင့်ရသော မြေနုကျွန်းမြေကို လုပ်ပိုင်ခွင့်ပေးရာတွင် ပွင့်လင်းမြင်သာမှုမရှိသေးသည့်အတွက် အမှန်တကယ်လုပ်ကိုင်သော လယ်မဲ့ယာမဲ့ သူရင်းငှားများသည် လုပ်ပိုင်ခွင့်ရရှိခဲ့ခြင်းမရှိခဲ့ပါကြောင်း။

လယ်ယာမြေဥပဒေ၊ နည်းဥပဒေ ပုဒ်မ ၁၀၆(င) တွင် တောင်သူလယ်သမားအိမ်ထောင်မိသားစုတစ်ခုအတွက် သတ်မှတ်လျာထားသည့် ဧရိယာအတိုင်း အကွက်များရိုက်၍ အမှတ်စဉ်တပ်ထားရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထိုကဲ့သို့ အကွက်များရိုက်ထားသော မြေနုကျွန်းမြေကို နည်းဥပဒေပုဒ်မ ၁၀၆(ခ)အရ အဆိုပါမြေနုကျွန်းမြေနှင့် အနီးကပ်ဆုံးသတ်မှတ်သည့် ကျေးရွာမှလုပ်ပိုင်ခွင့်ရှိသူအားလုံး၏ အမည်စာရင်းကို ပွင့်လင်းမြင်သာစွာကြေညာ၍ အမှတ်စဉ်များကို စနစ်တကျမဲစနစ်ဖြင့်ရွေးချယ်လုပ်ပိုင်ခွင့်ပေးနိုင်မှသာ ကျွန်းနုမြေအသစ်များအတွက် တည်နေရာ၊ ပုံသဏ္ဌာန်ပြောင်းသွားသော်လည်း အငြင်းပွားမှုမရှိဘဲ တောင်သူများအနေဖြင့် လုပ်ကိုင်ခွင့်ရရှိလိမ့်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ချထားရေးအတွက် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင် ၂၂ ရက်တွင် ကျင်းပမည့် ရက် ၂၀ မြောက်နေ့အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ရက် ၂၀ မြောက်နေ့ကို ဇူလိုင် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသား
လွှတ်တော်
ရုပ်သံဖိုင်
ကြည့်ရန်

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၂၀**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်းဆုရရှိသော ကွန်ဟိန်းတပ်နယ်အသင်းတို့ကို တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၁၅ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**✱ နေရာကွက်၍မိုးကြီးနိုင်မှ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

**ရှေ့ဖုံးမှအဆက်**

ဆောင်ရွက်ထားရှိမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ အစိုးရ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီထောက်ပံ့မှုများ၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ပွင့်လင်းမြင်သာစွာ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**

# (၉၉)နှစ်မြောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်


ထက်မြတ်

**ကမ္ဘာ့** ယဉ်ကျေးမှုသမိုင်းကြောင်းတစ်လျှောက်မှာ သင်္ချာဂဏန်းတွေအပေါ်အခြေခံတဲ့ ရိုးရာအယူအဆနဲ့ ဒဿနပညာရပ်တွေဟာ လူမျိုးစုအလိုက် ထင်ရှားစွာတည်ရှိခဲ့ကြတာဖြစ်ပြီး အထူးသဖြင့် အရှေ့အာရှရဲ့အစဉ်အလာကြီးမားလှတဲ့ တရုတ်ယဉ်ကျေးမှုနဲ့ စာပေအယူအဆတွေထဲမှာ ဂဏန်းသင်္ချာတွေအပေါ် အလေးထားပြီး အတိတ်နိမိတ်ကောက်ယူတတ်တဲ့ဓလေ့ဟာ အင်မတန်မှနက်နဲဆန်းပြားပြီး စိတ်ဝင်စားဖို့ကောင်းလှပါတယ်။ တရုတ်ဘာသာစကားနဲ့ စာပေမှာ "၉" ဆိုတဲ့ ဂဏန်းဟာ "ထာဝရတည်မြဲခြင်း၊ ရေရှည်ခိုင်မာစွာတည်တံ့ခြင်း၊ အမြင့်မားဆုံးသော အာဏာစွမ်းရည်" လို့ အဓိပ္ပာယ်ရတဲ့စာလုံးတွေနဲ့ အသံထွက်ချင်းထပ်တူကျနေတာကြောင့် ၎င်းကို ရှေးပဝေသဏီကတည်းက အလွန်မင်္ဂလာရှိပြီး အင်အားအကြီးဆုံးဂဏန်းတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြတာဖြစ်ပါတယ်။

တရုတ်ဧကရာဇ်ခေတ်အဆက်ဆက်မှာလည်း ပေကျင်းမြို့ရှိနန်းတော်ကြီးရဲ့ တံခါးတိုင်အရေအတွက်ကအစ တော်ဝင်ဗိသုကာပညာရပ်တွေအထိ အချုပ်အခြာအာဏာထာဝရတည်မြဲရေးအတွက် ၉ ဂဏန်းကိုပဲ အထူးပြုရွေးချယ်အသုံးပြုခဲ့ကြပါတယ်။ ဒီလိုထာဝရတည်မြဲခြင်းနဲ့ ခိုင်မာခြင်းနိမိတ်ဆောင်တဲ့ ဂဏန်းဗေဒအယူအဆတွေနဲ့အတူပဲ ယခု ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁ ရက်မှာကျရောက်တဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်တည်ထောင်ခြင်းနေ့ တစ်နည်းအားဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နေ့ဟာ ထူးခြားတိုက်ဆိုင်စွာနဲ့ ၉ ဂဏန်း နှစ်လုံးဆင့်နေတဲ့ (၉၉) နှစ်မြောက် ရွှေရတုအကြို နှစ်ပတ်လည်နေ့ဖြစ်ပြီး လာမယ့် ၂၀၂၇ ခုနှစ်မှာ ရောက်ရှိမယ့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်တည်ထောင်ခြင်းရာစုနှစ်ပြည့်မဟာဗျူဟာမြောက် ခရီးစဉ်အတွက်လည်း အလွန်အရေးပါပြီး အရှိန်အဟုန်ကောင်းတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။

ယနေ့အချိန်အခါမှာ ကမ္ဘာ့ဇာတ်ခုံပေါ်၌ အားလုံးက အထင်ကရနဲ့ လေးစားခံ့ညားရတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ သမိုင်းကြောင်းဟာ ကတ္တီပါလမ်းလို ချောမွေ့စွာစတင်ခဲ့တာမဟုတ်ဘဲ အင်မတန်မှ ခါးသီးလှတဲ့ ပြည်တွင်းစစ်မီးတွေ၊ ပြည်ပနိုင်ငံတွေရဲ့ ကျူးကျော်ဖိနှိပ်မှုတွေကြားကနေ တော်လှန်ရေးစိတ်ဓာတ်၊ ပြည်သူကိုချစ်တဲ့စိတ်ဓာတ်တွေနဲ့ ကောင်းမွန်ပြောင်မြောက်လှတဲ့ သမိုင်းအစဉ်အလာကို တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ သမိုင်းဦးအစကို ပြန်ကြည့်မယ်ဆိုရင် ၁၉၂၇ ခုနှစ်မှာ တရုတ်ကွန်မြူနစ်ပါတီနဲ့ ကူမင်တန်တို့ကြား ညှိနှိုင်းရခက်တဲ့ နိုင်ငံရေးပဋိပက္ခတွေ ပြင်းထန်ခဲ့ပြီး ကွန်မြူနစ်ပါတီဝင်တွေဟာ အကြီးအကျယ်နှိပ်ကွပ်ချေမှုန်းခံရကာ နိုင်ငံရေးအကျပ်အတည်းက အထွတ်အထိပ်သို့ရောက်ရှိနေချိန်မှာ ကွန်မြူနစ်ပါတီခေါင်းဆောင်တွေဟာ တော်လှန်ရေးအောင်မြင်ဖို့၊ တိုင်းပြည်ကိုကယ်တင်ဖို့အတွက် ကိုယ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့တစ်ခု မရှိမဖြစ်လိုအပ်တယ်ဆိုတာကို လေးနက်စွာနားလည်သဘောပေါက်လာကြပါတယ်။ အဲဒီကနေစလို့ ၁၉၂၇ ခုနှစ် ဩဂုတ်လ ၁ ရက်မှာတော့ သမိုင်းဝင်ခေါင်းဆောင်ကြီးတွေဦးဆောင်ပြီး ကျန်းရှီးပြည်နယ် နန်ချန်းမြို့မှာ ကူမင်တန်အစိုးရကိုဆန့်ကျင်တဲ့ လက်နက်ကိုင်တော်လှန်မှုကြီးကို စတင်ဆင်နွှဲခဲ့ကြပြီး ဒါဟာ တရုတ်ကွန်မြူနစ်ပါတီအနေနဲ့ ကိုယ်ပိုင်တပ်မတော်ကို ပထမဆုံးအကြိမ် စတင်တည်ထောင်နိုင်ခဲ့တဲ့ သမိုင်းဝင်မှတ်တိုင်ကြီးတစ်ခု ဖြစ်လာပါတယ်။

အဲဒီနောက်ပိုင်း ၁၉၃၄-၁၉၃၅ ခုနှစ်တွေမှာတော့ တပ်နီတော်ဟာ ကူမင်တန်တပ်တွေရဲ့ ဝိုင်းရံပိတ်ဆို့ချေမှုန်းမှုကြားကနေ မိုင်ပေါင်း ၆၀၀၀ ကျော်ဝေးကွာပြီး ကြမ်းတမ်းလွန်းတဲ့ တောင်တန်းတွေ၊ လူသူမနီးတဲ့ရွှံ့ညွန်တောတွေကိုဖြတ်ကျော်ရတဲ့ သမိုင်းဝင်ခရီးရှည်ချီတက်ထိုးဖောက်တိုက်ပွဲကြီးကို အသက်ပေါင်းများစွာပေးဆပ်ပြီး ရဲရဲဝံ့ဝံ့ဖြတ်သန်းခဲ့ကြရပါတယ်။ အဲဒီခရီးကြမ်းကြီးဟာ တပ်မတော်သားတွေရဲ့စိတ်ဓာတ်ကြံ့ခိုင်မှုကို ကမ္ဘာကသိအောင် သက်သေပြနိုင်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာတော့ ဖက်ဆစ်ဂျပန်ကျူးကျော်သူတွေကို ပြောင်မြောက်လှတဲ့ ပြောက်ကျားစစ်ဗျူဟာတွေနဲ့ အမျိုးသားညီညွတ်ရေးတပ်ဦးဖွဲ့စည်းကာ ခုခံတိုက်ခိုက်ခဲ့ပါတယ်။ ဂျပန်တွေ လက်နက်ချပြီးနောက်ပိုင်းဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်ပွဲကြီးမှာလည်း ပြည်သူလူထုရဲ့ တစ်ခဲနက်ထောက်ခံမှုနဲ့အတူ ကူမင်တန်တပ်တွေကို ထိုင်ဝမ်ကျွန်းအထိ အပြတ်အသတ်မောင်းထုတ်နိုင်ခဲ့ပြန်ပါတယ်။ နောက်ဆုံးတော့ ၁၉၄၈ ခုနှစ်မှာ တပ်နီတော်ကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဆိုပြီး တရားဝင်အမည်ပြောင်းလဲကာ သမားရိုးကျတပ်မတော်ကြီးတစ်ခုအဖြစ် စနစ်တကျပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှာ ကမ္ဘာကျော်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့တာဖြစ်ပါတယ်။



တရုတ်ပြည်သစ်ကို တည်ထောင်ပြီးနောက်ပိုင်း ၁၉၅၀ ပြည့်နှစ် ကိုရီးယားစစ်ပွဲမှာ တရုတ်ပြည်သူ့စေတနာ့ဝန်ထမ်းတပ်ဖွဲ့အနေနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဟာ ခေတ်မီမဟာမိတ်တပ်တွေကို ရင်ဆိုင်ရတဲ့ ပထမဆုံးသော နိုင်ငံတကာစစ်မျက်နှာဖြစ်လာခဲ့ပါတယ်။ ဒီနေရာမှာလည်း စစ်နည်းဗျူဟာကောင်းမွန်မှုနဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ကြောင့် မဟာမိတ်တပ်များကို ၃၈ ဒီဂရီမျဉ်းအထိ ပြန်လည်တွန်းထုတ်နိုင်ခဲ့ကာ ကမ္ဘာ့စစ်ရေးစင်မြင့်မှာ တရုတ်တပ်မတော်ကို အထင်မသေးရဲအောင်ပြသနိုင်ခဲ့ပါတယ်။ ယနေ့ခေတ်မှာ တရုတ်နိုင်ငံဒုံးတပ်ဖွဲ့ရဲ့ ခေတ်မီဆန်းပြားလှတဲ့ တိုက်ချင်းပစ်ဒုံးကျည်တွေ၊ မဟာဗျူဟာမြောက် နျူကလီးယားရေငုပ်သင်္ဘောတွေဟာ ဒေသတွင်းနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးကိုခြိမ်းခြောက်လာနိုင်တဲ့ ရန်လိုအင်အားစုတွေကို ထိရောက်စွာ တားဆီးပေးနိုင်တဲ့ မဟာဗျူဟာမြောက်ဟန့်တားမှုစွမ်းရည်တွေကို ပိုင်ဆိုင်ထားပါတယ်။ တောင်တရုတ်ပင်လယ်နဲ့ အရှေ့တရုတ်ပင်လယ်တို့မှာ ပိုင်နက်နယ်မြေ အငြင်းပွားမှုပြဿနာတွေနဲ့ ကုန်းတွင်းနယ်စပ်ဒေသတည်ငြိမ်ရေးတို့မှာလည်း မိမိနိုင်ငံရဲ့ပိုင်နက် တစ်လက်မမျှ အထိပါးမခံရအောင် နိုင်ငံတကာဥပဒေတွေနဲ့အညီ စနစ်တကျနဲ့ ရဲရဲဝံ့ဝံ့ ကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။

၁၉၇၈ ခုနှစ် တိန့်ရှောင်ဖိန်ရဲ့လမ်းညွှန်မှုအောက်မှာ အမျိုးသားကာကွယ်ရေးကဏ္ဍကို စတင်မြှင့်တင်ခဲ့ပါတယ်။ အထူးသဖြင့် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ သမ္မတ ရှီကျင့်ဖျင်ရဲ့ လမ်းညွှန်မှုအောက်မှာ အရေအတွက်ထက် အရည်အသွေး၊ နည်းပညာမြင့်မားမှုနဲ့ တိုက်ပွဲဝင်အသင့်ဖြစ်မှုကိုရှေးရှုပြီး ကမ္ဘာ့အဆင့်မီတပ်မတော်ဖြစ်လာစေဖို့ အရှိန်အဟုန်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အရင်ကရှိခဲ့တဲ့ စစ်ဒေသကြီး ခုနစ်ခုကို ဖျက်သိမ်းပြီး ပိုမိုထိရောက်တဲ့ စစ်ဒေသကြီးငါးခုအဖြစ် ပြန်လည်စုဖွဲ့ကာ ခေတ်မီစစ်ရေးပြုပြင်ပြောင်းလဲမှုတွေကို ကဏ္ဍစုံဖော်ဆောင်ခဲ့ပါတယ်။ အခုဆိုရင် ရေတပ်အင်အားအနေနဲ့ လျှပ်စစ်သံလိုက်စွမ်းအင်သုံး လေယာဉ်ပစ်လွှတ်စနစ်တပ်ဆင်ထားပြီး ခေတ်မီဆန်းပြားတဲ့ ဖူကျန့်လေယာဉ်တင်သင်္ဘောကြီးနဲ့အတူ သမုဒ္ဒရာပြာပြာလွှမ်းမိုးရေး ရေတပ်ကြီးအဖြစ် အသွင်ပြောင်းလဲနေပါတယ်။ ခေတ်မီလမ်းညွှန်ဒုံးကျည်သုံးဖျက်သင်္ဘောကြီးများဖြစ်တဲ့ Type 055 တို့သည်လည်း ပင်လယ်ပြင်စိုးမိုးရေးစစ်ဆင်ရေးတွေမှာ ရေတပ်အင်အားကို ပိုမိုတောင့်တင်းစေပြီး ဒေသပင်လယ်ကွေ့အထိ နိုင်ငံတကာရေကြောင်းလုံခြုံရေးတာဝန်တွေကို ထိရောက်စွာ ထမ်းဆောင်နေပါတယ်။ လေတပ်အင်အားအနေနဲ့လည်း ပဉ္စမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ် J-20 Mighty Dragon အမြောက်အမြားကို ကိုယ်ပိုင်စက်ရုံတွေမှာ ထုတ်လုပ်ပျံသန်းနိုင်ခဲ့ကာ မဟာဗျူဟာမြောက် ကိုယ်ပျောက်ဗုံးကြဲလေယာဉ်ကြီး H-20 ရဲ့ စွမ်းရည်တွေကလည်း ဝေဟင်စိုးမိုးမှုအပြည့်အဝ ပေးစွမ်းထားနိုင်ပါတယ်။ အလားတူ မဟာဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးလေယာဉ် Y-20 များသည်လည်း လေကြောင်းချီစစ်ဆင်ရေးနဲ့

စာမျက်နှာ ၂၄ သို့



**စာမျက်နှာ ၂၃ မှအဆက်**

ထောက်ပံ့ပို့ဆောင်ရေးစွမ်းရည်ကို ကမ္ဘာ့အဆင့်မီတိုးတက်စေခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ဆိုက်ဘာစစ်ဆင်ရေး၊ အာတိတ်ဒေသနဲ့ အာကာသကာကွယ်ရေးစနစ်တွေမှာလည်း ကွမ်တမ်နည်းပညာနဲ့ ဉာဏ်ရည်တုနည်းပညာတွေကို စစ်ဘက်မှာ ထိရောက်စွာပေါင်းစပ်အသုံးပြုပြီး ခြေလှမ်းသစ်တွေကို လှမ်းတက်နေပါတယ်။

ဒီလိုအခြေအနေမျိုးမှာ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ ကီလိုမီတာ ၂၀၀၀ ကျော်ရှည်လျားတဲ့ နယ်နိမိတ်ချင်းထိစပ်နေရုံတင်မကဘဲ သမိုင်းအစဉ်အလာအရ ညီအစ်ကိုမောင်နှမတွေလို ရင်းနှီးကျွမ်းဝင်တဲ့ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိကြပြီး ဒီဆက်ဆံရေးဟာ ဖွဲ့စည်းပုံချင်းမတူညီတဲ့ နိုင်ငံရေးစနစ်တွေ၊ ခေတ်အဆက်ဆက် ကမ္ဘာ့နိုင်ငံရေးမုန်တိုင်းဒဏ်တွေကိုကြံ့ကြံ့ခံကာ ဒီနေ့အထိ ပိုမိုခိုင်မာတိုးတက်လာခဲ့တာတွေ့ရပါတယ်။ ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်မှာ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ပထမဆုံးအသိအမှတ်ပြုခဲ့တဲ့ ကွန်မြူနစ်မဟုတ်သောနိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ပါတယ်။ ဒ့ါပြင် တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ ကိုယ့်ကံကြမ္မာ ကိုယ်တိုင်ရွေးချယ်ပိုင်ခွင့်ကို အမြဲတမ်းလေးစားသလို မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေကိုလည်း အစဉ်တစိုက် အပြုသဘောဆောင်စွာ ကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ နှစ်နိုင်ငံကြားရှိ မဟာဗျူဟာမြောက်ဘက်စုံမိတ်ဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေဖို့အတွက် နှစ်နိုင်ငံခေါင်းဆောင်တွေ၊ တပ်မတော်အကြီးအကဲတွေနဲ့ ပြည်သူတွေကြား ကူးလူးဆက်ဆံမှုတွေကို အစဉ်အမြဲ မပျက်မကွက်ထိန်းသိမ်းစောင့်ရှောက်နေပြီး ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရဲ့ အရေးကြီးဆုံး ကဏ္ဍတစ်ခုဖြစ်တဲ့ နှစ်နိုင်ငံတပ်မတော်များကြား ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုတွေပဲဖြစ်ပါတယ်။

နှစ်နိုင်ငံကြား အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကိုကြည့်ရင် ယခုနှစ် ဇွန်လမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်ရဲ့ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့ပါတယ်။ အဲဒီခရီးစဉ်မှာလည်း နှစ်နိုင်ငံစလုံးအတွက် အပြန်အလှန်အကျိုးရှိတဲ့ သဘောတူစာချုပ်များစွာကို လက်မှတ်ရေးထိုးနိုင်ခဲ့တာတွေ့ရပါတယ်။ ဒါဟာ အောင်မြင်တဲ့ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရဲ့ အသီးအပွင့်များပဲဖြစ်ပါတယ်။ နှစ်နိုင်ငံတပ်မတော်ချင်းပူးပေါင်းဆောင်ရွက်မှုမှာ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ဟာ စစ်လက်နက်ပစ္စည်းကဏ္ဍမှာသာမက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေမှာပါ ပူးပေါင်းဆောင်ရွက်မှုများစွာကို လုပ်ဆောင်ထားပါတယ်။ ထို့ပြင် နှစ်နိုင်ငံတပ်မတော်အကြီးအကဲတွေကြား မဟာဗျူဟာမြောက် ယုံကြည်မှုကိုမြှင့်တင်နိုင်ဖို့အတွက် ချစ်ကြည်ရေးခရီးစဉ်တွေ၊ ကာကွယ်ရေးဆိုင်ရာလုံခြုံရေးဆွေးနွေးပွဲတွေကို ပုံမှန်ကျင်းပပြီး သတင်းအချက်အလက်မျှဝေမှုတွေကို အားကောင်းကောင်းလုပ်ဆောင်လျက်ရှိပါတယ်။ ဒါတင်မကသေးပါဘူး။ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးမှောင်ခိုမှုတားဆီးရေးနဲ့ မဲခေါင်မြစ်ကြောင်းအတွင်း လုံခြုံရေးပူးပေါင်းကင်းလှည့်မှုတွေဟာလည်း နှစ်နိုင်ငံတပ်မတော်ချင်း ရင်းနှီးပွင့်လင်းစွာပူးပေါင်းဆောင်ရွက်မှုရဲ့ လက်တွေ့ကျတဲ့ပြယုဂ်တွေပဲဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုရင်တော့ ထာဝရတည်မြဲခြင်းနဲ့ အောင်မြင်ခြင်း အတိတ်နိမိတ်တွေပြည့်နှက်နေတဲ့ (၉၉) နှစ်မြောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နေ့ဟာ အတိတ်ကကောင်းမွန်ပြောင်မြောက်လှတဲ့ သမိုင်းအစဉ်အလာကိုအခြေခံပြီး အနာဂတ်ရဲ့ ကမ္ဘာ့အဆင့်မီ တပ်မတော်ဖြစ်လာရေးပန်းတိုင်ဆီသို့ ယုံကြည်ချက်အပြည့်နဲ့ အရှိန်အဟုန်မပြတ်ချီတက်နေတာဖြစ်ပါတယ်။ ၁၉၂၇ ခုနှစ်ရဲ့ နန်ချန်းမြို့က သေနတ်သံလေးတစ်ချက်ကနေ စတင်ခဲ့တဲ့ ပြောက်ကျားတပ်ဖွဲ့လေးဟာ ယနေ့ခေတ်မှာ ကမ္ဘာက လေးစားအားကျရတဲ့ နည်းပညာမြင့် တပ်မတော်ကြီးတစ်ရပ်ဖြစ်လာကာ ၎င်း၏အင်အားတောင့်တင်းခိုင်မာလာမှုဟာ တရုတ်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့မှုကို ကာကွယ်ရုံတင်မကဘဲ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ဒေသတွင်းတည်ငြိမ်ရေးကို ထိန်းညှိပေးနိုင်တဲ့ အင်အားစုတစ်ခုလည်းဖြစ်လာပါတယ်။ တစ်ချိန်တည်းမှာပဲ အိမ်နီးချင်းကောင်းဖြစ်တဲ့ မြန်မာနိုင်ငံနဲ့လည်း ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုခိုင်မာစေမယ့်အပြင် နှစ်နိုင်ငံတပ်မတော်ချင်း ရင်းနှီးပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ အောင်မြင်မှုသရဖူအပေါင်းကို ထာဝရဆက်လက်သယ်ဆောင်သွားနိုင်မှာဖြစ်ပါကြောင်း (၉၉)နှစ်မြောက် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်နေ့ကို လေးနက်စွာဂုဏ်ပြုလိုက်ရပါတယ်။ ။

◆ **၂၀၂၆ ကမ္ဘာ့ဖလားမှ**

ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီထိ ပရိသတ်အားပေးမှုအများဆုံးပြိုင်ပွဲအဖြစ် ၁၉၉၄ ခုနှစ်က အမေရိကန်နိုင်ငံ၌ ကျင်းပခဲ့သည့်ပြိုင်ပွဲတွင် လူဦးရေ ၃ ဒသမ ၆ သန်း အားပေးခဲ့ပြီး ပရိသတ်အားပေးမှုအများဆုံး ပြိုင်ပွဲဖြစ်ခဲ့သော်လည်း လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ်ဆခန့်ထိ များပြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို ယခင်နှစ်များက ပြိုင်ပွဲဝင်အသင်း ၃၂သင်းဖြင့် ကျင်းပခဲ့ရာ ပွဲအရေအတွက်မှာ ၅၂ ပွဲသာရှိခဲ့ပြီး ယခု ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် အသင်းအရေအတွက်တိုးမြှင့်ကာ ၄၈ သင်းဖြင့် ကျင်းပခဲ့သည့်အတွက် ပွဲစဉ်အရေအတွက်မှာလည်း ၁၀၄ ပွဲထိရှိခဲ့သဖြင့် ကွင်းအတွင်း လာရောက်အားပေးသည့် ပရိသတ်စံချိန်တင်မြင့်မားခဲ့ခြင်းဖြစ်သည်။

လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် လာရောက်အားပေးသည့် ပရိသတ်အများဆုံးပွဲစဉ်မှာ အဖွင့်ပွဲစဉ်အဖြစ် အက်တေကာအားကစားကွင်းတွင် မက္ကဆီကိုအသင်းနှင့် တောင်အာဖရိကအသင်းတို့ကစားခဲ့သည့်ပွဲစဉ်သို့ ပရိသတ် ၈၀၈၂၄ ဦး ဝင်ရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

STA

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဒိုင်းဆုရရှိသော အသင်းကို ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ ပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၂၀

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ထို့နောက်ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၁၃ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

● **မိုးစပါးစိုက်ပျိုးရေမှ**

စိုက်ပျိုးကေများမှ ၄၈၁၅ ဧက ကို စိုက်ပျိုးရေဝင်ပေးဝေပြီး ဖြစ်ကြောင်း သိရသည်။

ဆင်သေရေလှောင်တမံ ရေသောက်စနစ်တွင် ပါဝင်သည့်တပ်ကုန်းမြို့နယ် ထန်းတောကြီးကျေးရွာနှင့်ကံလှကျေးရွာ အနီးရှိ မိုးစပါးနှင့် မိုးသီးနှံ စိုက်ကေများအတွက် စိုက်ပျိုးရေပေးဝေနေမှုကို ယမန်နေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဥယျာဉ်ကျေးရွာအနီးရှိ အချင်း ၁၀ လက်မ စက်ရေတွင်း ခြောက်တွင်း၊ အချင်း ရှစ်လက်မ စက်ရေတွင်း သုံးတွင်းဖြင့် ရေတင်၍ ဆင်သေလက်ယာမြောင်းမကြီးအဖျားသို့ ဖြည့်စွက်စိုက်ပျိုးရေပေးဝေနေမှု၊ တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာအနီး ဆိုလာစက်ရေတွင်း လေးတွင်းဖြင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မြေအောက်ရေ ပြန်လည်ဖြည့်တင်းနိုင်မှု (Ground Water Recharge) ကောင်းမွန်သောနေရာများ၌ ဆိုလာရေတင်စနစ် စက်ရေတွင်းများ တူးဖော်၍ မြေအောက်ရေဖြင့် စိုက်ပျိုးရေ ပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ထိ စက်ရေတွင်း ၆၇ တွင်း၊ အကျိုးပြု ၁၈၀၅ ဧက တူးဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် စက်ရေတွင်း ရှစ်တွင်း၊ အကျိုးပြုဧက ၂၄၀၊ နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် စက်ရေတွင်း ၁၆ တွင်း၊ အကျိုးပြုဧက ၄၈၀ နှင့် ရှောက်ကုန်းဆိုလာ ရေတင်လုပ်ငန်းမှ အကျိုးပြုဧက ၁၀၀ လျာထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

## ထူးခြားသည့် နေ့အပူချိန်များ (၂၀-၇-၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ညောင်ဦး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ချောက် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | တံတားဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၇ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၅ | ၁၂၅.၃ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၂,၂၂၀,၇၂၈.၄၉ | ၅,၉၆၈,၆၅၄.၅၃ | - | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ တိရစ္ဆာန်အစာ၊ ကား၊ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၄ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁ သန်းအား CMP ကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၀ သန်းအား LNG ကဏ္ဍသို့ လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

---

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် သတိပြုနေထိုင်ရန်သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"သဘာဝဘေးကိုရင်ဆိုင်နေရသော ပြည်သူများနှင့် အကြမ်းဖက်ဖျက်ဆီးရေးသမားတွေကြောင့် ကူညီခွင့်မရဘဲ လက်ပိုက်ကြည့်နေရသော ပရဟိတသမားများ"** ခေါင်းစဉ်ဖြင့် ၂၂-၇-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ၂၉-၇-၂၀၂၆ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက် PDF တို့ရဲ့ ယုတ်မာအောက်တန်းကျတဲ့ စိတ်ဓာတ်"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

---

❒ **သရုပ်ပြသခြင်းမှ**

လိုက်လံကြည့်ရှုစစ်ဆေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး လူမှုကူညီရေးအသင်းအဖွဲ့များကို သဘာဝဘေးကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်ပြီး ရေကြီးမှုရာဖွေကယ်ဆယ်ရေးသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြသမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး လမ်းမကြီးနှင့် မိတ္ထီလာစက်မှုဇုန်(၂)လမ်းထောင့်မှစ၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်အဝင်ပေါက်လမ်းအထိ တိုးချဲ့ကတ္တရာလမ်း (အရှည် ပေ ၂၄၀၀ နှင့် အကျယ် ပေ ၅၀) ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

❍ **ဖလမ်းမြို့မှ**

ပြန်လည်တည်ဆောက်ရေး ကာလအတွင်း ရေရရှိရေးပြုပြင်ဆောင်ရွက်ခဲ့ရာ ယမန်နေ့က မြို့ပေါ်ရှိ ဂါလန်တစ်သိန်းဆံ့ ပင်မရေလှောင်ကန် လေးလုံးသို့ ရေရောက်ရှိပြီး မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ချင်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ဌေးသည် ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့မှ မိုင် ၂၀ ခန့်ကွာဝေးသော တလန်းဇာရ်ကျေးရွာအနီး လိုင်ဗားရေလှောင်တမံမှ ဖလမ်းမြို့ ဂါလန်တစ်သိန်းဆံ့ ပင်မရေလှောင်ကန် လေးလုံးသို့ ရောက်ရှိသိုလှောင်ပြီးစီးမှု၊ ရေလှောင်ကန်များမှ ရပ်ကွက်အလိုက် ရေစုကန်များသို့ အဆင့်ဆင့်ရေဖြန့်ဝေ၍ ရေရောက်ရှိမှု၊ ရေစုကန်များမှ မြို့ပေါ်ရှိ ရပ်ကွက်များသို့ ရေဖြန့်ဝေရေးပိုက်လိုင်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **ခရိုင်(ပြန်/ဆက်)**

---

## ၂၀၂၆ ခုနှစ် ဇူလိုင် ၂၀ ရက် ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၀၀၀၀၀ကျပ်။

**ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

---

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# ဖလမ်းမြို့ ဌာနဆိုင်ရာရုံးများနှင့် မြို့ပေါ်ရပ်ကွက်များတွင် ဆိုလာမီးတပ်ဆင်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့်အတူ ယနေ့တွင် ဖလမ်းမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ 6 KW ဆိုလာမီး တစ်စုံ တပ်ဆင်ဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆိုလာပြားများ သန့်ရှင်းမှုရှိစေရေး၊ ရုံးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီဆောင်ရွက်နိုင်ရန်အတွက် အကျိုးရှိစွာအသုံးပြုရေးတို့ကို မှာကြားသည်။

ဖလမ်းမြို့ရှိယာယီပြည်သူ့ဆေးရုံတွင် 12 KW ဆိုလာမီး တစ်စုံ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် 6 KW ဆိုလာမီး တစ်စုံ၊ ခရိုင်မြန်မာ့စီးပွားရေးဘဏ်ရုံးတွင် 6 KW ဆိုလာမီး တစ်စုံ၊မြို့နယ်ပညာရေးမှူးရုံးတွင် 6 KW ဆိုလာမီးတစ်စုံတို့ကို ချင်းပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် တပ်ဆင်ရန်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဖလမ်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့်ဗိုလ်ချုပ်လမ်းတစ်လျှောက် ဆိုလာလမ်းမီးတိုင် တပ်ဆင်ဆောင်ရွက်နေမှု၊ ဖလမ်းမြို့ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများက ပံ့ပိုးကူညီသော 300 W ဆိုလာလမ်းမီးများကို ဒေသခံပြည်သူများနှင့် လျှပ်စစ်အင်ဂျင်နီယာဝန်ထမ်းများက တပ်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ညပိုင်းတွင် ဖလမ်းမြို့ မီးရရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး မြို့၏ အဓိကနေရာများ၊ လမ်းဆုံလမ်းခွနေရာများ၊ ပြည်သူ့ဝန်ဆောင်မှုရုံးဌာနတို့တွင် ဆိုလာမီးများ ဦးစားပေးအလိုက် တပ်ဆင်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့အတူ တီးတိန်မြို့တွင် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာ သုံးရွာနှင့် ဌာနဆိုင်ရာရုံးများမှ လျှပ်စစ်မီးသုံးစွဲသူဦးရေ ၃၀၁၈ ဦးတို့ကို ဝန်အားများသော အချိန်တွင် 300 KVA ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ညစဉ် ၆ နာရီခွဲမှ ၉ နာရီထိ မောင်းနှင်ပြီး ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ 200 KW နှစ်လုံးတို့ဖြင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် တပ်မတော်တပ်ရင်း၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့နယ်ရဲစခန်း၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ လမ်းဦးစီးဌာနရုံး၊ ဆက်သွယ်ရေးရုံးနှင့် ဘုန်းကြီးကျောင်းတို့ကို နေ့စဉ် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

အလားတူ တွန်းဇံမြို့ ဒေသခံပြည်သူ လျှပ်စစ်မီးသုံးစွဲသူဦးရေ ၄၂၀ နှင့် မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ မြို့နယ်ရဲစခန်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၊ ဥပဒေရုံး၊ စာရင်းစစ်ရုံး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၊ မြို့နယ်မြေစာရင်းဦးစီးဌာနတို့ကို 300 KVA ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ညစဉ် ၇ နာရီမှ ၉ နာရီခွဲထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး မြို့နယ်ပြည်သူ့ဆေးရုံတွင် 12 KW ဆိုလာမီး တစ်စုံ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် 6 KW ဆိုလာမီး တစ်စုံ၊မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ရုံးတွင် 6 KW ဆိုလာမီးတစ်စုံတို့ကို ချင်းပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် တပ်ဆင်ရန်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တာဝါတိုင်များ ပြန်လည်ပြုပြင်ရာတွင် ဝန်ထမ်းများကြိုးပမ်းဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။



ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ် မြေမြှုပ်မိုင်းနင်းမိမှုကြောင့် ဦးစီးအရာရှိတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**■ မိုင်းထောင်ဖောက်ခွဲမှုမှ**

အခြားသောလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် တိုက်ခိုက်ဖျက်ဆီးနေသည်ကို တွေ့ရှိရသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဇူလိုင် ၁၉ ရက် ည ၇ နာရီ ခွဲခန့်တွင် ပခုက္ကူမြို့နယ် ပေါင်လောင်ကန်အနီး ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်း တိုင်အမှတ်(၃၃၈)ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။ အဆိုပါ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုကြောင့် ပခုက္ကူ၊ ရေစကြို၊ မြိုင်နှင့် ကမ္မမြို့တို့သို့ သွယ်တန်းထားသည့် လျှပ်စစ်မီးလိုင်းများ ပြတ်တောက်ခဲ့ရသည်။

ယင်းဓာတ်အားလိုင်း ဖျက်ဆီးခံရမှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ၁၃၂ ကေဗွီဓာတ်အားပေး ကွန်ရက်စနစ်အတွင်း ဓာတ်အားတည်ငြိမ်မှုကိုပါ ထိခိုက်ခဲ့ရပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့ရွာများတွင်ပါ ဗို့အားကျဆင်းခြင်း၊ ရံဖန်ရံခါ ဓာတ်အားပြတ်တောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကျိုးကျပျက်စီးခဲ့သည့် တာဝါတိုင် ၃၃၈ နေရာသို့ နယ်မြေလုံခြုံရေးအဖွဲ့များနှင့်အတူ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများသွားရောက်၍ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဓာတ်အားလိုင်းများ ဖျက်ဆီးခံရသည်နှင့် တစ်ပြိုင်နက် လျှပ်စစ်ဝန်ထမ်းများသည် အမြန်ဆုံးလျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်နိုင်ရေးအတွက် ကြိုးပမ်းပြင်ဆင်ရန်ဆောင်ရွက်ရာတွင်လည်း PDF အမည်ခံ အကြမ်းဖက်သမားများက နှောင့်ယှက်တိုက်ခိုက်ခြင်း၊ လမ်းတစ်လျှောက် မိုင်းထောင်ထားခြင်းတို့ကြောင့် အချို့သောဝန်ထမ်းများသေဆုံးခြင်း၊ ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများလည်း ဖြစ်ပေါ်လျက်ရှိသဖြင့် လူ့စွမ်းအားအရင်းအမြစ်ကိုပါ ဆုံးရှုံးရလျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များကို အခွင့်ကောင်းယူ၍ ဒေသကောင်းစားရေးနှင့် ပြည်သူလူထုလုံခြုံရေးအတွက်ဟူသော အကြောင်းပြချက်များဖြင့် နိုင်ငံတော်ကိုဆန့်ကျင်သည့် လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။

ယခုအခါ အကြမ်းဖက်သောင်းကျန်းသူများအဖြစ် လက်နက်အားကိုး၍ အေးချမ်းစွာ နေထိုင်လုပ်ကိုင်လျက်ရှိကြသည့် အပြစ်မဲ့အရပ်သား ပြည်သူများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိကြသည်။

ယခုကဲ့သို့ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် လျှပ်စစ်ဓာတ်အားလိုင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဒေသခံပြည်သူများအနေဖြင့် ရွံရှာမုန်းတီးလျက်ရှိပြီး အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**☆ ကျောဖုံးမှအဆက်**

ယမန်နေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ရှိ ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာနနှင့် ဒိုးကွင်ပိုးစာခြံနှင့် ပိုးချည်စက်ရုံတို့၏လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍ ပိုးမွေးမြူရေးလုပ်ငန်းများ၊ ပိုးချည်စက်ရုံများနှင့် စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေနေရာကို ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် ရွှေပိုးစာကုမ္ပဏီ၏ ပိုးစာစိုက်ပျိုးခြင်းလုပ်ငန်းနှင့် ပိုးမွေးမြူရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြင်ဦးလွင်မြို့ယင်းသာမရေလွှဲဆည်ပေါ်တွင် အမြင့် သုံးပေရှိ Tilting Gate ရေတံခါးအသစ် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်း ဆောင်ရွက်ပြီးပါက ဆင်လမ်းရေလှောင်တမံမှ ပိုလျှံစီးဆင်းရေများကို ထိန်းသိမ်းသိုလှောင်၍ နေ့စဉ်ရေဂါလန်တစ်သန်းကို ယင်းသာမရေလွှဲဆည်မှတစ်ဆင့် ရေသွယ်ပိုက်လိုင်းဖြင့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းနှင့် မြို့ပြရပ်ကွက်ကြီး (၉၊ ၁၆၊ ၁၇၊ ၁၈)တို့၏ အနာဂတ်ရေလိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်သည့်အပြင် စိုက်ပျိုးမြေ ဧရိယာဧက ၁၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❖ ဓာတ်အားပိတ်ဆောင်ရွက်မှ**

အဆိုပါလုပ်ငန်းကို ဇူလိုင် ၂၂ ရက်တွင် ၃၃ /၁၁ ကေဗွီ အေလာဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ သာဝတ္ထိဓာတ်အားလိုင်းကို နံနက် ၈ နာရီမှ ည ၁၀ နာရီထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် သာဝတ္ထိမြို့ရှိ ရုံးဌာနများ၊ မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများတွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အရာတော် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၂၃၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၅၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်း ဧက ၁၂၀၀၀ ကျော် လျာထား စိုက်ပျိုးခဲ့ရာမှာ ၆၅၇၄ ဧက ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# ရွှေတောင်မြို့နယ် တောင်ငူကုန်းကျေးရွာ၌ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရွှေတောင် ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန့်ရှင်းသပ်ရပ်ပြီး စည်းကမ်းရှိသော နေချင်စဖွယ် ကျေးရွာများဖြစ်ပေါ်လာစေရန်၊ အဖွဲ့အစည်းနှင့်စနစ်တကျ ပူးပေါင်းဆောင်ရွက်တတ်စေရန် စသည့်အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ တောင်ငူကုန်းကျေးရွာ၌ ကျေးရွာစွန့်ပစ် အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေး ဆွေးနွေးခြင်းကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်က တောင်ငူကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ အမှိုက်များကို အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်နှင့် အန္တရာယ်ဖြစ်စေသောအမှိုက်ဟူ၍ အမျိုးအစားခွဲခြားကာ စနစ်တကျ စွန့်ပစ်ကြရန်နှင့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဆိုင်ရာ အကြောင်းအရာများကို အသေးစိတ်ဆွေးနွေးပြောကြားပြီး လစဉ်ကျေးရွာအတွင်း အမှိုက်ကောက်ခြင်းများ စုပေါင်းဆောင်ရွက်သွားကြရန် စည်းရုံးမှာကြားခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ တောင်ငူကုန်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

ဆက်လှ

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ငှက်ပျောသီးအမျိုးအစားစုံ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ငှက်ပျောသီးအမျိုးအစားစုံ အဖီးရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ဒေသထွက် ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် မေလအတွင်းက ငှက်ပျောသီးအမျိုးအစားစုံ အဖီးရေ၄၇၀၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း အဖီးရေ ၆၄၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများသည် ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ဆင်စွယ် စသည့်ငှက်ပျောအမျိုးအစားများ အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



"ပြီးခဲ့တဲ့ဇွန်လထဲမှာ ငှက်ပျောသီးအမျိုးအစားစုံ ရန်ကုန်ဈေးကွက်ဘက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက် သီးနှံတွေကိုပဲ တင်ပို့ရောင်းချခဲ့တာ ပါ။ ငှက်ပျောသီးကို ရေလမ်းကြောင်းအပြင် ကုန်းလမ်းကြောင်းကနေပါ တင်ပို့နေရပါတယ်"ဟု ဝါးခယ်မမြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီး ဈေးနှုန်းများသည် ဖီးကြမ်းအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀၀၊ ရခိုင်ငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၉၀၀၀၊ သီးမွှေးငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀၀ နှင့် ဆင်စွယ်ငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဆီဆိုင်မြို့နယ် တိကလိုင်ကျေးရွာ၌ သဲဖြူန်းလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဆီဆိုင် ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် တိကလိုင်ကျေးရွာ၌ ကျေးရွာတွင်း သဲဖြူန်းလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ တိကလိုင်ကျေးရွာ၌ ကျေးရွာတွင်း သဲဖြူန်းလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လမ်းကိုရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းအသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ တိကလိုင်ကျေးရွာ၌ လမ်းအရှည် ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ငါးလက်မရှိ သဲဖြူန်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ်မေလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်



# တနင်္သာရီမြို့နယ် အရှေ့မော်တုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တနင်္သာရီ ဇူလိုင် ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှေ့မော်တုန်းကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်လင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အရှေ့မော်တုန်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၁၆ ဦးကို ငွေကျပ် ၃၁ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၉ ဒသမ ၀၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၁၃ ဒသမ ၉ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃ ဒသမ ၂၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၇ ဒသမ ၈၅သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုလေး

# ငြိမ်းချမ်းရေး အလင်းတံခါးနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းဆီသို့

**ပြည်စိုးညိမ်း**

ကျွန်တော်တို့ ငြိမ်းချမ်းခြင်းကို မျှော်လင့်စောင့်စားခဲ့ကြတာ ကာလရှည်လျားလှပြီဖြစ်ပါတယ်။ ပြန်ပြောင်းကြည့်မယ်ဆိုရင် ဒုတိယကမ္ဘာစစ်မီးဟာ ကျွန်တော်တို့မြေပေါ်ကို နှစ်ကြိမ်တိုင်တိုင်ရောက်ရှိ လောင်မြိုက်ခဲ့ဖူးပါတယ်။ စစ်ကြီးအပြီး နိုင်ငံလွတ်လပ်ရေးရလို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မစတင်ရသေးခင်မှာပဲ အချင်းချင်းကြားသံသယတွေ၊ အကွဲအပြဲတွေနဲ့ တိုက်ခိုက်မှုတွေက ဦးစွာဖြစ်ပေါ်လာခဲ့ပါတယ်။ ဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေးဆိုတဲ့ ခေါင်းစဉ်အမျိုးမျိုးအောက်မှာ အမုန်းတရားတွေကို ရှေ့တန်းတင်တိုက်ခိုက်ခဲ့ကြတာ အခုဆိုရင် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက်ပြောင်းခဲ့ပါပြီ။ အမုန်းတရားတွေကို ရှေ့တန်းတင်ခဲ့တဲ့ နှစ်ပေါင်း ၈၀ နီးပါး သမိုင်းဆိုးကို အပြီးတိုင်အဆုံးသတ်ဖို့ အချိန်တန်နေပါပြီ။

ဒေသတစ်ခုမှာ လက်နက်ကိုင်တိုက်ခိုက်မှုတွေဖြစ်လာပြီဆိုရင် အဲဒီဒေသအတွက် လက်နက်ကြောင့် ဘေးသင့်ရတဲ့ "သတ္တန္တရကပ်" ဆိုက်တယ်။

နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး မကျေနပ်မှုတွေကို ဒေါသအဖြစ်ပြောင်းလဲပြီး မိမိသာမက အခြားသူတွေကိုပါ ဒေါသဖြစ်လာအောင် သွေးထိုး၊ လှုံ့ဆော်၊ မြှောက်ပင့်၊ စည်းရုံး တိုက်တွန်းကြရာက လက်နက်စွဲကိုင်တိုက်ခိုက်မှုတွေဖြစ်လာပြီး ကပ်ကြီးဆိုက်ရတော့တာပါပဲ။

**အနာဂတ်အလင်းသစ်ကို ရှာဖွေ**

မတည်ငြိမ်မငြိမ်းချမ်းတဲ့ဒေသတွေမှာ ဘဝပေးအခြေအနေအရ နေထိုင်ကြရတဲ့ ပြည်သူတွေဟာ လူမှုစီးပွားဘဝတွေနိမ့်ကျပြီး အခွင့်အရေးတွေ ဆုံးရှုံးကြရပါတယ်။ ဒေသတွေမဖွံ့ဖြိုးတဲ့အခါ နိုင်ငံဟာလဲ မဖွံ့ဖြိုး၊ မတိုးတက်နိုင်တော့ပါဘူး။ ဒီလို ဆိုးဝါးတဲ့ အခြေအနေတွေဟာ ဆယ်စုနှစ်တစ်ခု၊ နှစ်ခုမကတော့ပေ။ ကျွန်တော်တို့တစ်တွေ နည်းလမ်းရှာကြဖို့၊ နည်းလမ်းပြောင်းကြဖို့ အချိန်တန်လှပါပြီ။

နာကျင်၊ ထိခိုက်၊ ပျက်စီးစေမဲ့ လက်နက်ကိုင်နည်းလမ်းဟောင်းတွေအစား ငြိမ်းချမ်းစွာ ဆွေးနွေးတဲ့ နည်းလမ်းနဲ့ အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် ရှာဖွေကြဖို့ အချိန်ကျပါပြီ။ တော်လှန်ရေးဆိုပြီး နိုင်ငံရေးကို အကြမ်းပတမ်းလုပ်တဲ့ လုပ်ရပ်တွေကြောင့် ကုန်လွန်ခဲ့တဲ့ဆယ်စုနှစ်တွေမှာ ဘာရလဒ်မှထွက်မလာဘဲ နိုင်ငံနဲ့လူမျိုးပဲ ထိခိုက်ခဲ့ရတာကို သင်ခန်းစာယူရပါမယ်။ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် အပေါင်းလက္ခဏာဆောင်ကာ တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်တဲ့ ဖွံ့ဖြိုးပြောင်းလဲမှုနည်းလမ်းကသာ နိုင်ငံသားအားလုံးအတွက် အမှန်တကယ် ကောင်းကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။

အခုအခါ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးအတွက် မည်သည့်ကြိုတင်သတ်မှတ်ချက်မှ မထားဘဲ ဖိတ်ခေါ်ထားပါတယ်။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဇွန် ၂၆ ရက်က ကျင်းပတဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးမှာ "ကျွန်တော်တို့ အစိုးရကမ်းလှမ်းထားတဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ။ တိုင်းရင်းသားလက်နက်ကိုင် ဘယ်အဖွဲ့အစည်းမဆို ဘာကြိုတင်ကန့်သတ်ချက်မှ မထားဘူး။ ငြိမ်းချမ်းရေးအတွက် လာပြီးဆွေးနွေးဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်"လို့ ပွင့်လင်းလွတ်လပ်စွာ ကမ်းလှမ်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီအပေါ်မှာ လက်နက်စွဲကိုင်ပြီး ဆက်လက်တိုက်ခိုက်မယ်ဆိုတဲ့ သဘောထားမျိုးကတော့ အပြုသဘောကိုဆန့်ကျင်ပြီး အပျက်စိတ်၊ အဖျက်စိတ်တွေ အားသန်နေခြင်းသာ ဖြစ်ပါတယ်။ ဒါဟာ ငြိမ်းချမ်းရေးကို နှစ်ပေါင်းများစွာ တောင့်တလာတဲ့ ပြည်သူတွေရဲ့ဆန္ဒကို လျစ်လျူရှုရာရောက်သလို ဒေသခံပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို တန်ဖိုးမထားခြင်းလဲ ဖြစ်ပါတယ်။

**စားပွဲဝိုင်းထက်က ငြိမ်းချမ်းရေးခြေလှမ်းများ**

အပြုသဘောဆောင်တဲ့ သတင်းကောင်းအနေနဲ့ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဟာ ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်မှာ ကြေညာချက်အမှတ် ၁/၂၀၂၆ နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ဖိတ်ခေါ်ခဲ့ပြီးနောက် လက်တွေ့ကျကျ တွေ့ဆုံဆွေးနွေးမှုတွေ မျက်ဝါးထင်ထင် ပေါ်ပေါက်လာခဲ့ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဟာ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေ၊ NCA လမ်းကြောင်းက သွေဖယ်သွားတဲ့အဖွဲ့တွေ၊ လက်မှတ်မရေးထိုးရသေးတဲ့အဖွဲ့တွေနဲ့ပါ ဆက်လက်တွေ့ဆုံဖို့ တစိုက်မတ်မတ် ကြိုးပမ်းနေပါတယ်။ ယခု တွေ့ဆုံခဲ့ကြတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေအနေနဲ့လဲ ငြိမ်းချမ်းရေးအပေါ် ပကတိအမြင်ရှိးသားမှု၊ ဖြူစင်တဲ့သဘောထားတွေနဲ့ မှန်ကန်ကောင်းမွန်စွာ ဆွေးနွေးခဲ့ကြတာကြောင့် "ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့နဲ့ အလှမ်းမဝေးတော့ဘူး" လို့ ယုံကြည်ချက်ရှိရှိ ပြောနိုင်ပါတယ်။

ဆွေးနွေးပွဲတွေမှာ တန်းတူရေးကိုအခြေခံတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အခြေခံ ပြည်ထောင်စုပေါ်ထွန်းရေး၊ ဒေသတွင်း ပဋိပက္ခမဖြစ်ပွားစေရေး၊ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးမှာ ပူးပေါင်းဆောင်ရွက်ရေး စတဲ့ကိစ္စရပ်တွေကို ပွင့်လင်းမြင်သာစွာ ညှိနှိုင်းနိုင်ခဲ့တယ်။ ဒီလိုအပြန်အလှန်လေးစားမှုရလဒ်တွေကြောင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုအတွက် သိသာထင်ရှားတဲ့ အောင်မြင်ဖြစ်ထွန်းမှုတွေ အစပြုနေပြီလို့ဆိုရမှာ ဖြစ်ပါတယ်။

**တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးချင်းများသို့**

လူမျိုးစုပြဿနာဆိုတာ ကမ္ဘာ့နိုင်ငံကြီးတွေမှာလဲ ရှိကြတာပါပဲ။ ဒါပေမဲ့ သူတို့နိုင်ငံတွေမှာတော့ ပြေလည်မှုရှာပြီး နိုင်ငံတည်ဆောက်ရေးကို စိတ်ရောကိုယ်ပါ လုပ်နေကြပါပြီ။ မိမိတို့ နိုင်ငံမှာတော့ ကိုလိုနီစနစ်ရဲ့ လက်ကျန်ဖြစ်တဲ့ တိုင်းရင်းသားအရေးပြဿနာဟာ နှစ်ပေါင်း ၈၀ နီးပါးကြာတဲ့ထိ မပြီးဆုံးနိုင်သေးပါဘူး။

မျက်မှောက်ကာလ ကမ္ဘာ့အခင်းအကျင်းဟာ အလွန်ရှုပ်ထွေးပြီး မိမိတို့နိုင်ငံဟာ အန္တရာယ်များတဲ့ လမ်းဆုံလမ်းခွကို ရောက်နေပါတယ်။ ဒီအချိန်မှာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အတူနေထိုင်ကြသူ တိုင်းရင်းသားညီအစ်ကိုချင်း ကျောခိုင်းရန်ပြုနေကြမယ်ဆိုရင် အချိန်မရွေးပျက်စီးသွားနိုင်ပါတယ်။ စတုရန်းမိုင် ၂၆၀၀၀၀ ကျော် ကျယ်ဝန်းတဲ့ မြန်မာ့မြေဟာ အစဉ်အဆက် အတူနေထိုင်လာကြတဲ့ ၁၃၅ မျိုးသော မိမိတို့သွေးချင်းတွေပိုင်ဆိုင်တဲ့မြေဖြစ်ပါတယ်။ မိမိတို့အချင်းချင်းကြားပြောစရာရှိတာတွေကို ကောင်းသောစိတ်ထားနဲ့ အကျေအလည်ဆွေးနွေးပြီး ကောင်းကျိုးဖြစ်ထွန်းအောင် ရှေးရှုကြရမှာ ဖြစ်ပါတယ်။

**❖ ဒီအချိန်မှာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အတူနေထိုင်ကြသူ တိုင်းရင်းသားညီအစ်ကိုချင်း ကျောခိုင်းရန်ပြုနေကြမယ်ဆိုရင် အချိန်မရွေး ပျက်စီးသွားနိုင်ပါတယ်။ စတုရန်းမိုင် ၂၆၀၀၀၀ ကျော် ကျယ်ဝန်းတဲ့ မြန်မာ့မြေဟာ အစဉ်အဆက် အတူနေထိုင်လာကြတဲ့ ၁၃၅ မျိုးသော မိမိတို့သွေးချင်းတွေပိုင်ဆိုင်တဲ့မြေ ဖြစ်ပါတယ်။ မိမိတို့အချင်းချင်းကြား ပြောစရာရှိတာတွေကို ကောင်းသောစိတ်ထားနဲ့ အကျေအလည်ဆွေးနွေးပြီး ကောင်းကျိုးဖြစ်ထွန်းအောင် ရှေးရှုကြရမှာ ဖြစ်ပါတယ်။ ❖**

**ဘူးလေးရာ ဖရုံမဆင့်စေလို**

လောကရှိ လူသားတိုင်း ငြိမ်းချမ်းရေးကိုသာ လိုလားတောင့်တကြတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာကို ဆူပူလှုပ်ရှား ထကြွခြင်း၊ စစ်မက် စသည်တို့ ကင်းမဲ့သောအဖြစ်"လို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက ယနေ့ထိ ဆူပူလှုပ်ရှား ထကြွသောင်းကျန်းမှုတွေကြောင့်ပဲ တိုးတက်သင့်သလောက်မတိုးတက်ဘဲ နောက်ကျကျန်ခဲ့ရပါတယ်။

ဒါကြောင့် ယနေ့ နိုင်ငံတော်အစိုးရအနေနဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့နဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးပေါ်ထွန်းလာဖို့ အစွမ်းကုန်ကြိုးပမ်းတည်ဆောက်နေတာ ဖြစ်ပါတယ်။ အထူးသဖြင့်တော့ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့တဲ့ နယ်စပ်ဒေသတွေ၊ အစွန်အဖျားဒေသတွေမှာ ဒေသတစ်ခုနဲ့တစ်ခုကွာဟမှုမရှိအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှာ နိုင်ငံတော်သမ္မတကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး စိတ်ရောကိုယ်ပါဆောင်ရွက်ပေးနေတာကို မျက်ဝါးထင်ထင် တွေ့မြင်ကြရမှာပါ။

၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက်က ကျင်းပခဲ့တဲ့ ဗဟိုကော်မတီအစည်းအဝေးမှာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြောကြားခဲ့တဲ့ စကားလေးတစ်ခွန်းကို ကျွန်တော် ပြန်လည်မျှဝေချင်ပါတယ်။ သမ္မတကြီးက တိုင်းပြည်အပေါ်ထားတဲ့ သူ့ရဲ့စေတနာကို အခုလို ပွင့်ပွင့်လင်းလင်း မိန့်ကြားခဲ့ပါတယ်။

"တိုင်းပြည်ကို ကောင်းစေချင်တယ်။ ကျွန်တော်တို့ နောက်ကျကျန်ခဲ့တယ်ဗျ။ ဒါစဉ်းစားကြည့်ပါ။ ကျွန်တော်တို့မှာ ခြေလှမ်းရှေ့တိုးတယ်ဆိုမှ အချုပ်အနှောင်နဲ့ ချုပ်နှောင်ထားတဲ့ ခြေလှမ်းနဲ့ ရှေ့တိုးနေရတာ။ တကယ်တော့ မရောက်ဘူး။ ခုန အချုပ်အနှောင်ဆိုတာ ပြဿနာတွေနဲ့ ချုပ်နှောင်ထားတာ။ အခက်အခဲတွေနဲ့ ချုပ်နှောင်ထားတာ။ ကျွန်တော်တို့မှာ လွတ်လွတ်လပ်လပ် မရှိဘူး။ ပြောရရင်တော့ဗျာ မြင်းဇောင်းထဲက ထွက်လာတဲ့မြင်းလို တစ်ခါထဲ ဝုန်းဝုန်းဝုန်းဆိုပြီး ထွက်သွားချင်တာ။ ဒီလိုသွားချင်တာ။ အခုက မသွားနိုင်ဘူး။ အတားအဆီးတွေ ရှိနေတယ်။ အဲဒီအတားအဆီးတွေက ပဋိပက္ခတွေပါ။ နိုင်ငံရေးပဋိပက္ခ၊ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်နေတယ်။ ကျွန်တော်တို့က ဒါကို ပြတ်အောင်၊ ရှင်းအောင်လုပ်ဖို့လိုတယ်။ ဒါကြောင့် ဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ကျွန်တော်တို့ ပြောချင်ပါတယ်၊ EAO များကို ကျွန်တော်ပြောချင်တယ်။ တကယ်ငြိမ်းချမ်းရေးလိုချင်ရင်လာခဲ့ပါ။ ဘာကြိုတင်သတ်မှတ်ချက်မှ မရှိဘဲ ကျွန်တော်တို့ ဆွေးနွေးမယ်"

ဒီစကားကိုကြည့်ရင် နိုင်ငံတော်အစိုးရက တိုင်းပြည်ကို ဘယ်လောက်ထိ အရှိန်အဟုန်နဲ့ တိုးတက်စေချင်သလဲဆိုတာ အထင်အရှားပါပဲ။ လက်ရှိမှာတော့ နယ်စပ်ဒေသအများစုဟာ သွားရလာရခက်ခဲ၊ တောတောင်ထူထပ်ပြီး လူဦးရေနည်းပါးတဲ့အပြင် ဘာသာစကားချင်းလဲ ကွဲပြားကြပါတယ်။ ဒီလို အခြေခံအခက်အခဲတွေ ရှိနေတဲ့ကြားထဲ လက်နက်ကိုင်ပဋိပက္ခတွေပါ ထပ်ဖြစ်နေတော့ "ဘူးလေးရာ ဖရုံဆင့်" ဆိုသလို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အဘက်ဘက်ကနေ နစ်နာလှပါတယ်။ အကယ်၍သာ ဒီလက်နက်ကိုင်ပဋိပက္ခတွေ လုံးဝချုပ်ငြိမ်းသွားမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံဟာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာမှာ အသေအချာပါပဲ။

**လက်တွေ့ကျသောခြေလှမ်းများနှင့် ဘတ်ဂျက်ရန်ပုံငွေများ**

နိုင်ငံတော်သမ္မတကြီးအနေနဲ့ ရက်ပေါင်း ၁၀၀ အတွင်းမှာတင် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွေကို လက်တွေ့ကျကျ လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ ဘာကြိုတင်ကန့်သတ်ချက်မှ မထားပါဘူး။ တိုင်းရင်းသားလက်နက်ကိုင် မည်သည့်အဖွဲ့အစည်းမဆို ငြိမ်းချမ်းရေးစားပွဲဝိုင်းကိုလာဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ထားတာပါ။

ဒါ့ပြင် နိုင်ငံတော်အစိုးရဟာ နှုတ်ကတင်ငြိမ်းချမ်းရေးကို ဖိတ်ခေါ်နေတာမဟုတ်ဘဲ လက်တွေ့ဒေသဖွံ့ဖြိုးရေးအတွက် ကိန်းဂဏန်းအထောက်အထားတွေနဲ့ပါ သက်သေပြနေပါတယ်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှာတင် နယ်စပ်ဒေသဖွံ့ဖြိုးရေးဆပ်ကော်မတီ ခုနစ်ခုအတွက် ရန်ပုံငွေ ၁၃၉၇ ဘီလီယံနဲ့ ဒေသဆိုင်ရာလုပ်ငန်းကော်မတီ ကိုးခုအတွက် ရန်ပုံငွေ ၆၄၃ ဒသမ ၆၈ ဘီလီယံထိ ခွင့်ပြုထားပြီးဖြစ်ပါတယ်။

အနှစ်ချုပ်ဆိုရရင်တော့ တည်ငြိမ်အေးချမ်းမှုဆိုတဲ့အုတ်မြစ် ခိုင်ခိုင်မာမာတည်ရှိမှသာ ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ အဆောက်အအုံတစ်လုံး ရုပ်လုံးပေါ်လာမှာပါ။ ဒါကြောင့် နိုင်ငံတော်အစိုးရက တစ်ဖက်ကနေ ငြိမ်းချမ်းရေးလက်ကမ်းရင်း အခြားတစ်ဖက်ကနေ ဘတ်ဂျက်တွေ အလုံးအရင်းနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အားသွန်ခွန်စိုက် လုပ်ဆောင်ပေးနေတာ ဖြစ်ပါတယ်။ ဒီအချိန်ဟာ ကျွန်တော်တို့နိုင်ငံအတွက် "ရေလည်းမြင့်စေ၊ ကြာလည်းတင့်စေ" ဆိုသလို အလွန်အရေးကြီးတဲ့ အခွင့်အလမ်းတစ်ရပ်ဖြစ်တာကြောင့် ငြိမ်းချမ်းရေးအလင်းတံခါးများမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ခြင်းဆီသို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လျှောက်လှမ်းကြရမဲ့ အချိန်အခါကောင်းဖြစ်ပါကြောင်း လှိုက်လှဲသောဆန္ဒမွန်နဲ့ ရေးသားတင်ပြလိုက်ရပါတယ်။

# တည့်တည့်ကြည့်မြင်

ဗညားကျန်းထော

လောကကြီးမှာ ကျွန်ုပ်တို့ပြုပြင်စီရင်၍ရသည့် အရာများလည်းရှိ၏။ မိမိတို့ချုပ်ကိုင်နိုင်စွမ်း၊ စီမံဖန်တီးနိုင်စွမ်း၊ ပြုပြင်ပြောင်းလဲနိုင်စွမ်းမရှိလေသော ပြင်ပအရာများလည်း များစွာရှိပေသေး၏။ ရှိပါစေလေ။

နွေသည် နွေအလျောက်၊ မိုးသည် မိုးအလျောက်၊ ဆောင်းသည်ဆောင်းအလျောက် သူ့အချိန်အခါရောက်ပြီဆိုလျှင်တော့ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သူ့အလှည့်မှာသူက မင်းမူနေရာယူလေ၏။

"နေမင်းက ပူပြင်းလှချေရဲ့"ဟု ညည်းညူမနေနှင့်။ "မိုးကလဲ ရွာနိုင်ရန်ကောနော်။ မိုးလုံးပြည့်ပဲ။ ဆောင်းကလည်း မြောက်လေအေးက လွန်ကဲပ့ါ။"

နေပူလျှင် ထီးဆောင်းသွား။

မိုးရွာနေလျှင် မိုးကာဝတ်။

ဆောင်းအအေးကို အနွေးထည်ဖြင့်ကာကွယ်။

**မိမိမပိုင်နိုင်သော သဘာဝတရားကိုကား ငြူစူရန်လုပ်မနေသင့်။ မိမိ၏ မကျေနပ်မှုပူလောင်ခြင်းသည် မိမိကိုယ်ကိုလောင်မြိုက်ရုံမှတစ်ပါး ဘာမျှအကျိုးမရရှိ။**

အကျိုးမရှိတာတွေကို လုပ်မနေလေနှင့်။ မိမိပြောင်းလဲပြုပြင်နိုင်သောအရာ မဟုတ်သော အကြောင်းအချက်များကိုဆုပ်ကိုင်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ မျက်ခုံးမွေး ဘာလို့ပေါက်တာလဲ။ မုတ်ဆိတ်မွေးမပေါက်အောင် ဘာလုပ်ရင်ကောင်းမလဲ။ အရေးမပါသည့်အကြောင်းအချက်များကို အရာလုပ်ပြီး အချိန်တွေဖြုန်းနေကြသူတွေ များလှ၏။

မိမိနှင့်မဆိုင်တာတွေ ဝင်ပြောနေ၏။ မိမိအလုပ်မဟုတ်ဘဲနှင့် ဝင်ရောနေ၏။ မိမိအတွက် ကောင်းကျိုးမရှိတာတွေကို ဝင်ပါပြီး လုပ်ဆောင်နေ၏။ ဆင်ခြင်ချင့်ချိန်သင့်ပေပြီ။ မိမိအရေးမဟုတ်သော ကိစ္စတွေနှင့် ရေးကြီးခွင်ကျယ်လုပ်ပြီး အချိန်ကုန်နေကြ၏။

ကိုယ့်နေရာက ဘယ်နေရာလဲမသိ။ ကိုယ့်အဓိကတာဝန်က ဘာလဲသတိမထား။ ကိုယ့်ရည်မှန်းချက်က ဝေဝေဝါးဝါး။ ကိုယ့်ဦးတည်ချက်က ခိုင်ခိုင်မာမာမရှိ။

တစ်နေ့ပြီးတစ်နေ့၊ တစ်လပြီးတစ်လ၊ အချိန်တွေ ရွေ့လျားကာ အသက်ကသာ တစ်နှစ်ပြီးတစ်နှစ်ကြီးရင့်သွားသည်။ တန်ဖိုးရှိသောအလုပ်ဟူ၍ကား မည်မည်ရရမရှိခဲ့။

လောကကောင်းကျိုးပြုသူများက တစ်ခုခုတော့ လုပ်ဆောင်နေကြ၏။ လုပ်ဆောင်ရမှာဖြစ်၏။

**ကုန်ထုတ်လုပ်ငန်း**

စားစရာတွေစိုက်ပျိုးသည်၊ ဝတ်စရာတွေထုတ်လုပ်သည်။ သူက လယ်ကွင်းယာပြင်မှာ နေပူပူမိုးရွာရွာ လုပ်ကိုင်ဆောင်ရွက်နေသည်။ တောင်သူလယ်သမား၊ အလုပ်သမား။

**ကုန်သွယ်လုပ်ငန်း**

စားစရာ၊ ဝတ်စရာ၊ နေစရာပစ္စည်းအမျိုးမျိုး၊ အကြီးအသေး အမျိုးမျိုးတို့ကို တစ်နေရာမှတစ်နေရာသို့ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် ပို့ဆောင်သည်။ သယ်ယူသည်။ ရောင်းချသည်။ ဝယ်ယူသည်။ ဖြန့်ဖြူးသည်။

**ဝန်ဆောင်လုပ်ငန်း**

လုံခြုံအောင်၊ အေးချမ်းအောင်၊ နည်းလမ်းတကျနေထိုင်၊ လုပ်ကိုင်၊ အနားယူ၊ ပျော်ရွှင်အောင်တာဝန်ယူကြသည်။ ဖျော်ဖြေမှုသဘောသက်ရောက်သော အားကစားသမားများလည်း ကြည့်ရှုသူများကို ဝန်ဆောင်မှုပေးခြင်း တစ်နည်းတစ်လမ်းပင်ဖြစ်၏။ ရှုံးပွဲမရှိဘဲ နိုင်ပွဲ ၄၀ ကျော်ထိုးသော မေဝယ်သာသည် တစ်ပွဲလျှင် ဒေါ်လာသန်း ၄၀၀ ရသူဖြစ်၏။ နိုင်ပွဲပေါင်း ၆၂ ပွဲထိုးခဲ့သော ဖိလစ်ပိုင်နိုင်ငံသား၊ ဝိတ်တန်းအဆင့် ရှစ်ခုစလုံး ချန်ပီယံရွှေခါးပတ်ရသူ မန်နီပက်ကွီယိုသည် ဒေါ်လာသန်းပေါင်းများစွာ ချမ်းသာကြွယ်ဝသူဖြစ်နေ၏။ ဘောလုံးပဲကန်ကန်၊ လက်ဝှေ့ပဲထိုးထိုး ကြည့်သူကိုစိတ်ပျော်ရွှင်ကျေနပ်အောင်လုပ်ဆောင်နိုင်လျှင် အောင်မြင်သောဖျော်ဖြေသူပင်ဖြစ်၏။ ဘောလုံးသမား ပီလီ၊ မာရာဒိုနာ၊ လီယွန်နယ်မက်ဆီ၊ ခရစ်စတီယာနိုရော်နယ်ဒို စသောသူတို့သည် ဝန်ဆောင်မှုဖြင့် သူ့နိုင်ငံဂုဏ်ကို ဆောင်သူများပေတည်း။ ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးတို့ကား အဓိကကျသော ဝန်ဆောင်မှုလုပ်ငန်းဆောင်တာများတည်း။

ကျွန်ုပ်တို့ဘဝ မတိုးတက်ခြင်းသည် ဟိုလူသည်လူအုပ်ချုပ်သူတို့ကိုလက်ညှိုးထိုး၍ အပြစ်တင်ရန်သာ စဉ်းစားနေတတ်ကြသည်။ အုပ်ချုပ်သူများဆိုသည်ကား သူ့အလုပ်သူလုပ်သွားကြသည်သာ။ အပြစ်ပြောနေခြင်းဖြင့် သူတို့အတွက် ဘာမှထူးခြားပြောင်းလဲစရာမရှိ။ သေသူက သေသွားခဲ့ပြီ။ အိုသူက အိုမင်းယိုယွင်းနေကြပြီ။ လက်ရှိ တာဝန်ယူလုပ်ဆောင်နေသူများသည်လည်း ထိုက်သင့်လျောက်ပတ်သောပြည်သူလူထုထောက်ခံအားပေးခြင်းဆန္ဒမဲအရ သူတို့စွမ်းသမျှနိုင်သမျှလုပ်ဆောင်နေကြခြင်းသာ။ အချိန်တန်လျှင်.....။

အုပ်ချုပ်သူများအားလုံး ကောင်းသည်ဟုကား မဆိုလိုပေ။ လွန်ခဲ့သော ၂၀ ရာစုအလယ်ပိုင်းကာလဆီက တရုတ်နိုင်ငံမှာ ချန်ကေရှိတ်(ကူမင်တန်ပါတီ)နှင့် မော်စီတုံး၊ လူရှောက်ချီ၊ ချောင်အင်လေး၊ အိန္ဒိယနိုင်ငံမှာ ဂျဝါဟာလာနေရူး စသည်ဖြင့်ခေါင်းဆောင်များ ဆင်းရဲသားလူတန်းစားများပြားသောနိုင်ငံများကို အခက်အခဲအမျိုးမျိုးကြားက နှစ်ပေါင်း ၅၀၊ ၆၀ ကြာသောအခါ အစာရေစာငတ်မွတ်၍ သေကျေရသူ၊ ထမင်းမစားရလို့ သေဆုံးရသူမရှိအောင် သူတို့နိုင်ငံသားသန်းပေါင်း ၁၀၀၀ ကျော်ကိုမြှင့်တင်ထူထောင်နိုင်ကြသည်။ သမိုင်းစဉ်မျက်မြင်အခြေအနေပင်။ အကောင်းအဆိုးသင်ခန်းစာတွေ။

မိမိတို့နိုင်ငံသည် တစ်ပါတီစနစ်နှင့်လည်းဆိုရှယ်လစ်လမ်းစဉ်ဖြင့် တည်ဆောက်ခဲ့ဖူးသည်။ ပါတီစုံစနစ်နှင့်လည်း ယနေ့အထိ ဆောင်ရွက်နေဆဲပင်ဖြစ်သည်။ ခေါင်းဆောင်များလည်း မိမိတို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးရန် အဘက်ဘက်က ကြိုးစားဆဲပင်။

**မိမိမပိုင်တာတွေနှင့် အချိန်မကုန်သင့်။**

**မိမိမဆိုင်တာတွေနှင့် အချိန်မဖြုန်းသင့်။**

အပြော၊ အရေး၊ **အပြစ်တင်စကားများဖြင့် နိုင်ငံတိုးတက်အောင် မစွမ်းဆောင်နိုင်ပေ။**

**ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းလုပ်ဆောင်ကြခြင်းဖြင့်သာ တိုင်းပြည်တိုးတက်လာပါမည်။** မိမိမပိုင်သော၊ မဆိုင်သောအရာများကို တစ်ယောက်တစ်ပေါက်အပြစ်ရှာ၊ အပြစ်ဖို့၊ ဆဲဆို၊ စော်ကား(လက်ကိုင်ဖုန်းထဲမှာ) မဟုတ်မတရားပြောဆိုရေးသားနေခြင်းများသည် အလွန်လွဲမှားစွာဖြင့် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများကို နစ်မွန်းဆုတ်ယုတ်စေခဲ့လေပြီ။ တော်ရမည့်အချိန်ရောက်ခဲ့ပြီ။

**❖ နိုင်ငံတွေတိုးတက်အောင် စွမ်းဆောင်သည်မှာ သူတို့နိုင်ငံသား ပြည်သူပြည်သားများပါ။ နိုင်ငံများ ပြိုကွဲကျရှုံးအောင် လုပ်ဆောင်ခဲ့ကြသည်မှာလည်း သူ၏ ပြည်သူများပဲဖြစ်ပါ၏။ နိုင်ငံရေးအုပ်ချုပ်ရေးကို ခေါင်းဆောင်သောသူက အဓိကမကျပေဘူးလားဟု မေးစရာရှိပါ၏။ အရေးကြီးသည်ကား မှန်ပါ၏။ သူတစ်ဦးတည်းတော်ရုံဖြင့် တော့မရနိုင်။ သူတစ်ယောက်သာကောင်းနေရုံနှင့်မပြီးပေ။ လူတိုင်းလူတိုင်းက ကိုယ့်သမိုင်းကိုယ်ရေး၏။ နိုင်ငံသားများထဲမှ စိတ်လိုလက်ရ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများကလည်း နိုင်ငံတော်ကို ကောင်းအောင်၊ တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဆောင်လိုသော စံနမူနာပြကောင်းမွန်သည့်သဘောထားရှိထားရန် လိုအပ်ပေသေးသည်။ ❖**

အထူးသဖြင့် ဖုန်းထဲတွင်အမုန်းစကားများ၊ ရန်လိုတိုက်ခိုက်မှုများ၊ ရိုင်းစိုင်းကြမ်းတမ်းစွာပုတ်ခတ်စော်ကားခြင်းများသည် မည်သူ့မျှကောင်းကျိုးမရခဲ့သည်သာမက လူတစ်ဦးချင်းစီ၏ စိတ်ချမ်းသာမှု၊ အေးချမ်းမှု၊ ပျော်ရွှင်သာယာနိုင်မှုကို ဆိုးရွားစွာပင် ပျက်စီးစေခဲ့ကြလေပြီ။

စာရေးသူသည် ဩဝါဒပေးရမည့်ရဟန်းသံဃာလည်းမဟုတ်ပါ။ စာဖတ်သူကို အကြံပေးပြုပြင်ရမည့် မိဘ၊ ဆရာသမား၊ ရပ်ရွာက ဆယ်အိမ်မှူး၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးလည်းမဟုတ်ပါ။ သို့ရာတွင် သာမန်သတင်းစာဆရာ၊ စာရေးသူအနေဖြင့် အသက်မွေးနေသည့်စာရေးဆရာတစ်ယောက်အနေနှင့်ကား မိမိကိုချစ်ခင်လေးစားသူ စာဖတ်ပရိသတ်ကိုတင်ပြရန် တာဝန်ရှိပါ၏။

အုပ်ချုပ်သူများကို ကြည့်မနေနှင့်ဟု မဆိုလိုပါ။ ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်နေသည့်နိုင်ငံတွင် မဲဆန္ဒရှင်ပြည်သူလူထုက လျှို့ဝှက်ဆန္ဒမဲဖြင့် လွတ်လပ်စွာမဲပေး၊ ထောက်ခံတင်မြှောက်လိုက်သော လူထုကိုယ်စားလှယ်များကို ရင်းနှီးပွင့်လင်းစွာအကြံဉာဏ်ပေးခြင်း၊ ပြုပြင်ဝေဖန်ခြင်းများ ရေးခွင့်ပြောခွင့်ရှိပါသည်။ သို့ရာတွင် မှန်မှန်ကန်ကန်ရေးမှပြောမှ အကျိုးရှိပါမည်။ ပြောသူစကားက ထိရောက်ပါလိမ့်မည်။ နားဝင်လက်ခံစရာ မရေးသားမပြောဆိုဘဲ နားခါးအောင်၊ ငြင်းပယ်ချင်အောင်လုပ်လျှင်ကား သူလည်း လူပဲ။ မှန်ကန်သောစကား၊ အကျိုးရှိသောစကား၊ တရားမျှတသောစကား၊ အချိန်အခါအခြေအနေနှင့်ဆီလျော်သည့် စကားမျိုးပင်ဖြစ်စေဦး ပြည်သူ့ကိုယ်စားလှယ်အမတ်မင်း နားဝင်ချိုအောင်၊ လုပ်ဆောင်ချင်အောင်၊ လက်ခံချင်အောင်တော့ ပြောရန်ကား ပြောပြသူမှာသာတာဝန်ရှိသည် မဟုတ်ပါလား။ ထိရောက်မှုရှိစေချင်ပါ၏။

ပြည်သူများကလည်း ကောင်းမွန်မှန်ကန်သော၊ တရားမျှတသော၊ ကောင်းကျိုးရရှိစေမည့် အကြံကောင်း၊ ဉာဏ်ကောင်း၊ နည်းလမ်းကောင်းများကို ဆွေးနွေးအကြံပေးနိုင်ကြမည်။ လွှတ်တော်အဆင့်ဆင့် ပြည်သူ့ကိုယ်စားလှယ်ကြီးများကလည်း ပြည်သူ့အသံကို မှန်မှန်ကန်ကန်ထုတ်ဖော်တင်ပြနိုင်ကြမည်ဆိုလျှင် ပြည်သူတင်မြှောက်ခဲ့သော အုပ်ချုပ်သူအစိုးရသည် ကောင်းသည်ထက်ကောင်းအောင် စီမံလုပ်ဆောင်နိုင်ပေလိမ့်မည်၊ မလွဲသေချာပါ။ ကမ္ဘာ့သမိုင်းကိုကြည့်ပါ။

**နိုင်ငံတွေတိုးတက်အောင် စွမ်းဆောင်သည်မှာ သူတို့နိုင်ငံသား ပြည်သူပြည်သားများပါ။**

**နိုင်ငံများပြိုကွဲကျရှုံးအောင် လုပ်ဆောင်ခဲ့ကြသည်မှာလည်း သူ၏ ပြည်သူများပဲဖြစ်ပါ၏။**

နိုင်ငံရေးအုပ်ချုပ်ရေးကိုခေါင်းဆောင်သောသူက အဓိကမကျပေဘူးလားဟု မေးစရာရှိပါ၏။ အရေးကြီးသည်ကား မှန်ပါ၏။ သူတစ်ဦးတည်းတော်ရုံဖြင့် တော့မရနိုင်။ သူတစ်ယောက်သာကောင်းနေရုံနှင့် မပြီးပေ။ လူတိုင်းလူတိုင်းက ကိုယ့်သမိုင်း ကိုယ်ရေး၏။

နိုင်ငံသားများထဲမှ စိတ်လိုလက်ရ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် **နိုင်ငံ့ဝန်ထမ်းများကလည်း နိုင်ငံတော်ကို ကောင်းအောင်၊ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်လိုသော စံနမူနာပြကောင်းမွန်သည့် သဘောထားရှိထားရန် လိုအပ်ပေသေးသည်။**

နိုင်ငံ့ဝန်ထမ်းများသည် အလုပ်လျှောက်လွှာမတင်ဘဲ နိုင်ငံ့တာဝန်ယူရသည့် အရာရှိလောင်း၊ အရာရှိဟု မရှိပါ။ မိမိကိုယ်တိုင်က "အထက်မှပေးအပ်လာသည့် တာဝန်နှင့်ဝတ္တရားများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သစ္စာရှိစွာထမ်းဆောင်ပါမည်"ဟု သစ္စာကျိန်ဆိုကတိပြုပြီး အလုပ်ခွင်ဝင်ခဲ့ကြသူများဖြစ်ပါသည်။

နိုင်ငံကောင်းအောင်လုပ်ဆောင်ရမည်မှာ နိုင်ငံသူ၊ နိုင်ငံသားအများက စည်းလုံးညီညာစွာကျရာနေရာက သစ္စာရှိစွာ ထမ်းဆောင်ကြရမှာဖြစ်ပါ၏။ သစ္စာပျက်သူ၊ သစ္စာမဲ့ဝန်ထမ်းတွေကြောင့် အစိုးရဆေးရုံ၊ ဆေးခန်းများတွင် ဆရာဝန်၊ သူနာပြုဝန်ထမ်းများမရှိသဖြင့် (ထိုအချိန်က ကူးစက်မြန်ကိုဗစ်အဆုတ်ရောဂါကပ်ဘေးဆိုးကြီးကျရောက်နေဆဲ)ရက်ပိုင်းအတွင်း အသက်ရှူကျပ်ကာ အသက်ဆုံးရှုံးခဲ့ရသည့် အနယ်နယ်အရပ်ရပ်ရှိ မိသားစုများကား (အရေအတွက် အတိအကျမသိရသော်လည်း) ရင်နာကြေကွဲစရာ သမိုင်းသင်ခန်းစာဖြစ်ခဲ့ပါ၏ ။ ထို့အတူ Disloyalty Civil Servant(DCS)ပြုလုပ်၍ စာသင်သားတပည့်များကိုပစ်ခွာထားကာ အစိုးရစာသင်ကျောင်း၌ ဆရာ၊ ဆရာမများမရှိခြင်းကြောင့် ပညာရေးအခက်အခဲအဖုအထစ် ကြီးမားစွာဖြစ်ခဲ့ခြင်းကား စိတ်ကုန်ခံပြင်းစရာ ဆိုးရွားသော ဒဏ်ရာပေတည်း။

တိုင်းပြည်ဆိုသည်မှာ မိမိပြည်သူထဲက ရွေးချယ်တင်မြှောက်ခံရသူက အုပ်ချုပ်သူများတာဝန်ကို ယူကြရသည်မှန်သော်လည်း အရင်းအမြစ်ပြည်သူပြည်သားများကိုယ်တိုင်က အောက်ပါအရည်အချင်းနှစ်ရပ်မဖြစ်မနေပြည့်စုံပါမှသာ တိုးတက်ဖွံ့ဖြိုးသာယာအေးချမ်းသည့်နိုင်ငံတစ်နိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

**၁။ တိုင်းပြည်ကောင်းစားရေးကို မိမိအစွမ်းကုန်ပါဝင်လုပ်ဆောင်မည်ဟူသော ဆန္ဒထက်သန်မှု(Enthusiasm)**

**၂။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် မိမိကျရာအလုပ်တာဝန်၊ လုပ်ငန်းဆောင်တာကို ပိုင်နိုင်ကျွမ်းကျင်စွာ စွမ်းဆောင်တတ်ခြင်း(Professional Skill)**

တိုင်းပြည်ကောင်းစားရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေးတို့ကို ပြည်သူပြည်သားတိုင်း (တစ်ဦးချင်းစီမှာ) အထက်ပါအရည်အသွေး ရှိလာကြစေရန်မှာ အစိုးရအရာရှိကြီးများနှင့် ပြည်သူ့ကိုယ်စားလှယ်အားလုံးက (လူမြင်ကွင်းစင်ပေါ်ရောက်နေကြသူများပီပီ) စံနမူနာပြခေါင်းဆောင်ကောင်းများအနေဖြင့် ပြသလုပ်ဆောင်နေကြခြင်းအပေါ် တည်မှီနေပါသတည်း။ တည့်တည့်ကြည့်မြင်တတ်လျှင် မြင်ကြရပါမည်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၅၇၆၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၅၇၆၅ ဧကထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀၅ ဒသမ ၁၂ တင်းထွက်ရှိခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စပါးဧက ၁၂၂၀၀ စိုက်ပျိုးခဲ့ပြီး အဆိုပါစပါးစိုက်ခင်းများကို ယခုနှစ်ဇွန်လမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၅၇၆၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀၅ ဒသမ ၁၂တင်း ထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စပါးဧက ၁၂၂၀၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေကို ဇွန်လက စတင်ရိတ်သိမ်းခဲ့ရာမှာ ဒီနေ့ထိ ၅၇၆၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးရိတ်သိမ်းတာနဲ့ ပတ်သက်ပြီး အထွက်နှုန်း လျော့နည်းမှုမဖြစ်အောင် အချိန်မီရိတ်သိမ်းကြဖို့နဲ့ ရိတ်သိမ်းပြီး စပါးတွေကို အရည်အသွေးကောင်းမွန်အောင် စနစ်တကျ သိုလှောင်သိမ်းဆည်းကြဖို့ နည်းပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက တစ်ဧကအထွက်နှုန်းတိုးတက်စေရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းနှင့် တောင်သူအသိပညာပေး ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကျုံပျော်မြို့နယ် ကြံလဟာမြောက်ကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ကျုံပျော် ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းသာကြီး ကျေးရွာအုပ်စု ကြံလဟာမြောက် ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းကွန်ကရစ် တံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစန္ဒာဌေးနှင့် ဝန်ထမ်းများကကျေးရွာ ကော်မတီဝင်များနှင့်အတူ ကြံလဟာမြောက် ကျေးရွာ၌ကွန်ကရစ် တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များအနေဖြင့် ဆောင်ရွက်ပြီး ကွန်ကရစ်တံတား ရေရှည်အသုံးပြုနိုင်ရေး လိုအပ်သည်များကို ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

ကျုံပျော်မြို့နယ် ကြံလဟာမြောက်ကျေးရွာ၌ အရှည် ပေ ၂၀၊ အကျယ် ရှစ်ပေ၊ အမြင့် ကိုးပေရှိ ကျေးရွာတွင်း ကွန်ကရစ် တံတားတည်ဆောက်ခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ ကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၁၅ သန်း စုစုပေါင်းငွေကျပ်သန်း ၃၀ ဖြင့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေ ၂၃ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစန္ဒာဌေးထံမှ သိရသည်။ **ကိုညို**

## အသည်းရောင်အသားဝါ (အေ)နှင့် (အီး)ရောဂါ

- အလွယ်တကူ ကူးစက်တတ်၍ ကပ်ရောဂါအသွင် အစုလိုက်အပြုံလိုက် ကူးစက်ဖြစ်ပွားနိုင်ပါသည်၊

### ကူးစက်နိုင်သော နည်းလမ်းများ



ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသော ရေ၊ အစားအစာနှင့် လက်တို့မှတစ်ဆင့် ကူးစက်နိုင်ပါသည်၊

- စင်ကြယ်စွာဆေးကြောမထားသည့် ဟင်းသီးဟင်းရွက်များနှင့် ကျက်အောင်မချက်ထားသော အသား၊ငါးများကို စားသောက်ခြင်း၊





- အသည်းရောင်အသားဝါ (အေ)နှင့် (အီး)ရောဂါပိုးရှိသူ လူနာနှင့် အကာအကွယ်မဲ့ အနီးကပ်ထိတွေ့ခြင်း၊ ပြုစုခြင်း၊

## အသည်းရောင်အသားဝါ (ဘီ) နှင့် (စီ)ရောဂါ

- နာတာရှည်အသည်းရောဂါဖြစ်ပွားနိုင်ခြင်းကြောင့် အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာတို့ ဆက်လက်ဖြစ်ပွားရာမှ အသက်အန္တရာယ် ထိခိုက်သည်အထိ ဖြစ်ပွားနိုင်ပါသည်၊

### ကူးစက်နိုင်သော နည်းလမ်းများ



အသည်းရောင်အသားဝါ (ဘီ)နှင့် (စီ) ရောဂါပိုးပါဝင်သည့် သွေးသွင်းမိခြင်းနှင့် စန္ဒာကိုယ်အစိတ်အပိုင်းများ၊ အစားထိုးကုသမှုခံယူခြင်း၊



ရောဂါပိုးရှိသူ အသုံးပြုပြီးသော ဆေးထိုးအပ်များဖြင့် ဆေးထိုးခြင်း၊ ဆေးထိုးအပ်နှင့် ဆေးထိုးပြွန်များကို မျှဝေသုံးစွဲခြင်း၊



ပိုးသတ်မထားသော အပ် အစရှိသည့် ချွန်ထက်သော ပစ္စည်းများကို အသုံးပြုခြင်း၊ (ဥပမာ - တက်တူးထိုးခြင်း၊ နားဖောက်ခြင်း၊)



ရောဂါပိုးရှိသော မိခင်မှတစ်ဆင့် ကလေးသို့ကူးစက်ခြင်း၊



ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း၊

အသည်းရောင်အသားဝါ (ဒီ)ရောဂါသည် အသည်းရောင်အသားဝါ (ဘီ)ရောဂါပိုးရှိသူများတွင်သာ ကူးစက်ခံရနိုင်ပြီး ရောဂါပိုးကူးစက်ခံရပုံမှာလည်း အသည်းရောင်အသားဝါ (ဘီ) ကဲ့သို့ပင် ဖြစ်သည်၊

## အသည်းရောင်အသားဝါ ရောဂါ၏ လက္ခဏာများ



ဖျားခြင်း၊



ပျို့အန်ခြင်း၊



ဗိုက်အောင့်ခြင်း၊



ဝမ်းပျက်ဝမ်းလျှော ဖြစ်ခြင်း၊



မောပန်းနွမ်းနယ်ခြင်း၊



အစားအသောက် ပျက်ခြင်း၊



မျက်လုံးဝါခြင်း၊ အသားဝါခြင်း၊



ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်း၊



အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း၊

ရောဂါပိုးရှိသူတိုင်းမှာ ရောဂါလက္ခဏာများအားလုံး မရှိနိုင်ပါ၊ သာမန်လက္ခဏာမှ ပြင်းထန်သောလက္ခဏာများ အထိ တစ်ဦးနှင့်တစ်ဦး ရောဂါလက္ခဏာများ ကွဲပြားနိုင်ပါသည်၊

**ပြင်းထန်စွာအသည်းရောင်ပါက ရုတ်တရက်အသည်းပျက်စီး၍ အသက်အန္တရာယ်ထိခိုက်နိုင်ပါသောကြောင့် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံး သွားရောက်ပြသပါ၊**

၂ ၃ ၄








## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၇)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂၃/ခ)၊ ဦးပိုင်အမှတ်(၂၂)ရှိ မြေကွက်ပေါ်တွင် ဦးတင်ညွန့်၊ ဒေါ်ခင်ထွေး (သား) ဦးထွန်းလှိုင်(၉/မခန(နိုင်)၀၈၉၀၃၇)ကိုင်ဆောင်သူမှ (အလျား ၂၁'-၀"၊ အနံ ၂၈'-၀")ရှိ အိမ် (၂)ထပ် အဆောက်အဦး ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ 117 A လမ်း၊ 61 B လမ်း၊ အမှတ် 87 နေ စိုးလင်း (ဘ) ဦးကိုကို(၉/မထလ(နိုင်)၂၁၃၉၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-854357)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402647355**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-7 တွင် ပညာသင်ကြားနေသော မောင်စည်သူထွေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးထွေး** ဖြစ်ပါကြောင်း။

**ဦးထွေး(၉/မတရ(နိုင်)၀၈၂၆၈၀)**

## အမည်ပြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အောင်သရဖူခေတ်ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်ထိန်လင်း၏သမီး မမိုးမြင့်သော်တာအား **မမေသဒ္ဒါကျော်**ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမေသဒ္ဒါကျော်**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ရှားတောလေးကျေးရွာနေ ဦးခင်မောင်တိုး + ဒေါ်သန်းသန်းနွဲ့တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်တိုး (ဘ) ဦးဘိုလေး(၉/အမရ(နိုင်)၀၀၁၈၁၂)နှင့် ဒေါ်သန်းသန်းနွဲ့ (ဘ) ဦးမှုန်ကြီး(၉/အမရ(နိုင်)၀၂၉၄၃၂)ကိုင်ဆောင်သူတို့၏ သမီးအရင်းဖြစ်သည့် မမိုးပွင့်ဖြူ(၉/အမရ(နိုင်)၀၄၈၅၂၅)သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိဘများအား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်ခဲ့ပြီး နေအိမ်မှ ဆင်းသွားခဲ့ပါသဖြင့် ၎င်းအား ယနေ့သတင်းစာကြေညာပါသည့်ရက်မှစ၍ သားသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးခင်မောင်တိုး (ဘ) ဦးဘိုလေး**
(၉/အမရ(နိုင်)၀၀၁၈၁၂)

**ဒေါ်သန်းသန်းနွဲ့ (ဘ) ဦးမှုန်ကြီး**
(၉/အမရ(နိုင်)၀၂၉၄၃၂)

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးမိုးအောင်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၂)
ဘုန်းတော်နိုင်ငံရပ်၊ အမရပူရမြို့။
09-797433084

**ဒေါ်ဖြိုးဝေလင်း LL.M(Advocate)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၄၅/၁၃-၁၁-၁၈)
ထန်းတပင်(၅)၊ အမရပူရမြို့။
09-259086554

## ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ နယ်မြေ(၄)နေ ကိုမင်းလတ် (ဘ) ဦးသန်းရှိန်(၁/မကန(နိုင်)၁၇၈၂၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MK-545918)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-890651838**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ရွှေအိမ်စံကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးမြင့်ဦး၏သမီး **မမေသဒ္ဒါမိုးမြင့်**နှင့် **မသဒ္ဒါမိုးမြင့်**မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မမေသဒ္ဒါမိုးမြင့်နှင့် မသဒ္ဒါမိုးမြင့်**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓမ္မယျဉ္ဇာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ၃၃ ကေဗွီ သာဝတ္ထိဓာတ်အားလိုင်း ထရန်စဖော်မာလဲလှယ်တပ်ဆင်ခြင်း လုပ်ငန်း ဓာတ်အားပိတ် ဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် သာဝတ္ထိမြို့ရှိ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ သာဝတ္ထိဓာတ်အားခွဲရုံတွင် နှစ်စဉ်တိုးတက်လာသည့် မီးသုံးသူဦးရေအရ ထရန်စဖော်မာချို့ယွင်းလောင်ကျွမ်းမှုများ မဖြစ်ပေါ်စေရေးနှင့် လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေထရန်စဖော်မာကို ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေထရန်စဖော်မာဖြင့် လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သည်။ စာမျက်နှာ ၂၆ ကော်လံ ၁ ❖

## ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်းဆောင်ရွက်ပြီးပါက ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းနှင့် မြို့ပြရပ်ကွက်ကြီး(၉၊ ၁၆၊ ၁၇၊ ၁၈)တို့၏ အနာဂတ်ရေလိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားနိုင်မည်

နေပြည်တော် ဇူလိုင် ၂၀

ပိုးစာမျိုးများမျိုးစပ်ခြင်းသုတေသနနှင့် ပိုးမျိုးများ မျိုးစပ်ခြင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုးစာမျိုးအလိုက်၊ ပိုးမျိုးအလိုက် ပိုးချည်အရည်အသွေးပေါ်သက်ရောက်မှုကိုပါ တစ်ပါတည်းဆောင်ရွက်ရန်၊ ပိုးမွေးမြူရေးအနေဖြင့် လက်ရှိတွင် ပြည်ပသို့ ပိုးအိမ်ခြောက်အဖြစ် တင်ပို့ရောင်းချခြင်းကိုသာ အဓိကဆောင်ရွက်လျက်ရှိသော်လည်း ရေရှည်တွင် ပိုးချည်နှင့် ပိုးအိမ်မှ ထွက်ရှိသည့် ကုန်ချောများ ထုတ်လုပ်နိုင်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောကြားသည်။

စာမျက်နှာ ၂၆ ကော်လံ ၁ ☆



## PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ပခုက္ကူမြို့နယ် ပေါင်လောင်ကန်ကျေးရွာအနီး မဟာဓာတ်အားလိုင်း တိုင်အမှတ်(၃၃၈)ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဒေသတွင်းလူမှုစီးပွားဘဝများ ထိခိုက်ဆုံးရှုံး



ဇူလိုင် ၁၉ ရက်တွင် ၁၃၂ ကေဗွီ ညောင်ပင်ကြီး-ဗုဒ္ဓကုန်း ဓာတ်အားလိုင်း အကြမ်းဖက်သောင်းကျန်းသူများ၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တာဝါတိုင်အမှတ် (၃၃၈) ပြိုလဲပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇူလိုင် ၂၀

လျှပ်စစ်စွမ်းအားကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ လူနေမှုဘဝမြင့်မားစေရန်နှင့် လူမှုစီးပွားဘဝလုံခြုံတိုးတက်စေရန်အတွက် အဓိကအရေးကြီးသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများနှင့် အချို့သော EAOs အဖွဲ့များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လျှပ်စစ်စွမ်းအားကဏ္ဍနှင့်

စာမျက်နှာ ၂၆ ကော်လံ ၁ ■

## ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး


စာမျက်နှာ - ၅



## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စာမျက်နှာ ၂၂ ကော်လံ ၄ ✱




## ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို လာရောက်ကြည့်ရှုသူဦးရေ ၆ ဒသမ ၈ သန်းထိရှိခဲ့သဖြင့် ပရိသတ်အားပေးမှုအများဆုံးပြိုင်ပွဲဖြစ်လာ

ဝါရှင်တန် ဇူလိုင် ၂၀

အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ မက္ကဆီကိုနိုင်ငံတို့ သုံးနိုင်ငံပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားသည် အဆိုပါဘောလုံးပြိုင်ပွဲတစ်လျှောက် လာရောက်ကြည့်ရှုသူဦးရေ ၆ ဒသမ ၈ သန်းထိရှိခဲ့သဖြင့် ပရိသတ်အားပေးမှုအများဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဖြစ်လာခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။ စာမျက်နှာ ၂၄ ကော်လံ ၁ ◆



## EFG Swiss Open Gstaad တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စတီဖာနို့စ် ဆွတ်ခူး

စာမျက်နှာ - ၈

## အီရန်ပစ်မှတ်များကို အမေရိကန် ဆက်လက်တိုက်ခိုက် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာ

စာမျက်နှာ - ၆